# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လကွယ် ၊ တနင်္ဂနွေနေ့ ၊ (12-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၉၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးတိုက်ကွမ်ဒိုပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေး




**နေပြည်တော် နိုဝင်ဘာ ၁၁**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေ၊ ဦးရွှေကြိမ်နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ၏ Pair အမျိုးသား+အမျိုးသမီး အတွဲပြိုင်ပွဲ၊ကကွက်တစ်ဦးချင်းအမျိုးသားပြိုင်ပွဲ၊ ကကွက်တစ်ဦးချင်း အမျိုးသမီးပြိုင်ပွဲ၊ အသင်းလိုက် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတို့တွင် ပထမဆုရရှိကြသည့် အားကစားသမားများက **စာမျက်နှာ ၁၆ ကော်လံ ၁သို့**

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ငပုတောမြို့နယ်နှင့် ပန်းတောင်းမြို့နယ်တို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက် စာမျက်နှာ - ၂၁

သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ရေဆင်း ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ နိုဝင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်မည် စာမျက်နှာ - ၂၂

သဘာဝဘေးအန္တရာယ်များအကြောင်း သိကောင်းစရာ ဆောင်းပါး စာမျက်နှာ - ၂၀




**မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)**

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကိရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)- ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉၊ ၀၉ ၆၆၉၂၅၉၉၅၄



ရတနာပုံ
၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၂ ရက်
အယ်ဒီတာ့အာဘော်

## မင်းခမ်းတော်ပစ္စည်းများကို လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ရေး

မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော်တွင် ရှေးဘုရင်အသုံးအဆောင်များ(မင်းခမ်းတော်ပစ္စည်းများ) ခင်းကျင်းပြသနိုင်ရေးအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဘုန်းတော်ကြီးကျောင်းများနှင့် ပုဂ္ဂလိကများအနေဖြင့် အထောက်အထားနှင့်တကွ လာရောက်လှူဒါန်းနိုင်ကြောင်း ကြေညာထားသည်ကို တွေ့ရသည်။ မြနန်းစံကျော်ရွှေနန်းတော်သို့ ပြည်သူများ လာရောက်လေ့လာသည့်အခါ သမိုင်းပန်းချီကားများအဖြစ်သာ မြင်တွေ့နေရသည့် ရှေးဘုရင် အသုံးအဆောင်များ (မင်းခမ်းတော်ပစ္စည်းများ)ကို ပြင်ပတွင် ရုပ်ဝတ္ထုအဖြစ် လက်တွေ့ကြည့်ရှုနိုင်အောင် ယခုကဲ့သို့ ကြေညာဆောင်ရွက်ခြင်းမှာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ပြည်သူများ သိရှိတန်ဖိုးထားထိန်းသိမ်းစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သော မြနန်းစံကျော်ရွှေနန်းတော်သည် ကုန်းဘောင်ခေတ်၏ နောက်ဆုံးနန်းတော်ကြီးဖြစ်ပြီး မန္တလေးမြို့၏ နှလုံးသည်းပွတ်ဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မန္တလေးတောင်အနီးတွင်တည်ရှိပြီး ၁၈၅၇ ခုနှစ်တွင် မင်းတုန်းမင်းကြီးက မန္တလေးမြို့ကို တည်ခဲ့စဉ် မြနန်းစံကျော်ရွှေနန်းတော်ကို ဆက်လက်တည်ဆောက်ခဲ့ရာ ယခုအခါ နှစ်ပေါင်း ၁၆၀ ကျော်ပြီဖြစ်ပါသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအငွေ့အသက်များ၊ ရှေးမြန်မာမင်းလက်ထက်က ဝတ်စားဆင်ယင်ပုံများ၊ ရှေးဘုရင်နှင့် မိဖုရားတို့၏ နေ့စဉ် အသုံးအဆောင်နှင့် အလေ့အထများအပါအဝင် သမိုင်းတန်ဖိုး၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တန်ဖိုး၊ ဗိသုကာနှင့် အနုလက်ရာတန်ဖိုးများကို တစ်နေရာတည်း လေ့လာနိုင်သည့် နေရာတစ်ခုဖြစ်ပါသည်။

ယခုအခါ ရှေးဘုရင်များလက်ထက်က အသုံးအဆောင်များကို လာရောက်လေ့လာသူတိုင်း လက်တွေ့မြင်သိလေ့လာကြည့်ရှုနိုင်ရန်အတွက် မိမိတို့လက်ဝယ်တွင် ရှိနေသော မင်းခမ်းတော်ပစ္စည်းများဖြစ်သည့် ရှေးဘုရင်တို့၏ ထီးနန်းစဉ်ဆက် လက်ခံလိုက်နာသုံးစွဲရိုးရှိသော အဆောင်အယောင်များကို အများပြည်သူအကျိုး၊ နိုင်ငံ့အကျိုးရှေးရှု၍ လာရောက်လှူဒါန်းနိုင်ရန် ကြေညာလက်ခံလျက်ရှိပါသည်။ ရှားပါးတန်ဖိုးကြီးမားသော ပစ္စည်းဖြစ်ပါကလည်း ရွေးချယ်စိစစ်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပြန်လည်ပေးအပ်မည်လည်းဖြစ်ပါသည်။

မိမိတို့လက်ဝယ်ရှိ မင်းခမ်းတော်ပစ္စည်းများကို အများပြည်သူကြည့်ရှုနိုင်ရန် လှူဒါန်းခြင်းဖြင့် မိမိနိုင်ငံ၏ သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးတို့ကို မိမိတို့နိုင်ငံသားလူငယ်များ သိရှိလေ့လာနိုင်မည်ဖြစ်ပါသည်။ သမိုင်းတန်ဖိုးကို သိရှိလေလေ နိုင်ငံနှင့်လူမျိုးကို ပိုမိုတန်ဖိုးထားချစ်မြတ်နိုးလေလေဖြစ်လာပြီး စစ်မှန်သော မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထွန်းကားကာ ဇာတိမာန်အပြည့်ဖြင့် မိမိနိုင်ငံနှင့် လူမျိုးကို ဂုဏ်ယူဝင့်ကြွားတန်ဖိုးထားလာမည်ပင်ဖြစ်ပါသည်။

မြနန်းစံကျော်ရွှေနန်းတော်ကြီးနှင့် ပို၍အပ်စပ်သော ယဉ်ကျေးမှုအမွေအနှစ် မင်းခမ်းတော်ပစ္စည်းများသည် နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာများပင်ဖြစ်ပါသည်။ ထို့ကြောင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရန်၊ သဘာဝတရားနှင့် လူတို့အန္တရာယ်မှ ထိထိရောက်ရောက် စနစ်တကျကာကွယ်စောင့်ရှောက်ပေးနိုင်ရန်၊ နိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးကို မြှင့်တင်ပေးရန်အတွက် ကိုယ်ပိုင်ထိန်းသိမ်းထားခြင်းထက် မြန်မာနိုင်ငံသားအားလုံးက မြတ်နိုးတန်ဖိုးထား လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ခွင့်ရရှိစေရန်၊ မြနန်းစံကျော်ရွှေနန်းတော်သို့ အထောက်အထားများနှင့်တကွ လွှဲပြောင်းလှူဒါန်းသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

## မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၁၇၆၀၄၈ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့ဟာ အဖိတ်နေ့ဖြစ်တာကြောင့် မြို့ပေါ်နဲ့ နယ်တွေက လာရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ရွှေသက်န်းကပ်လှူသူတွေ၊ ပန်းကပ်သူတွေ၊ ရေသပ္ပာယ်သူတွေနဲ့ စည်ကားနေပါတယ်။ ပြတိုက်က သမိုင်းဝင်ပြခန်းတွေကိုလဲ ဝင်ရောက်လေ့လာကြတာကို တွေ့ရပါတယ်။ ဘုရားဖူးတွေက ငါးကန်၊ လိပ်ကန်တွေသွားပြီး ငါးစာ၊ လိပ်စာတွေ ကျွေးကြပါတယ်။ ရှုခင်းကောင်းတဲ့နေရာတွေမှာလဲ အလှဓာတ်ပုံရိုက်သူတွေနဲ့ စည်ကားနေကြပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဘုရားဖူးတွေကလဲ အမှတ်တရပစ္စည်းတွေ ဝယ်ယူနေတာကို တွေ့ရပါတယ်။ နေ့ထူးနေ့မြတ်ရက်တွေဆို ဘုရားဖူးဦးရေများပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၁၇၂၁၆၄ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၅၂၈ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၃၅၆ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော် ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

## ရောဝတီမြစ်ကြောင်းတစ်လျှောက်တွင် နိုဝင်ဘာ ၈ ရက်မှစ၍ မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မန္တလေး နိုဝင်ဘာ ၁၁**

ရောဝတီမြစ်ကြောင်းတစ်လျှောက်တွင် နိုဝင်ဘာ ၈ ရက်မှစ၍ မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ မြစ်ကြောင်း တိုင်းတာရေးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းခိုင်ဝင်းက ပြောပြ၍ သိရသည်။

ယခုအခါ ရောဝတီမြစ်အတွင်း ရေနည်းချိန်ကာလသို့ တဖြည်းဖြည်း ရောက်ရှိလာပြီဖြစ်သောကြောင့် နိုဝင်ဘာ ၈ ရက်မှစ၍ မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ မြစ်ရေနည်းချိန်ကာလတွင် သောင်ထွန်းမှုများ စတင်ဖြစ်ပေါ်မည်ဖြစ်သောကြောင့် ရေယာဉ်များအဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရောဝတီမြစ်အတွင်း မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

"ရောဝတီမြစ်အတွင်းရေနည်းချိန်ကာလကို ပြန်ရောက်လာပြီဖြစ်တာကြောင့် ရေယာဉ်တွေ သွားလာရာမှာ အန္တရာယ်ကင်းစေဖို့ ရေကြောင်းကျပ်တည်းပြီး သောင်အများဆုံးဖြစ်ထွန်းနိုင်တဲ့နေရာတွေကို မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်"ဟု ဦးသိန်းခိုင်ဝင်းက ပြောပြသည်။

ရောဝတီမြစ်ကြောင်းတစ်လျှောက် မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် ရေလမ်းကြောင်းများမှာ မန္တလေးမြို့ ရေလမ်းကြောင်း၊ တံတားဦးမြို့နယ် လက်ဆောင်ယူရေလမ်းကြောင်း၊ ပခုက္ကူ ရေလမ်းကြောင်းတို့ဖြစ်ကြောင်း သိရသည်။

"ရောဝတီမြစ်အတွင်း ရေလမ်းကြောင်းတိုင်းတာတဲ့ လုပ်ငန်းမှာ အဓိကကတော့ ရေကျချိန်မှာ ဘယ်နေရာတွေမှာ သောင်အများဆုံးဖြစ်ထွန်းနိုင်တယ်။ ရေအနက်နည်းတဲ့နေရာတွေက ဘယ်နေရာတွေမှာလဲဆိုပြီး ကြိုတင်သိရအောင်လို့ မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းတွေကို ဆောင်ရွက်နေတာပါ" ဟု ဦးသိန်းခိုင်ဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

## မန္တလေးဈေးကွက်အတွင်း ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးဈေးကွက်အတွင်း ဆိပ်ဖြူဘက်မှ ထွက်ရှိသည့် ကြက်သွန်နီများအရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း နိုဝင်ဘာလ ပထမပတ်မှစ၍ ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ ဆက်တိုက်အဝယ်လိုက်လျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီများကို ဝယ်ယူမှုများပြားသဖြင့် အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ အခုလက်ရှိ ဆိပ်ဖြူဘက်က ထွက်တဲ့ ကြက်သွန်နီတွေကို ကုန်သည်တွေ တော်တော်များများ ဝယ်ယူနေကြတယ်။ ပြည်တွင်းဈေးကွက်ထဲမှာ ဆိပ်ဖြူဘက်ကထွက်တဲ့ကြက်သွန်နီတွေ အခုတစ်လော အရောင်းအဝယ်ပြန်ကောင်းနေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"မန္တလေးဈေးကွက်ကို အဝင်များတဲ့အထဲမှာ မုံရွာ၊ မြစ်သားနဲ့ ပခုက္ကူဘက်ကထွက်ရှိတဲ့ကြက်သွန်နီလဲပါပါတယ်။ အဲဒီဘက်ကထွက်ရှိတဲ့ကြက်သွန်နီတွေလဲ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ရေထွက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေဖြင့်ဆောင်ရွက်ထားသောလုပ်ငန်းများ စစ်ဆေး

**မလှိုင် နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေထွက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် ဆောင်ရွက်ထားသောစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်လအလိုက် ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ရေထွက်ကျေးရွာ၌ နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးမည့် တောင်သူများ လိုအပ်လျက်ရှိသော မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ သုံးစွဲနိုင်ရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ပုသိမ်ကြီးမြို့ အောင်မင်္ဂလာ(၁)လမ်းနေ ဒေါ်ယဉ်ယဉ်မိသားစုက ဦးတင်ကြွယ်အားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၆၀၀၀၀၀ လှူဒါန်းရာ ဓမ္မဝိတဒါန ဆေးရုံ ဦးကျော်ဝင်းနှင့် ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၆၆၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဂေါ်ဖီစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၆၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၁၁၈၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၅၆၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်သည့်အတွက် ဒေသထွက်ကုန်သီးနှံများကိုသာ ရောင်းချနိုင်ပြီး မိသားစုဝင်ငွေတိုးပွားစေကာ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိစေမည့် အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတာ ဧက ၅၆၆၀ စိုက်ပျိုးပြီးပါပြီ။ ကျန်တဲ့ဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်။ ဟင်းသီးဟင်းရွက်သီးနှံတွေ စိုက်ပျိုးတဲ့အတွက် မိသားစုဝင်ငွေတိုးလာမဲ့အပြင် တခြားဒေသကနေလဲ သီးနှံတွေ တင်သွင်းရောင်းချစရာမလိုတော့ပါဘူး။ စိုက်ပျိုးထားတဲ့ အသီးအနှံတွေကလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေက ကွင်းဆင်းပြီး အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်" ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၆၆၀ စိုက်ပျိုးရာ နံနံ၊ ခရမ်းချဉ်၊ ခရမ်း၊ ချဉ်ပေါင်၊ ဘူး၊ ရုံးပတီ၊ ဂေါ်ဖီ၊ မုန်လာ၊ တိုင်ထောင်ပဲတောင့်ရှည်၊ ကန်စွန်း၊ သခွား၊ ကြက်ဟင်းခါး စသည့် သီးနှံများ စိုက်ပျိုးထားကြောင်း သိရသည်။

(၁၈၅)

# ချောက်မြို့နယ် ခပေါင်းစမ်းကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

**ချောက် နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ရာသီမရွေး သောက်သုံးရေလွယ်ကူစွာရရှိစေရန်ရည်ရွယ်၍ သံဘိုကျေးရွာအုပ်စု ခပေါင်းစမ်းကျေးရွာ၌ ပြည်သူ၊ ကျေးလက်၊ ယူနီဆက် ပူးပေါင်းအစီအစဉ်ဖြင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ရေရရှိရေးကော်မတီဝင်များနှင့်အတူ ခပေါင်းစမ်းကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ခပေါင်းစမ်းကျေးရွာ၌ အရှည်ပေ ၃၂၉၀ ရှိ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းကို ယခုနှစ် ဧပြီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးသဖြင့် ခပေါင်းစမ်းကျေးရွာရှိ အိမ်ခြေ ၁၀၃ အိမ်၊ လူ ၄၅၇ ဦးတို့ သန့်ရှင်းသောသောက်သုံးရေကို အလွယ်တကူရရှိမည်ဖြစ်ကြောင်း ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က ပြောပြ၍ သိရသည်။

**နေဘုန်းလှ**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ အောက်တိုဘာလက ငါးခူ ပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ဘိုကလေး နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ အောက်တိုဘာလက ငါးခူပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ စက်တင်ဘာလအတွင်းက ငါးခူပိဿာချိန် ၄၉၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးခူပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါငါးခူများ တင်ပို့မှုအားကောင်းလာသည့်အတွက် ရေလုပ်ငန်းလုပ်ကိုင်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းက ငါးခူပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ဒေသက ရေထွက်ကုန်မှန်သမျှကို ရန်ကုန်ဘက်ကနေ ဝယ်ယူမှုအပေါ်မူတည်ပြီး တင်ပို့ရောင်းချနေရတာဖြစ်ပါတယ်။ ငါးခူက ပြည်တွင်းစားသုံးမှုများတဲ့ ငါးအမျိုးအစားဖြစ်ပါတယ်။ တင်ပို့မှု သိသိသာသာမြင့်တက်ခဲ့ပေမဲ့ ဈေးကတော့ ပုံမှန်အခြေအနေမှာပဲရှိနေပါတယ်။ ရန်ကုန်ဈေးကွက်က ဈေးလဲရသလို တင်ပို့တဲ့လမ်းကြောင်းမှာလဲ အခက်အခဲမရှိ တင်ပို့နိုင်ပါတယ်။ ဒီဘက်က ရေထွက်ကုန်မှန်သမျှကို ဒေသဈေးကွက်အပြင် ရန်ကုန်မြို့ကို တင်ပို့တာပါ"ဟု ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ငါးခူ ၁၀ ပိဿာလျှင် ငွေကျပ် ၁၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါငါးခူများကို စနစ်တကျထုပ်ပိုးပြီး ရန်ကုန်မြို့သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဒေသထွက်ငါးခူများ ဝယ်ယူမှုအားကောင်းလာသည့်အတွက် ရေချိုငါးခူမွေးမြူသူများ၊ ကုန်သည်များ၊ ငါးခူရှာဖွေသူများ၊ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# စီးပွားရေးလုပ်ငန်းများအတွက် အရည်အသွေး

မျိုးသူ(ကုန်သွယ်မြှင့်)

အရည်အသွေးဆိုသည်မှာ "ကောင်းမွန်သည့် အဆင့် သို့မဟုတ် ဒီဂရီ"ဟု အောက်စ်ဖို့ဒ် အမေရိကန် အဘိဓာန်က ဖော်ပြထားသည်။ The American Society for Quality (ASQ) က အရည်အသွေး ဆိုသည်မှာ လူတစ်ဦးချင်းစီအလိုက် ကိုယ်ပိုင်အဓိပ္ပာယ် ဖွင့်ဆိုချက်ရှိသောအရာဖြစ်သည်ဟုဆိုသည်။ နည်းပညာရပ်ဆိုင်ရာအသုံးအနှုန်းအနေဖြင့် အရည်အသွေး ဆိုသည်မှာ ကုန်ပစ္စည်းတစ်ခု သို့မဟုတ် ဝန်ဆောင်မှု တစ်ခုအတွက် ချို့ယွင်းချက်မရှိခြင်း၊ ကုန်ပစ္စည်းတစ်ခု သို့မဟုတ် ဝန်ဆောင်မှုတစ်ခု၏ ထူးခြားသောပင်ကို လက္ခဏာဖြစ်သည်။ ထိုလက္ခဏာတွင် လိုအပ်ချက်အတွက် ကျေနပ်စေသောစွမ်းရည်များပါဝင်သည်ဟု ဆိုသည်။ အရည်အသွေးနှင့်ပတ်သက်၍ အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။

**စားသုံးသူ၏ ရှုထောင့်မှအရည်အသွေး**

စီးပွားရေးလုပ်ငန်းများသည် စားသုံးသူတို့လိုအပ်ချက်ကိုရရှိစေရန်ရည်ရွယ်၍ ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများကို ပြုလုပ်ကြသည်။ စားသုံးသူက လိုချင်သောတန်ဖိုးနှင့် အရည်အသွေးသည် ကုန်ထုတ်လုပ်ရန်နှင့် ဝန်ဆောင်မှုပေးရန်အတွက် အဓိကကျသောအချက်အလက်ဖြစ်သည်။ အချို့သောကုမ္ပဏီများသည် ကုန်ပစ္စည်းများကို အရည်အသွေးပိုကောင်းအောင်ထုတ်လုပ်တတ်ကြပြီး ထိုသို့ ပိုကောင်းအောင်ထုတ်လုပ်သည်ကို စားသုံးသူများက ဝယ်ယူကြသည်သာဖြစ်သည်။ ၎င်းတို့မျှော်လင့်သည်ထက် ပိုကောင်းသော၊ ဈေးပိုများသောပစ္စည်းများကိုလည်း ဝယ်ယူကြသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် စားသုံးသူများလိုချင်သော အရည်အသွေးဆိုသည်မှာ မည်သို့ဖြစ်သည်ကို သိရှိရန်လိုသည်။ ထို့ပြင် ဝယ်ယူသူများမှာလည်း အမျိုးမျိုးဖြစ်နိုင်သည်။ ဆိုလိုသည်မှာ End Users ဟူသော နောက်ဆုံးဝယ်ယူသူသာ စားသုံးသူ မဟုတ်ဘဲ စက်မှုလုပ်ငန်းရှင်က ကုန်ကြမ်းဝယ်ယူခြင်း၊ သိုလှောင်သူက တစ်ဆင့်သိုလှောင်ရောင်းချရန်အတွက် ဝယ်ယူခြင်း၊ လက်လီအရောင်းဆိုင်များက လက်လီရောင်းချရန် အင်တာနက်မှတစ်ဆင့် ဝယ်ယူခြင်း စသည်တို့ကဲ့သို့ ပြန်လည်ရောင်းချရန် ဝယ်ယူခြင်း ပုံစံအမျိုးမျိုးလည်း ရှိနိုင်သည်။

ထို့ကြောင့် ကုန်ပစ္စည်းတစ်ခုကို ဝယ်ယူသူများသည် ရည်ရွယ်ချက်အမျိုးမျိုးရှိကြသဖြင့် ၎င်းတို့လိုချင်သော အရည်အသွေး ဆိုသည်မှာလည်း အမျိုးမျိုးရှိလာသည်။ ထိုသို့ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ရန်အတွက် မည်သို့အရည်အသွေးထားရမည်ကို သတ်မှတ်ရန် လိုအပ်သည်။ အရည်အသွေးနှင့်ပတ်သက်၍ စာရေးဆရာနှင့်အကြံပေးတစ်ဦးဖြစ်သော W.Edward Deming က "စားသုံးသူများသည် ကုန်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းတွင် အရေးအကြီးဆုံး တစ်ခုဖြစ်သည်။ လက်ရှိအခြေအနေတွင်ရော၊ အနာဂတ်တွင်ပါ စားသုံးသူများကလိုချင်သောအရည်အသွေးသည် လုပ်ငန်း၏ ရည်မှန်းချက်ပင်ဖြစ်သည်" ဟုဆိုသည်။ ထိုအမြင်၊ အတွေးအခေါ် အရ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများက အရည်အသွေးကို စားသုံးသူများလိုချင်သည့်အတိုင်း လိုက်ပါလုပ်ကိုင်ရမည်ဖြစ်သည်။ သို့သော်လည်း စားသုံးသူများသည် အမျိုးမျိုးကွဲပြားသော အရည်အသွေးရှိသည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို လိုလားကြသည့်အတွက် ကုန်ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းကိုလည်း ကွဲပြားခြားနားသည့်ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်ရန် လိုသည်။ ထိုအချက်ကြောင့်ပင် အရည်အသွေးကို သတ်မှတ်ရာတွင် ယေဘုယျအားဖြင့် ရည်ရွယ်ထားသည့် အသုံးချရန်ကိစ္စအတွက် သင့်တော်သည့် အခြေအနေကို အရည်အသွေးဟု သတ်မှတ်ထားသည်။ တစ်နည်းအားဖြင့် Fit For Use သုံးရန် သင့်တော်လျှင် အရည်အသွေးတစ်ခုရှိသည်ဟု သတ်မှတ်ရန်ဖြစ်သည်။ ထို့ကြောင့် ကုန်ပစ္စည်းများကို ထုတ်လုပ်ရာတွင် နိုင်ငံတကာတွင်ရှိသော စားသုံးသူ သို့မဟုတ် ဝယ်ယူသူအမျိုးမျိုးတို့၏ လိုအပ်ချက်၊ လိုချင်စိတ်များကိုလိုက်၍ ခွဲပြားခြားနားသောဒီဇိုင်းများကို ဖော်ထုတ်ကာ ထုတ်လုပ်လာကြခြင်းဖြစ်သည်။

ဥပမာအားဖြင့် မာစီးဒီးကားနှင့် ဖို့ဒ်ထရပ်ကား နှစ်မျိုးစလုံးသည် ကားအမျိုးအစားများဖြစ်ပြီး အသုံးပြုရန် သင့်တော်သောအရည်အသွေး Fit For Use ရှိကြသည်သာဖြစ်သည်။ မတူကွဲပြားသော အရည်အသွေးဒီဇိုင်းများသည် ဝယ်ယူမည့်ဖောက်သည်များ၏ လိုချင်သည့်အတိုင်း စိတ်ကြိုက်ဝယ်ယူနိုင်ရန် ကွဲပြားခြားနားနေကြခြင်းဖြစ်သည်။ ထိုအချက်ကို ကြည့်လျှင် အရည်အသွေးဆိုသည်မှာ ဒီဇိုင်းများနှင့် အခြားပါဝင်သော စက်ပစ္စည်းကိရိယာများအလိုက် အရည်အသွေးသတ်မှတ်ချက်၊ အရည်အသွေး အနိမ့်အမြင့်များ ကွဲပြားခြားနားခြင်းဖြစ်သည်ကို တွေ့နိုင်သည်။

❖ ဝန်ဆောင်မှုလုပ်ငန်းတိုင်းတွင် စားသုံးသူက စောင့်စားရချိန်နည်းနိုင်သမျှနည်းရေးသည် အလွန်အရေးပါသည်။ လာရောက်သောစားသုံးသူတိုင်းသည် အချိန်တိုတိုအတွင်း ဆောင်ရွက်ပြီးစီးသည်ကိုသာ လိုလားကြသည်။ ထို့ပြင် လာရောက်သော စားသုံးသူက အချိန်ကိုက်ရလိုမှုကိုလည်း သတိထားရမည်ဖြစ်သည်။ အချိန်တိကျမှုသည် ဝန်ဆောင်မှုလုပ်ငန်းအများစုတွင် မဖြစ်မနေလိုအပ်သောအရည်အသွေးဖြစ်သည်။ ဥပမာ- ခရီးသည်ပို့ဆောင်သည့်ယာဉ်များသည် သတ်မှတ်ထားသောအချိန်တွင် ထွက်နိုင်ခြင်းနှင့် ဆိုက်ရောက်သင့်သောအချိန်တွင် ဆိုက်ရောက်နိုင်ခြင်းမျိုးဖြစ်သည်။ ❖

**ကော်မှုထုတ်ကုန်များအတွက် စားသုံးသူဝယ်ယူသူများ၏ အရည်အသွေးဆိုင်ရာ ရှုထောင့်အမြင်များ**

**ဆောင်ရွက်နိုင်မှုများ။** အခြေခံအကျဆုံးလိုအပ်ချက်များ ပါဝင်ရမည်ဖြစ်သည်။ ဥပမာ-မည်သည့်ကားအမျိုးအစားတွင်မဆို ဆီရှိမှုပြဒိုင်ခွက်များ၊ မိုင်နှုန်းပြဒိုင်ခွက်များ၊ လက်ကိုင်ခွေတို့ စုံလင်အောင် ပါဝင်ရမည်ဖြစ်သည်။

**ကြန်အင်လက္ခဏာများ။** အခြေခံလိုအပ်ချက်များပေါ်တွင် ထပ်ဆောင်းပေးထားသော အချက်များဖြစ်သည်။ ဥပမာ-စတီရီယို၊ VCD ဖွင့်နိုင်ခြင်း၊ ထိုင်ခုံများတွင် ပို၍ကောင်းသော သားရေအခင်းခင်းပေးခြင်းတို့ဖြစ်သည်။

**ယုံကြည်မှုထားနိုင်ခြင်း။** အချိန်ကာလတစ်ခုထိ ကောင်းမွန်နေသော အခြေအနေမျိုးဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခြင်းမျိုးဖြစ်သည်။ ဥပမာ-TV တစ်လုံးသည် ခုနစ်နှစ်ကြာအောင် ပြင်ဆင်ရခြင်းမရှိဘဲ သုံးစွဲနိုင်ခြင်းမျိုးဖြစ်သည်။

**လိုက်လျောညီထွေရှိခြင်း။** စီးပွားဖြစ်မထုတ်လုပ်မီ သတ်မှတ်ထားသောအရည်အသွေး စံချိန်စံညွှန်း အတိုင်း ထုတ်လုပ်ပေးခြင်းမျိုးဖြစ်သည်။ ကြော်ငြာထားသောအချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်။

**သက်တမ်းတစ်ခုရှိခြင်း။** ကုန်ပစ္စည်းတစ်ခုကို နောက်တစ်ခုနှင့်အစားထိုးရသည်ထိ သုံးစွဲနိုင်သည့် အချိန်ကာလတစ်ခု ရှိရန်လိုအပ်သည်။ ဆိုလိုသည်မှာ ကုန်ပစ္စည်းကို မည်မျှကြာအောင်မပြုပြင်ရဘဲ သုံးစွဲနိုင်သည့်သက်တမ်းတစ်ခု ရှည်ကြာစွာရှိရန်လည်း လိုအပ်သည်။ အချို့သောကုန်ပစ္စည်းများသည် မပြုပြင်ရဘဲ ရှိရှိသေသေအသုံးပြုလျှင် နှစ်ပေါင်းများစွာ ကြာရှည်ခံကြသည်ကို တွေ့နိုင်သည်။ ဥပမာ-လက်ပတ်နာရီတချို့။

**ပြင်ဆင်ထိန်းသိမ်းရလွယ်ကူခြင်း။** ပြင်ဆင်သူများက လွယ်ကူစွာဖြုတ်တပ်ပြင်ဆင်ရန်အတွက် လွယ်ကူရိုးရှင်းမှုမျိုးလည်းရှိရန်လိုအပ်သည်။ ပြင်ဆင်ရန်ကြာမြင့်ချိန်မများရန် လိုအပ်သည်။ ပြင်ဆင်ထိန်းသိမ်းရသူများအတွက်လည်း သင့်တော်သောလုပ်ကိုင်နိုင်မှုမျိုးရှိရန် လိုအပ်သည်။

**လှပတင့်တယ်ခြင်း။** ကုန်ပစ္စည်း၏ ရှုချင်စဖွယ်ပုံစံဒီဇိုင်း၊ လှပကြော့ရှင်းမှု၊ အရောင်အသွေးစိုပြည်လှပခြင်း၊ အမြင်ဆန်းသစ်ခြင်း၊ ထိတွေ့ကိုင်တွယ်ရာတွင် နူးညံ့ခြင်း၊ အနံ့အားဖြင့်ကောင်းမွန်ခြင်း၊ အရသာကောင်းမွန်ခြင်း စသည့် မြင်၊ ကြား၊ အနံ့နှင့် ထိတွေ့မှုများ အားလုံးကောင်းမွန်ရန် လိုအပ်သည်။

**ဘေးကင်းလုံခြုံခြင်း။** ဤအချက်မှာ ကုန်ပစ္စည်းသုံးစွဲသူတိုင်းအတွက် အရေးအကြီးဆုံးဟု ဆိုနိုင်သည်။ မည်သည့်ပစ္စည်းမဆို စားသုံးသူ၊ ဝယ်ယူသူများအားလုံး ဘေးကင်းလုံခြုံစိတ်ချမှု ပေးစွမ်းနိုင်ရပါမည်။ အထူးသဖြင့် မော်တော်ကားများတွင် စီးနင်းသူအားလုံး ဘေးကင်းလုံခြုံရေးကို အဓိကထည့်သွင်းစဉ်းစားတီထွင်ထားရန်လိုအပ်သည်။ ဥပမာ-ကားများတွင် လေအိတ်များ၊ ခါးပတ်များ ထည့်သွင်းလာခြင်းသည် ဘေးကင်းလုံခြုံမှုအတွက်ဖြစ်သည်။

**အခြားအချက်များ။** Brand Name အမှတ်တံဆိပ်ပေါ် အခြေခံသည့်အချက်များ၊ ကြော်ငြာများ၊ ရည်ရွယ်ချက်များ စသည့် အခြားသောအချက်အလက်များစွာလည်းရှိကြသည်။ ဤအချက်အလက်များသည် စားသုံးသူ၊ ဝယ်ယူသူများ အလေးအနက်ထားရာဖွေလေ့ရှိသည့် အချက်အလက်များဖြစ်ပြီး ထိုအချက်များသည် ကုန်ပစ္စည်း၏ ကုန်ကျစရိတ်နှင့်လည်း များစွာသက်ဆိုင်နေသည်။ များသောအားဖြင့် ဝယ်ယူသူများသည် ကုန်ပစ္စည်းအရည်အသွေးကိုလိုက်၍ တန်ဖိုးကို ပေးချေရန် လိုလားတတ်ကြသည်။ ဝယ်ယူသူများသည် သူတို့ပေးလိုက်သော ငွေတန်ဖိုးဖြင့် ထိုက်တန်သောကုန်ပစ္စည်းအရည်အသွေးကို ပြန်ရလိုကြသည်။ ထိုသို့ အရည်အသွေးမျိုးရရှိမှသာ စိတ်ကျေနပ်မှုကို ရရှိပြီး ထိုကုမ္ပဏီ၊ ထိုကုန်အမှတ်တံဆိပ်ကို ယုံကြည်စိတ်ချစွာဝယ်ယူလာမည်ဖြစ်သည်။

**ဝန်ဆောင်မှုလုပ်ငန်းများအတွက် စားသုံးသူ၏အရည်အသွေးဆိုင်ရာရှုထောင့်အမြင်များ**

ဝန်ဆောင်မှုလုပ်ငန်းများအတွက် စားသုံးသူ၊ ဝယ်ယူသူများ၏ မျှော်မှန်းသောအရည်အသွေးဆိုင်ရာ ရှုထောင့်များသည် ထုတ်လုပ်ထားသော ကုန်ပစ္စည်းများအပေါ် မျှော်လင့်ချက်နှင့် ကွဲပြားခြားနားလေ့ရှိကြသည်။ ဝန်ဆောင်မှုလုပ်ငန်းများသည် လုပ်ငန်းဆောင်ရွက်ရချိန်၊ ကြန့်ကြာချိန်နှင့် တိုက်ရိုက်ပတ်သက်နေလေ့ရှိသည်။ ထို့ပြင် လုပ်သားများ၊ ဝန်ထမ်းများ၏ကျွမ်းကျင်မှုများနှင့်လည်း ပတ်သက်နေလေ့ရှိသည်။

**အချိန်နှင့် အချိန်ကိုက်ဖြစ်မှု။** ဝန်ဆောင်မှုလုပ်ငန်းတိုင်းတွင် စားသုံးသူက စောင့်စားရချိန်နည်းနိုင်သမျှနည်းရေးသည် အလွန်အရေးပါသည်။ လာရောက်သောစားသုံးသူတိုင်းသည် အချိန်တိုတိုအတွင်း ဆောင်ရွက်ပြီးစီးသည်ကိုသာ လိုလားကြသည်။ ထို့ပြင် လာရောက်သော စားသုံးသူက အချိန်ကိုက်ရလိုမှုကို လည်း သတိထားရမည်ဖြစ်သည်။ အချိန်တိကျမှုသည် ဝန်ဆောင်မှုလုပ်ငန်းအများစုတွင် မဖြစ်မနေလိုအပ်သော အရည်အသွေးဖြစ်သည်။ ဥပမာ- ခရီးသည်ပို့ဆောင်သည့်ယာဉ်များသည် သတ်မှတ်ထားသော အချိန်တွင် ထွက်နိုင်ခြင်းနှင့် ဆိုက်ရောက်သင့်သော အချိန်တွင် ဆိုက်ရောက်နိုင်ခြင်းမျိုးဖြစ်သည်။

**ပြီးပြည့်စုံမှု။** ဝန်ဆောင်မှုတိုင်းကို ပြီးပြည့်စုံစွာဖြစ်စေရန်လိုအပ်သည်။ သတ်မှတ်ထားသည့်အတိုင်း ပြီးပြည့်စုံရန်ဖြစ်သည်။ ဥပမာ-အကျီချုပ်ရာတွင် လက်ကြယ်သီးပါမလာခြင်း၊ ကြယ်သီးတပ်ရမည့် အပေါက်ပါမလာခြင်း၊ ချုပ်ရိုးပြေနေခြင်း စသည်တို့ မဖြစ်ရန် အထူးသတိပြုရမည်ဖြစ်သည်။

**လောကဝတ်နှင့်ယဉ်ကျေးမှု။** ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်သမားများ၏ကျွမ်းကျင်မှုနှင့် လောကဝတ်ကျေပွန်မှု၊ ယဉ်ကျေးဖော်ရွေမှုတို့သည်လည်း စားသုံးသူများဘက်မှ လိုလားသောအချက်များဖြစ်သည်။ ဥပမာ- စားသောက်ဆိုင်များတွင် စားသုံးသူများဝင်လာသည်မှ ထွက်သွားသည်ထိ ပေးထားသော ဆက်ဆံရေး၊ ယဉ်ကျေးပျူငှာမှုများသည် အလွန်အရေးပါသည်ကို တွေ့နိုင်သည်။

**အချိန်ကိုက်တညီတညွတ်တည်းဖြစ်မှု။** တစ်ပြေးညီပေးရမည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် စားသုံးသူဖောက်သည်များအတွက် သတ်မှတ်ထားသော အချိန်ကိုက်၊ စံကိုက်ဝန်ဆောင်မှုကို ပေးအပ်နိုင်ရမည်ဖြစ်သည်။ ဥပမာ- နံနက်ခင်းသတင်းစာကို သတင်းစာဝယ်ယူသူတိုင်းက နံနက်ခင်းတွင် ဈေးနှုန်းအတူတူ ပေး၍ဖတ်နိုင်ရန် လိုအပ်သည်။

**နားလည်ရန်လွယ်ကူခြင်း။** ဝန်ဆောင်မှုကို မည်မျှလွယ်လွယ်ကူကူရရှိနိုင်၊ နားလည်နိုင်သည့်အခြေအနေမျိုးဖြစ်ရပါသည်။ ဥပမာ- အိမ်ရာတစ်ခုကို ကြော်ငြာသည့်အခါတွင် မေးမြန်းသည့်အခါ ချက်ချင်းလွယ်ကူရှင်းလင်းစွာ သိနားလည်သွားရန်ဖြေကြားနိုင်ရပါမည်။

**တိကျမှန်ကန်ခြင်း။** ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းတစ်ခုသည် အချိန်တိုင်း မှန်ကန်တိကျမှုရှိရန်လိုအပ်သည်။ ဥပမာ- ဘဏ်များတွင် ထားရှိသောစုဆောင်းငွေကို အကြိမ်ကြိမ်အထုတ်အသွင်းလုပ်သော်လည်း ငွေလက်ကျန်ပမာဏသည် မည်သည့်အချိန်တွင်မဆို မှန်ကန်တိကျမှုရှိရမည်ဖြစ်သည်။

**တုံ့ပြန်နိုင်မှုအားကောင်းခြင်း။** ပုံမှန်မဟုတ်သောအခြေအနေမျိုးကြုံရသည့်အခါတွင် စားသုံးသူများကို ကျေနပ်သည်ထိ တုံ့ပြန်နိုင်မှုအားကောင်းခြင်းဖြစ်သည်။ ဥပမာ - ခရီးသည်တင်ကားတစ်စီး လမ်းတွင်ပျက်သည့်အခါ၌ ချက်ချင်းအစားထိုးစီစဉ်ပေးခြင်း၊ စောင့်ဆိုင်းရချိန်အတွင်း ကျွေးမွေးဧည့်ခံခြင်း၊ နားနေရန်စီစဉ်ပေးခြင်း။

**စားသုံးသူက အမြဲမှန်သည်**

ကုန်ပစ္စည်းထုတ်လုပ်သည်ဖြစ်စေ၊ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သည်ဖြစ်စေ ရောင်းချသူနှင့် စားသုံးသူနှစ်ဖက်၏ အမြင်များ၊ ရှုထောင့်များသည် ကွဲပြားကြသည်သာ ဖြစ်ပါသည်။ သို့သော်လည်း ဝယ်ယူစားသုံးသူမရှိလျှင် ကုန်ပစ္စည်းထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ခြင်းများသည် မရှိနိုင်ပေ။ ထို့ကြောင့် စားသုံးသူအမြဲမှန်သည် Customer is always right. ဟု သတ်မှတ်ကာ စားသုံးသူများ ကျေနပ်နှစ်သက်မှုရအောင်ဆောင်ရွက်ပေးနိုင်ရန် အလွန်အရေးကြီးသည်။ ထို့ကြောင့် အထက်ဖော်ပြပါအချက်များသည် စားသုံးသူများလိုလားသောအချက်များဖြစ်သဖြင့် သတိပြု၍ ရောင်းချကြလျှင် အောင်မြင်သော စီးပွားရေးလုပ်ငန်းများဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

**ကိုးကား**

- **Russell & Taylor's Operations management 7th edition**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ၁၀မှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# လူသားပီသ မြင့်မြတ်ကြစေ

\- လူ့ဘုံရွာ လူ့လောက
နေခြင်းလှ သည်အခွင့်မှာ၊
ကံ ရိပ်ဖန် ကံ အကျိုးမျှ
ဘဝခဏတာ၊
ရခဲလှ ကံကောင်းစွာ
ရပ်တည်ရာ လူ့ဘောင်လမ်း၊
လူ့နှုန်းစံ လူပီသရေး
ကျင့်တွေးလို့လှမ်း။

\- ဘဝတာ ခဏလေး
ချင့်မှတ်တွေး ရှုဆင်ခြင်၊
ရှင်သန်စဉ် ဆုံစည်းခိုက်
ပျော်ပိုက်တူယှဉ်၊
ကြောင်းကျိုးညီ လမ်းကောင်းထွင်
လမ်းဖြောင့်အစဉ် ဝတ်ညီထိန်း၊
ချစ်စရှည် ဇာရိပ်မဖုံးရအောင်
မုန်းစတွေသိမ်း။

\- ဇောမာန်ရှိန် အနှောင်အဖွဲ့များ
စည်းခြားလို့ ရပ်တည်စေ၊
ကိုယ်ချင်းစာ စိတ်ထားမြတ်နဲ့
ဖြောင့်မတ်အောင်နေ၊
မေတ္တာလွှမ်း အလှဖွေ
ရန်ဘယာသွေ ကင်းစင်လွင့်၊
ဆုံးတစ်သက်ဝယ်
မုန်းဖျက်ဖယ် စိမ်းလန်းမြစေဖို့
ပြုံးယှက်လှယ် ငြိမ်းချမ်းအလှဝေရအောင်
ဖိုးထိုက်မှန် လူသားပီသလေတဲ့
နေခွင့်ပိုင် သည်ခဏမှာ
နှလုံးလှသူ မွေးဂုဏ်ဖြိပ်နဲ့
ဘဝတာ အနေတတ်
မြင့်မြတ်ဂုဏ်မြှင့်။ ။

**မင်းသွေးနွယ်(ဗီးကုန်း)**

# မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှဝင်ရောက်လာသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေ

**မအူပင် နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှဝင်ရောက်လာသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေကြောင်း မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်မှ ထွက်ရှိသည့် ကြက်သွန်နီများ ပုံမှန်ဝင်ရောက်လျက်ရှိပြီး နိုဝင်ဘာလ ပထမပတ်မှစတင်၍ အရောင်းအဝယ်ကောင်းနေကြောင်း၊ ယခုလက်ရှိ ကြက်သွန်နီ ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၄၀၀၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ရှမ်းပြည်နယ်မှာ အရင်နှစ်တွေကထက် ဒီနှစ် ကြက်သွန်နီတွေ အထွက်နှုန်းနည်းနေတယ်လို့ သိရပါတယ်။ အထွက်နှုန်းနည်းနေပေမဲ့ ပုံမှန်ဝင်ရောက်နေပါတယ်။ အခြားဒေသတွေကနေ ဧရာဝတီတိုင်းဒေသကြီးဘက်ကို ကြက်သွန်နီ တင်ပို့တာလဲနည်းတယ်။ လက်ရှိပေါက်နေတဲ့ ကြက်သွန်နီဈေးကလဲ သင့်တင့်တယ်လို့ ပြောရမယ်။ လက်ရှိ ပိဿာချိန်တော်တော်များများ အရောင်းအဝယ်ဖြစ်နေတယ်။ ပွင့်လင်းရာသီ ရောက်လာတာနဲ့ အမျှ ကြက်သွန်နီက အရောင်းအဝယ် တော်တော်ကောင်းနေပါတယ်။ လက်ရှိ ပိဿာချိန် ၁၀၀၀ နဲ့အထက်မှာပဲ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။



မအူပင်မြို့နယ်တွင် ယခုလက်ရှိ တစ်ရက်လျှင် ကြက်သွန်နီ ပိဿာချိန် ၁၀၀၀ မှ ၁၄၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေခြင်းကြောင့် ကြက်သွန်နီစိုက်ပျိုးသူများ၊ ကုန်စည်သယ်ယူတင်ပို့သည့်လုပ်ငန်းရှင်များ၊ ကုန်တင်၊ ကုန်ချလုပ်သားများ အလုပ်အကိုင်ကောင်းနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကဝမြို့နယ် ငွဲကိုက်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကဝ နိုဝင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွဲကိုက်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များက ငွဲကိုက်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆၆ ဦးကို ငွေကျပ် ၃၇ ဒသမ ၉၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ဇေယျာသီရိမြို့နယ် သရက်တောကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သရက်တောကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးဇော်နှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ သရက်တောကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သရက်တောကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကျောက်ရောမြေ တစ်ပေခင်းခြင်း၊ မြေနီကျောက်စရစ် ကိုးလက်မခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၆၃၇၇၉၂ သန်းဖြင့် မင်းသစ္စာလှိုင်ကုမ္ပဏီက တာဝန်ယူ၍ အောက်တိုဘာလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၁၂ အိမ်၊ လူဦးရေ ၄၄၂ ဦးတို့၏ စိုက်ပျိုးမြေဧက ၂၀၀ ကျော်မှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူသူ**

## နိုင်ငံတကာ သတင်းများ

# ဂါဇာကမ်းမြောင်ကို အစ္စရေးပုံးကြဲတိုက်ခိုက်နေမှု ရပ်သင့်ပြီဖြစ်ကြောင်း ပြင်သစ်သမ္မတ ပြောကြား

**ပဲရစ် နိုဝင်ဘာ ၁၁**

အစ္စရေးနိုင်ငံအနေဖြင့် ဂါဇာကမ်းမြောင်ဒေသအား ဗုံးကြဲတိုက်ခိုက်နေမှုကို ရပ်တန့်သင့်ပြီဖြစ်ကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က နိုဝင်ဘာ ၁၀ ရက်တွင် ပြောကြားခဲ့သည်။

ဂါဇာဒေသကို ဗုံးကြဲတိုက်ခိုက်နေမှုအတွက် အစ္စရေးအနေဖြင့် မည်သည့် အကြောင်းပြချက်မျှ ပေး၍မရကြောင်း၊ အပစ်အခတ်ရပ်စဲရေးသည်သာ အစ္စရေးအတွက် အကျိုးရှိလိမ့်မည် ဖြစ်ကြောင်း ပြင်သစ်သမ္မတက သုံးသပ်ခဲ့သည်။

ပြင်သစ်နိုင်ငံအနေဖြင့်ဟားမတ်စ်အုပ်စု၏ အကြမ်းဖက်တိုက်ခိုက်မှုကိုရှုတ်ချသလို အစ္စရေး၏ကိုယ့်ကိုယ်ကိုယ် ခုခံပိုင်ခွင့်ကိုလည်း အသိအမှတ်ပြုကြောင်း၊ သို့သော် ဂါဇာကမ်းမြောင်ဒေသအား ဗုံးကြဲတိုက်ခိုက်နေမှုများကို အစ္စရေးအနေဖြင့်ရပ်တန့်သင့်ပြီဖြစ်ကြောင်း ပြင်သစ်သမ္မတက ပြောကြားခဲ့သည်။

အစ္စရေးစစ်ဘက် အနေဖြင့် ဂါဇာစစ်ပွဲအတွင်း ပါလက်စတိုင်း အရပ်သား အသေအပျောက် မြင့်တက်လာသည်နှင့်အမျှ အပစ်အခတ်ရပ်စဲပေးရန် နိုင်ငံတကာ၏ ဖိအားပေးမှုများနှင့် ရင်ဆိုင်နေရသည်။

သို့သော် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရယူခဲ့ပါက ဟားမတ်စ်အုပ်စုအနေဖြင့်အင်အားပြန်လည်စုစည်းရေးအတွက် အပစ်အခတ်ရပ်စဲမှုကို အမြတ်ထုတ်လိမ့်မည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံက ပြောကြားထားသည်။

အစ္စရေးတောင်ပိုင်းမြို့များကို ဟားမတ်စ်အုပ်စုက အောက်တိုဘာ ၇ ရက်တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ဂါဇာစစ်ပွဲစတင်ခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ရုရှားနှင့်နှစ်နိုင်ငံဆက်ဆံရေးကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဝေဖန်မှု မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ရှုတ်ချ




**မြို့ယမ်း နိုဝင်ဘာ ၁၁**

ရုရှားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်၏ ဝေဖန်ချက်ကို မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၀ ရက်တွင် ရှုတ်ချခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့ကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုအားကောင်းလာခြင်းနှင့်ပတ်သက်၍ တောင်ကိုရီးယားကဲ့သို့ပင် အမေရိကန်နိုင်ငံအနေဖြင့်လည်း စိုးရိမ်နေရသည်ဟု နိုင်ငံခြားရေးဝန်ကြီးအန်တိုနီဘလင်ကန်က နိုဝင်ဘာ ၉ ရက်တွင် ပြောကြားခဲ့သည်။

သို့သော် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ အဆိုပါဝေဖန်ချက်ကို ကိုရီးယားကျွန်းဆွယ်၌နိုင်ငံရေးနှင့် စစ်ရေးတင်းမာမှုများ ပိုမိုပြင်းထန်လာစေမည့်ဝေဖန်ချက်အဖြစ်မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ဝေဖန်ထားသည်။

ထို့ပြင် အမေရိကန်နိုင်ငံအနေဖြင့် ရုရှားနှင့်မြောက်ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေး၏ အရှိတရားအသစ်ကို နားလည်သင့်ပြီဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

ထို့ပြင် မည်သို့ဝေဖန်နေသည်ဖြစ်စေ ရုရှားနှင့်မြောက်ကိုရီးယားတို့ကြား လွတ်လပ်သော၊ ငြိမ်းချမ်းသော၊ ချစ်ကြည်ရင်းနှီးမှုရှိသော ဆက်ဆံရေးမှာ ပိုမိုအားကောင်းလာမည်သာဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ယူကရိန်းစစ်ရေးပဋိပက္ခစတင်ခဲ့ပြီးနောက်ပိုင်း ရုရှားနှင့်မြောက်ကိုရီးယားတို့ကြား ပူးပေါင်းဆောင်ရွက်မှုပို၍အားကောင်းလာပြီး ယခုနှစ်အတွင်း မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန် ကိုယ်တိုင်ရုရှားနိုင်ငံ၌ ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ဆေးပစ္စည်းအကူအညီတင် သင်္ဘောတစ်စီး အီဂျစ်နိုင်ငံသို့ တူရကီအစိုးရ စေလွှတ်

**အင်ကာရာ နိုဝင်ဘာ ၁၁**

ဂါဇာစစ်ပွဲအတွင်း ထိခိုက်ဒဏ်ရာရထားသူ ပါလက်စတိုင်းများကိုဆေးဝါးကုသပေးရေးအတွက် ဆေးရုံသုံးပစ္စည်းများ၊ လူနာတင်ယာဉ်များနှင့်မီးစက်များသယ်ဆောင်ထားသောသင်္ဘောတစ်စီးကို အီဂျစ်နိုင်ငံသို့ စေလွှတ်ထားကြောင်း တူရကီအစိုးရကနိုဝင်ဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဆေးဝါးပစ္စည်း ကုန်သေတ္တာ ၅၁ လုံး၊ မီးစက်များနှင့် လူနာတင်ယာဉ်အစီး ၂၀တင်ဆောင်ထားသည့် အဆိုပါသင်္ဘောသည် အစ်မီယာမြို့ဆိပ်ကမ်းမှ အီဂျစ်နိုင်ငံသို့ထွက်ခွာသွားပြီဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာန၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

အစ္စရေး-ဟားမတ်စ် စစ်ပွဲကာလအတွင်း အစ္စရေးနိုင်ငံ၏ တိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ပြိုလဲခဲ့ရပြီး လူမှုဒုက္ခအကျပ်အတည်းများ ပေါ်ထွက်ခဲ့ရသည်။

တူရကီနိုင်ငံက စေလွှတ်လိုက်သည့် ဆေးဝါးအကူအညီသင်္ဘောသည် ယနေ့တွင် အီဂျစ်နိုင်ငံ အယ်လ်အာရစ်ရှ်ဆိပ်ကမ်းသို့ဆိုက်ရောက်ဖွယ်ရှိသည်။

ယင်းသင်္ဘောဆိုက်ရောက်ပြီးချိန်တွင် ဂါဇာဒေသ သို့မဟုတ် ရာဖာနယ်စပ်ဝင်ပေါက်နှင့်အနီးဆုံးနေရာများ၌ အရေးပေါ်စစ်မြေပြင်ဆေးရုံများ၊လူနာတင်ယာဉ်များနေရာချထားမည်ဖြစ်ကြောင်း တူရကီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လကလည်း တူရကီနိုင်ငံသည် ဂါဇာဒေသအတွက် မီးစက်များ၊ ဆေးဝါးပစ္စည်းများကို လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



# တရုတ်နှင့် အမေရိကန်ခေါင်းဆောင်များ နိုဝင်ဘာ ၁၅ ရက်တွင် တွေ့ဆုံမည်

**နယူးယောက် နိုဝင်ဘာ ၁၁**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် တစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် နိုဝင်ဘာ ၁၅ ရက်တွင် လူချင်းတွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန်အစိုးရက နိုဝင်ဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

တရုတ်နှင့်အမေရိကန်ခေါင်းဆောင်များသည် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ကျင်းပမည့် အာရှ-ပစိဖိတ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အေပက်) ထိပ်သီးညီလာခံ၌ သီးခြားတွေ့ဆုံဆွေးနွေးရန် စီစဉ်ထားခြင်းဖြစ်သည်။

သမ္မတဂျိုးဘိုင်ဒင်နှင့် သမ္မတရှီကျင့်ဖျင်တို့၏ ထိပ်သီးဆွေးနွေးပွဲသည် အချိန်ကာလအားဖြင့် နာရီနှင့်ချီကြာမြင့်နိုင်ပြီး နှစ်နိုင်ငံထိပ်တန်း တာဝန်ရှိသူများလည်း ပါဝင်နိုင်ကြောင်း သိရသည်။

ဆန်ဖရန်စစ္စကို ထိပ်သီးဆွေးနွေးပွဲတွင် တရုတ်သမ္မတနှင့် အမေရိကန်သမ္မတ အစ္စရေး-ဟားမတ်စ်စစ်ပွဲပြဿနာနှင့်တရုတ်(ထိုင်ပေ)ပြဿနာမှသည် အသိဉာဏ်တုနည်းပညာနှင့် ကုန်သွယ်ရေးကိစ္စများထိပါဝင်မည့် ကမ္ဘာ့ပြဿနာမျိုးစုံကို ဆွေးနွေးကြဖွယ်ရှိသည်။

အေပက်ထိပ်သီးညီလာခံတက်ရောက်ရန်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့်တွေ့ဆုံရန် နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်ထိ အမေရိကန်နိုင်ငံသို့ သမ္မတရှီကျင့်ဖျင် သွားရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း သတင်းထုတ်ပြန် ထားကြောင်း သိရသည်။



အမေရိကန်သမ္မတနှင့် တရုတ်သမ္မတတို့သည် ၂၀၂၂ ခုနှစ်နိုဝင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံ၌ နောက်ဆုံးတစ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ဖူးကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ဂါဇာကမ်းမြောင်ဒေသ၌ ပျမ်းမျှအားဖြင့် ၁၀ မိနစ်လျှင် ကလေးတစ်ဦးနှုန်း သေဆုံးနေရကြောင်း WHO အကြီးအကဲ သတိပေးပြောကြား

**နယူးယောက် နိုဝင်ဘာ ၁၁**

ဂါဇာကမ်းမြောင်ဒေသ၌ ပျမ်းမျှအားဖြင့် ၁၀မိနစ်လျှင် ကလေးတစ်ဦးနှုန်း သေဆုံးနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO အကြီးအကဲ တီဒရော့စ်အက်ဟာနွမ်ဂျီဘရီယေးဆပ်က နိုဝင်ဘာ ၁၀ ရက်တွင် သတိပေးပြောကြားလိုက်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးတစ်ခု၌ WHO အကြီးအကဲက အဆိုပါအတိုင်း သတိပေးခဲ့ခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်၌ ဆေးရုံ ၃၆ ရုံရှိသည့်အနက်ထက်ဝက်မှာ ဂါဇာစစ်ပွဲကာလအတွင်း လုပ်ငန်းလည်ပတ်နိုင်ခြေ မရှိတော့ဘဲ လုပ်ငန်းလည်ပတ်နိုင်ဆဲ ဆေးရုံများမှာလည်း မနိုင်ဝန် ထမ်းနေရကြောင်း WHO အကြီးအကဲက ပြောကြားခဲ့သည်။

လက်ရှိ အခြေအနေများအရ ဂါဇာကမ်းမြောင်၌ ပျမ်းမျှအားဖြင့် ၁၀ မိနစ်လျှင် ကလေးတစ်ဦးနှုန်း သေဆုံးနေရကြောင်းဂျီဘရီယေးဆပ်က ထုတ်ဖော်ပြောကြားခဲ့သည်။

WHO အကြီးအကဲ၏ အဆိုအရ ဂါဇာစစ်ပွဲစတင်ချိန် အောက်တိုဘာ၇ရက်မှစ၍ ဂါဇာကမ်းမြောင်ဒေသရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အကြိမ်ပေါင်း ၂၅၀ ကျော်တိုက်ခိုက်ခံခဲ့ရပြီး အစ္စရေးနိုင်ငံဘက်တွင် ၂၅ ကြိမ်တိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။

ဂါဇာဒေသရှိ ကျန်းမာရေးစောင့်ရှောက်မှု အဆောက်အအုံများ၊ ဆေးရုံများအောက်တွင် ဟားမတ်စ်အုပ်စုက မြေအောက်ဥမင်များဖြင့် လက်နက်များ သိုလှောင်ထားကြောင်း အစ္စရေးနိုင်ငံကစွပ်စွဲထားပြီး ဟားမတ်စ်အုပ်စုက ယင်းစွပ်စွဲချက်ကို ငြင်းပယ်ထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်သန်းမည့် အပိုးဖစ်ဂြိုဟ်သိမ်ကို အာကာသယာဉ်တစ်စင်းဖြင့် လေ့လာရေးအတွက် နာဆာ စီစဉ်ထား



**ဝါရှင်တန် နိုဝင်ဘာ ၁၁**

ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်သန်းမည့် အပိုးဖစ်အမည်ရှိဂြိုဟ်သိမ်ကို အာကာသယာဉ်တစ်စင်းဖြင့် လေ့လာရေးအတွက် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)က စီစဉ်ထားကြောင်း နိုဝင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

အချင်းအားဖြင့် ပေ ၁၀၀၀ ကျော်ရှိသော အပိုးဖစ်ဂြိုဟ်သိမ်သည် ၂၀၂၉ ခုနှစ် ဧပြီလအတွင်း ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၂၀၀၀၀ ခန့် အကွာမှ အနီးကပ်ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။

အဆိုပါဂြိုဟ်သိမ်သည် ကမ္ဘာမြေ၏ ခေတ်သစ်သမိုင်းတစ်လျှောက် ကမ္ဘာဂြိုဟ်ကို အနီးကပ်ဆုံးအကွာအဝေးမှ ဖြတ်ကျော်ပျံသန်းမည့်ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

၎င်းဂြိုဟ်သိမ်ကို လေ့လာရေးအတွက် ၂၀၁၆ ခုနှစ်တွင် နာဆာက လွှတ်တင်ထားသည့် ဂြိုဟ်တုတစ်စင်းကိုအသုံးပြု၍ လေ့လာမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် အောစီးရစ်ရက်စ်အမည်ရှိ အဆိုပါ အာကာသယာဉ်သည် အပိုးဖစ်ဂြိုဟ်သိမ်နှင့် တွေ့ဆုံရေးအတွက် ခရီးစတင်နေပြီဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အပိုးဖစ်ဂြိုဟ်သိမ်ကို လေ့လာခြင်းဖြင့် ဂြိုဟ်များဖွဲ့စည်းဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ အမြင်သစ်များရလာနိုင်ကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။

**Ref : Russia Today**
**Trs : KKO**


## နိုင်ငံတကာအာကာသစခန်းယာဉ် (ISS)က အာကာသအမှိုက်စတစ်ခုကို ရှောင်ရှားရေးအတွက် ပတ်လမ်းနေရာပြောင်းရွှေ့မှုပြုလုပ်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၁၁**

နိုင်ငံတကာ အာကာသစခန်းယာဉ် (ISS)သည် အာကာသအမှိုက်စတစ်ခုကို ရှောင်ရှားရေးအတွက် နိုဝင်ဘာ ၁၀ ရက်က ပတ်လမ်းနေရာပြောင်းရွှေ့မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အာကာသအမှိုက်စကို ရှောင်ရှားရေးအတွက် ရုရှားပရိုဂရက်စ် အာကာသယာဉ် ဒုံးအင်ဂျင်များအကူအညီဖြင့် နိုဝင်ဘာ ၁၀ ရက်က နိုင်ငံတကာ အာကာသစခန်းကို ပတ်လမ်းနေရာပြောင်းပေးခဲ့ရကြောင်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ပရိုဂရက်စ်အာကာသကုန်တင်ယာဉ်သည် ဒုံးကန်အားစနစ်များကို ငါးမိနစ်ကြာဖွင့်၍ နိုင်ငံတကာ အာကာသစခန်းယာဉ်ကို မီတာ ၉၀၀ ထိ ပတ်လမ်းအမြင့် မြှင့်တင်ပေးခဲ့ကြောင်း ရုရှားအာကာသအေဂျင်စီ၏အဆိုအရ သိရသည်။



နိုင်ငံတကာ အာကာသစခန်း၏ ပျမ်းမျှပတ်လမ်းအမြင့်သည် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၅၀ ခန့်အကွာတွင် တည်ရှိသည်။

၁၉၉၉ ခုနှစ်မှစ၍ ယခုနှစ် နိုဝင်ဘာ ၁၀ ရက်ထိ နိုင်ငံတကာ အာကာသစခန်းသည် အာကာသအမှိုက်ရှောင်ရှားရေးအတွက် ပတ်လမ်းနေရာပြောင်းရွှေ့မှု ၃၇ ကြိမ်ထိ ပြုလုပ်ခဲ့ရပြီးဖြစ်သည်။

ယခုနှစ် ဩဂုတ်လထဲမှာပင် နိုင်ငံတကာ အာကာသစခန်းသည် အာကာသအမှိုက် ရှောင်ရှားရေးအတွက် ပတ်လမ်းနေရာပြောင်းရွှေ့မှု နှစ်ကြိမ် ပြုလုပ်ခဲ့ရကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နာဆာက အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်များထံ ညွှန်ကြားချက်များပေးပို့မှုကို သီတင်းနှစ်ပတ်ကြာ ရပ်ဆိုင်းထားမည်

**ဝါရှင်တန် နိုဝင်ဘာ ၁၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်များထံ ညွှန်ကြားချက်များပေးပို့မှုကို သီတင်းနှစ်ပတ်ကြာ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်များထံ ညွှန်ကြားချက်များပေးပို့မှုကို ယနေ့မှ နိုဝင်ဘာ ၂၅ ရက်ထိ သီတင်းနှစ်ပတ်ကြာရပ်ဆိုင်းထားမည်ဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

နိုဝင်ဘာ ၁၁ ရက်နှင့် ၂၅ ရက်ကြားကာလအတွင်း အင်္ဂါဂြိုဟ်နှင့် ကမ္ဘာဂြိုဟ်တို့အနေဖြင့် နေ၏ဆန့်ကျင်ဘက် တစ်ဖက်တစ်ချက်တွင် ရပ်တည်နေမည်ဖြစ်ရာ ၎င်းကာလအတွင်း အင်္ဂါဂြိုဟ်အာကာသယာဉ်များကို အနားယူခွင့်ပေးထားရန် နာဆာက စီစဉ်ထားခြင်းဖြစ်သည်။

နေ၏ဆန့်ကျင်ဘက် တစ်ဖက်တစ်ချက်သို့ အင်္ဂါဂြိုဟ်နှင့် ကမ္ဘာဂြိုဟ်တို့ ရောက်နေချိန်တွင် နေ၏လေထုလွှာမှ ထွက်ပေါ်လာသည့် ဓာတ်ငွေ့မှုန်များကြောင့် အင်္ဂါဂြိုဟ်အာကာသယာဉ်များနှင့် ကမ္ဘာကြားရေဒီယိုအချက်ပြလှိုင်းများ ထိခိုက်ပျက်စီးသွားနိုင်သည်။

သို့ရာတွင် ပါဆီးဗရင့်စ်နှင့် ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်များကမူ လှုပ်ရှားမှုရပ်နားထားစဉ်အတွင်း အင်္ဂါဂြိုဟ်မြေမျက်နှာပြင် အခြေအနေများ၊ ရာသီဥတုနှင့် ဖြာထွက်ရောင်ခြည်ရိုက်ခတ်မှု အခြေအနေများကို ဆက်လက်စောင့်ကြည့်နေမည်ဖြစ်ကြောင်း သိရသည်။

နေ၏ဆန့်ကျင်ဘက် တစ်ဖက်တစ်ချက်သို့ အင်္ဂါဂြိုဟ်နှင့် ကမ္ဘာဂြိုဟ်ရောက်ရှိနေမှုဖြစ်စဉ် ပြီးဆုံးချိန်တွင် အင်္ဂါဂြိုဟ်အာကာသယာဉ်များအနေဖြင့် ကမ္ဘာမှပေးပို့သည့် ညွှန်ကြားချက်များကို ပြန်လည်လက်ခံနိုင်မည်ဖြစ်ပြီး သတင်းအချက်အလက်များလည်း ပြန်လည်ပေးပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## အလုပ်ခွင်စိတ်ဖိအားများလျှော့ချပါက သက်ကြီးပိုင်း ဝန်ထမ်းများ နှလုံးကျန်းမာရေးကောင်းလာနိုင်

**နယူးယောက် နိုဝင်ဘာ ၁၁**

အလုပ်ခွင် စိတ်ဖိအားများကို လျှော့ချခြင်းဖြင့် သက်ကြီးပိုင်း ဝန်ထမ်းများကြား နှလုံးကျန်းမာရေး ကောင်းလာနိုင်ကြောင်း နိုဝင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

အလုပ်ခွင်နှင့် မိသားစုတွင် စိတ်ဖိအားများကို လျှော့ချပေးပါက သက်ကြီးပိုင်း ရုံးဝန်ထမ်းများ၏ နှလုံးရောဂါ နောက်ခံအကြောင်းတရားများ ပေါ်ထွက်လာနိုင်ခြေ သိသိသာသာ ကျဆင်းသွားနိုင်သည်ဟု အမေရိကန် သုတေသန ပညာရှင်များက လေ့လာတွေ့ရှိထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကုမ္ပဏီဝန်ထမ်း ၁၅၀၀ ကျော်တို့၏ လုပ်ငန်းခွင် စိတ်ဖိအားဝင်ရောက်မှုအခြေအနေနှင့် နှလုံးကျန်းမာရေးပြဿနာများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ အလုပ်ခွင်စိတ်ဖိအားအခြေအနေကို လျှော့ချပေးနိုင်ပါက သက်ကြီးပိုင်းဝန်ထမ်းများ၌ နှလုံးကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေ ကျဆင်းသွားတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သက်ကြီးပိုင်း ဝန်ထမ်းများ၌ နှလုံးကျန်းမာရေး ပြဿနာများ ပေါ်လာနိုင်မှုကို ကာကွယ်ရေးအတွက် ၎င်းတို့၏ အလုပ်ခွင်နှင့် မိသားစုစိတ်ဖိအားများကို လျှော့ချပေးရန်လိုကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အလုပ်ခွင် စိတ်ဖိအားလျှော့ချရေး အပြောင်းအလဲများသည် ဝန်ထမ်းတိုင်း၏ နှလုံးကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုမရှိသော်လည်း နှလုံးကျန်းမာရေးပေါ်လာနိုင်ခြေ မြင့်မားသည့်သက်ကြီးပိုင်းများအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## နှင်းခူရောဂါက ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာကျန်းမာရေးလည်းဖြစ်လာနိုင်

**နယူးယောက် နိုဝင်ဘာ ၁၁**

နှင်းခူရောဂါ (Eczema) သည် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးလည်း ဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၁၀ ရက်တွင် ပြောကြားသည်။

နှင်းခူရောဂါရှိနေသူများသည် စိတ်ကျဝေဒနာနှင့် စိုးရိမ်သောက ဝင်ရောက်ခြင်းကဲ့သို့ စိတ်ကျန်းမာရေးပြဿနာများ ခံစားရနိုင်ခြေ ပိုမိုမြင့်မားကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။


နှင်းခူရောဂါလူနာ ၇၂ ရာခိုင်နှုန်း သို့မဟုတ် လူနာလေးဦးလျှင် သုံးဦးမှာ စိတ်ကျန်းမာရေးပြဿနာ လက္ခဏာများ ပေါ်လာမှုဖြင့်ရင်ဆိုင်ရတတ်သည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

နှင်းခူရောဂါလူနာများ၌ ပေါ်ထွက်လာတတ်သည့် စိတ်ကျန်းမာရေးပြဿနာများထဲတွင် စိတ်ကျဝေဒနာနှင့်စိုးရိမ်သောက ဝင်ရောက်မှုတို့ပါဝင်ကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် နှင်းခူလူနာ ၁၀၀၀ ခန့်ကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နှင်းခူလူနာများအနေဖြင့် ဆေးပညာရှင်များ၏ အကူအညီဖြင့် နှင်းခူရောဂါ အကျိုးသက်ရောက်မှုများကို လျှော့ချနိုင်ပါက စိတ်ကျန်းမာရေးပြဿနာ အကျိုးသက်ရောက်မှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

**Ref : Xinhua News**
**Trs : KKO**



နိုင်ငံတကာ
# အားကစားသတင်းများ

## မြန်မာအသင်းနှင့်ကစားမည့် ဂျပန်အသင်းကစားသမားစာရင်းတွင် ဥရောပ၌ကစားနေသည့် ကစားသမားအများစုပါဝင်လာ



**တိုကျို နိုဝင်ဘာ ၁၁**

ဂျပန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က မြန်မာ့လက်ရွေးစင်အသင်းနှင့် ကစားမည့် ၂၀၂၆ကမ္ဘာ့ဖလားပြိုင်ပွဲ (အာရှဇုန်) ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲစဉ်အတွက် အပြီးသတ်ကစားသမားစာရင်း ထုတ်ပြန်ခဲ့ရာတွင် ဥရောပကလပ်အသင်းများတွင် သွားရောက်ကစားနေသည့် ကစားသမားအများစု ပါဝင်လာခဲ့ကြောင်း သိရသည်။

ဂျပန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ (အာရှဇုန်) ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စု(B)တွင် မြောက်ကိုရီးယားအသင်း၊ ဆီးရီးယားအသင်း၊ မြန်မာအသင်းတို့နှင့်အတူ တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုတွင်အင်အားအကြီးဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိနေသကဲ့သို့ နောက်တစ်ဆင့်တက်ရောက်ရန် ရေပန်းအစားဆုံးအသင်းဖြစ်သည်။

ဂျပန်အသင်း နည်းပြ မိုရီယာဆုက မြန်မာအသင်းနှင့်ကစားမည့်ပွဲစဉ်အတွက် အသင်းကစားသမားစာရင်း ထုတ်ပြန်ခဲ့ရာတွင် ဥရောပထိပ်တန်း ကလပ်အသင်းကြီးများဖြစ်သည့် ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်အသင်းတွင်ကစားနေသည့်တိုမီယာဆု၊ လီဗာပူးအသင်းတွင်ကစားနေသည့် အန်ဒို၊ လာဇီယိုအသင်းတွင်ကစားနေသည့် ကာမာဒါ၊ မိုနာကိုအသင်းတွင်ကစားနေသည့် မီနာမီနို၊ ဆိုစီဒက်အသင်းတွင်ကစားနေသည့် ကူဘို၊ ဘရိုက်တန်အသင်းတွင် ကစားနေသည့် မီတိုမာ၊ ဗီရင်နအသင်းတွင် ကစားနေသည့် ယူအီဒါ အစရှိသည့် ထိပ်တန်းကစားသမားများ ပါဝင်လာခဲ့သည်။

မြန်မာအသင်းနှင့် ဂျပန်အသင်းတို့သည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ(အာရှဇုန်) ဒုတိယအဆင့် ခြေစစ်ပွဲအုပ်စုပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၆ ရက်တွင် ဂျပန်နိုင်ငံ၌ ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

## မန်ယူခံစစ်ကစားသမားအီဗန် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ် အနားယူရမည်

**မန်ချက်စတာ နိုဝင်ဘာ ၁၁**

ခံစစ်ကစားသမား အီဗန်သည် ကိုပင်ဟေဂင်အသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ရရှိခဲ့သည့် ပေါင်ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ် အနားယူရမည်ဖြစ်ကြောင်း မန်ယူအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက် ၃၅ နှစ်ရှိ ခံစစ်ကစားသမားသည် ကိုပင်ဟေဂင်အသင်းနှင့်ပွဲစဉ်တွင် ပွဲကစားချိန် ၁၅ မိနစ်အရောက်၌ ကြွက်သားဒဏ်ရာရရှိခဲ့သဖြင့် အသင်းဖော်ကစားသမား ဗာရာနီနှင့် လူစားလဲထွက်ခွာခဲ့ရပြီး ၎င်း၏ဒဏ်ရာကိုလိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်ပြီးချိန်တွင် ရက်သတ္တပတ်အနည်းငယ် အနားယူရမည်ဟု မန်ယူအသင်းက ပြောကြားခဲ့ကြောင်း သိရသည်။

၎င်းသည် အဆိုပါဒဏ်ရာကြောင့် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လူတန်အသင်းနှင့် ကစားရမည့်ပွဲစဉ်ကိုလွဲချော်ခဲ့ပြီး နိုင်ငံတကာပြိုင်ပွဲကာလအတွင်း မြောက်အိုင်ယာလန်အသင်းနှင့် ကစားရမည့် ယှဉ်ပြိုင်ခြေစစ်ပွဲစဉ်များကိုလည်း လွဲချော်မည်ဖြစ်ကာ နိုဝင်ဘာ ၂၆ ရက်တွင် ကစားရမည့် အဲဗာတန်အသင်းနှင့် အမှတ်ပေးပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်ရန် မန်ယူအသင်းက မျှော်လင့်ထားသည်။

အီဗန်သည် မန်ယူအသင်းနှင့်အတူ ပရီးမီးယားလိဂ်ဆုဖလားသုံးကြိမ်ရယူနိုင်ခဲ့ကာ ၂၀၁၅ ခုနှစ်က မန်ယူအသင်းမှ ထွက်ခွာသွားပြီးနောက် ယခုနှစ်ဘောလုံးရာသီအသင်းလက်မဲ့ ဖြစ်နေချိန်တွင် နည်းပြတန်ဟတ်က ခံစစ်ပိုင်းပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ၎င်းကို တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ပြီး ပွဲထွက်ခွင့်ပေးခဲ့ကြောင်း သိရသည်။

Ref : RT
Trs : ML



## ဘာစီလိုနာအသင်းက လက်စတာကွင်းလယ်ကစားသမား အန်ဒီဒီကို ခေါ်ယူရန်ဆုံးဖြတ်

**ဘာစီလိုနာ နိုဝင်ဘာ ၁၁**

ဘာစီလိုနာအသင်းသည် ချန်ပီယံရှစ်ကလပ် လက်စတာအသင်းတွင် ကစားနေသည့် ကွင်းလယ်ကစားသမား အန်ဒီဒီကို လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

အန်ဒီဒီသည် လက်စတာအသင်းနှင့် ရှစ်နှစ်ကြာလက်တွဲခဲ့ပြီးနောက် အသင်းနှင့် စာချုပ်သက်တမ်းမတိုးဘဲ လာမည့်နွေရာသီတွင် အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာမည်ဖြစ်သောကြောင့် ဘာစီလိုနာအသင်းက ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် အသက် ၂၆ နှစ်ရှိ ကစားသမားကို ငွေကြေးအနည်းငယ်ဖြင့် ခေါ်ယူရန် ဆုံးဖြတ်ခဲ့သည်။

ကွင်းလယ်ကစားသမား အန်ဒီဒီသည် ယခုနှစ်ဘောလုံးရာသီ ချန်ပီယံရှစ်ပြိုင်ပွဲတွင် အသင်းကို ရလဒ်ကောင်းများ ရရှိအောင် အဓိကနေရာမှ ပါဝင်ကူညီနိုင်ခဲ့ပြီး ၁၂ ပွဲကစားခဲ့ရာတွင် သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်နိုင်ခဲ့ကာ လက်စတာအသင်းကိုအမှတ်ပေးဇယားထိပ်သို့ ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သဖြင့် ဘာစီလိုနာအသင်း ဘုတ်အဖွဲ့က ငွေကြေးအနည်းငယ်သုံးစွဲ၍ ကွင်းလယ်ပိုင်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အန်ဒီဒီကို ခေါ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဘာစီလိုနာအသင်းသည် ဘဏ္ဍာရေးအကျပ်အတည်းကြောင့် ငွေကြေးသုံးစွဲပါက လာလီဂါက ချမှတ်ထားသည့် ဝင်ငွေ၊ ထွက်ငွေ စည်းမျဉ်းနှင့် ကိုက်ညီမှုမရှိမည်ကို စိုးရိမ်နေသကဲ့သို့ လာမည့်အပြောင်းအရွှေ့ကာလတွင် ငွေကြေးအနည်းငယ်ဖြင့် အသင်းအတွက် အကျိုးပြုနိုင်မည့် ကစားသမားသစ်ကိုသာ ခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : ML

## အားကစားသတင်း အတိုအထွာများ

- ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲများတွင် VAR ဆုံးဖြတ်ချက်အပေါ် ကလပ်အသင်းများနှင့် ပရိသတ်များက ဆန့်ကျင်မှုများလာသောကြောင့် ပရီးမီးယားလိဂ်ဒိုင်အဖွဲ့ချုပ်က လာမည့်နှစ်တွင် အလိုအလျောက်လူကျွံဘောဖမ်းသည့် စနစ်ကို စတင်အသုံးပြုရန် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။
- လူတန်အသင်းနှင့်ပွဲစဉ်တွင် ပွဲထွက်ကစားခွင့်ရခဲ့သည့် တိုက်စစ်မှူးရက်ရှ်ဖို့ဒ်သည် မန်ယူအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပွဲပေါင်း ၂၅၀ ပြည့်မြောက်ခဲ့သည့် အသက်အငယ်ဆုံးကစားသမားဖြစ်လာခဲ့သည်။

ML

## ဗီလာရီးရဲလ်အသင်းက မာဆယ်လီနိုကို နည်းပြသစ်အဖြစ် ခန့်အပ်ရန်ပြင်ဆင်

**မက်ဒရစ် နိုဝင်ဘာ ၁၁**

ဗီလာရီးရဲလ် အသင်းသည် ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြပါချီတာကို ဘီလ်ဘာအိုအသင်းအား သုံးဂိုးနှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် ယခုအခါ နည်းပြမာဆယ်လီနိုကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ဗီလာရီးရဲလ်အသင်းသည် ပြီးခဲ့သည့် စက်တင်ဘာလက နည်းပြဆက်တီယန်ကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြပါချီတာကို ယခုနှစ် ဘောလုံးရာသီကုန်ထိ စာချုပ်ချုပ်ဆို၍ ခန့်အပ်ခဲ့သော်လည်း ၎င်းအနေဖြင့် ပြိုင်ပွဲစုံတွင် နိုင်ပွဲသုံးပွဲသာ ရရှိခဲ့ပြီး အသင်းအနေဖြင့်အမှတ်ပေးပြိုင်ပွဲ ၁၂ ပွဲတွင် ရမှတ် ၁၂ မှတ်သာရရှိခဲ့ကာ ရလဒ်ပိုင်းဆိုးရွားမှုကြောင့် အသင်းတာဝန်ရှိသူများက ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဗီလာရီးရဲလ်အသင်းသည် အသင်းလက်ထောက်နည်းပြမီဂွဲတီနာကို ယာယီခန့်အပ်ထားသော်လည်း ယခင်နည်းပြဟောင်းဖြစ်သည့် နည်းပြ မာဆယ်လီနိုကို နည်းပြသစ်ခန့်အပ်နိုင်ရေးဆွေးနွေးမှုပြုလုပ်နေကာ လာမည့်ရက်ပိုင်းအတွင်း သဘောတူလက်မှတ်ရေးထိုးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။



နည်းပြ မာဆယ်လီနိုသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ဗီလာရီးရဲလ်အသင်းကို တာဝန်ယူခဲ့ပြီးနောက် ဘီလ်ဘာအိုအသင်း၊ မာဆေးအသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး ပြီးခဲ့သည့် စက်တင်ဘာလက မာဆေးအသင်းနှင့်လမ်းခွဲခဲ့သောကြောင့် ဗီလာရီးရဲလ်အသင်းတာဝန်ရှိသူများက အသင်းနှင့် လက်တွဲခဲ့ဖူးသည့် နည်းပြမာဆယ်လီနိုကိုသာ ပြန်လည်ခန့်အပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik
Trs : ML

### ပရီးမီးယားလိဂ် ပွဲစဉ် (၁၂) ရလဒ်

| | | | | |
|---|---|---|---|---|
| ဝုဗ် | ၂ | - | ၁ | စပါး |
| အာဆင်နယ် | ၃ | - | ၁ | ဘန်လေ |
| ပဲလေ့စ် | ၂ | - | ၃ | အဲဗာတန် |
| မန်ယူ | ၁ | - | ၀ | လူတန် |


(ဝ၄ဝ)

# IBF အမျိုးသမီးဝယ်သာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲအဖြစ် နာတာရှာဂျိုးနက်စ်က မီကဲလာမေယာနှင့် ထိုးသတ်သွားမည်

**လန်ဒန် နိုဝင်ဘာ ၁၁**

WBC၊ WBO၊ IBF အမျိုးသမီးလိုက်မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဗြိတိန်လက်ဝှေ့မယ် နာတာရှာဂျိုးနက်စ်သည် IBF အမျိုးသမီး ဝယ်သာဝိတ်တန်း လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် စိန်ခေါ်သူ အမေရိကန် လက်ဝှေ့မယ် မီကဲလာမေယာနှင့် ထိုးသတ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။



မတူညီသော ဝိတ်တန်းနှစ်ခုတွင် ကမ္ဘာ့ချန်ပီယံခါးပတ်များ ဆွတ်ခူးထားသည့် နာတာရှာဂျိုးနက်စ်သည် မီကဲလာမေယာနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ထိုးသတ်ရန် သဘောတူညီမှုရရှိထားပြီး အချိန်နှင့်နေရာကို ရွေးချယ်နေဆဲဖြစ်ကြောင်း နာတာရှာဂျိုးနက်စ်၏ Promoter ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

လိုက်မစ်ဒယ်ဝိတ်တန်းနှင့်ဝယ်သာဝိတ်တန်းတို့တွင် အကောင်းဆုံး လက်ဝှေ့မယ်အဖြစ် သတ်မှတ်ခံထားရသည့် နာတာရှာဂျိုးနက်စ်သည်ဝိတ်တန်းနှစ်ခုစလုံးမှ ပြိုင်ဘက်များ၏စိန်ခေါ်မှုများကို တံခါးဖွင့်ထားပေးကြောင်း ထုတ်ဖော်ပြောကြားခဲ့သူဖြစ်ပြီး မီကဲလာမေယာ၏ စိန်ခေါ်မှုကိုလည်း ချက်ချင်းလက်ခံခဲ့ခြင်းဖြစ်သည်။

မီကဲလာမေယာသည်လည်း ဂျူနီယာလိုက်ဝိတ်တန်းတွင် ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့ဖူးသူဖြစ်ပြီး ဝယ်သာဝိတ်တန်း၏ ကမ္ဘာ့ချန်ပီယံကို ရယူလိုသည့်အတွက်ကြောင့် နာတာရှာဂျိုးနက်စ်ကို စိန်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

မီကဲလာမေယာသည် လက်ရှိ ဝယ်သာဝိတ်တန်းအဆင့်သတ်မှတ်ချက်တွင် အဆင့်(၆)နေရာ၌ ရပ်တည်နေပြီး ဂျူနီယာလိုက်ဝိတ်တန်း၏ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဟောင်း ဖြစ်သည့်အတွက် နာတာရှာဂျိုးနက်စ်ကို စိန်ခေါ်လာမှုနှင့်ပတ်သက်ပြီး IBF အဖွဲ့ချုပ်က ခွင့်ပြုပေးထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# Hong Kong Open ပြိုင်ပွဲအမှတ်ပေးဇယားကို ပါချာရာနှင့် ကင်မရွန်းစမစ်တို့ ပူးတွဲဦးဆောင်

**ဟောင်ကောင် နိုဝင်ဘာ ၁၁**

တရုတ်နိုင်ငံ ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသ၌ ကျင်းပနေသည့် Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် ထိုင်းဂေါက်သီးရိုက်ကစားသမား ပါချာရာနှင့် ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းစမစ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား ကမ်းဘဲလ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး တရုတ်(တိုင်ပေ) ဂေါက်သီးရိုက်ကစားသမား ချိုပုလီက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏တတိယနေရာ၌ ရပ်တည်လျက်ရှိသည်။

အမှတ်ပေးဇယားထိပ်ပိုင်းတွင် ရပ်တည်နေသောပြိုင်ပွဲဝင်များကြား ရိုက်ချက်ကွာဟမှုကျဉ်းမြောင်းနေကာ ချန်ပီယံအဆုံးအဖြတ်အတွက် နောက်ဆုံးနေ့ထိ အကြိတ်အနယ်ယှဉ်ပြိုင်ကစားရဖွယ်ရှိနေသည်။

ကင်မရွန်းစမစ်က "တတိယနေ့မှာ ကစားနိုင်ခဲ့တဲ့ပုံစံဟာ ပထမနေ့မှာကစားနိုင်ခဲ့တဲ့ ပုံစံအတိုင်းပါပဲ။ အမှားနည်းခဲ့တယ်။ ဒုတိယနေ့က အမှားတွေကို ပြင်ဆင်ပြီး ရလဒ်ကောင်းပြန်ယူနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒုတိယနေ့မှာ ရလဒ်ကျဆင်းခဲ့တဲ့အတွက် တတိယနေ့မှာ ဖိအားတချို့ရှိခဲ့ပါတယ်။ ဖိအားတွေနဲ့ကစားခဲ့ရပေမဲ့ ရလဒ်ကောင်းရယူနိုင်ခဲ့တယ်။ နောက်ဆုံးနေ့မှာလဲ ဖိအားကင်းကင်းနဲ့ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် တစ်လတာအကောင်းဆုံးနည်းပြဆု သုံးကြိမ်ဆက်ရခဲ့သည့်နည်းပြအဖြစ် ပိုစတီကိုဂလူ မှတ်တမ်းဝင်

**လန်ဒန် နိုဝင်ဘာ ၁၁**

စပါးအသင်းနည်းပြ ပိုစတီကိုဂလူသည် ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ချီးမြှင့်ပေးအပ်သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ အောက်တိုဘာလအတွက် တစ်လတာအကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် တစ်လတာအကောင်းဆုံးနည်းပြဆုကို သုံးလဆက် ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးနည်းပြအဖြစ် စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။

အသက် ၅၈ နှစ်ရှိ နည်းပြ ပိုစတီကိုဂလူသည် ယခုနှစ် ဘောလုံးရာသီတွင် စပါးအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး အသင်းနှင့် ပထမဆုံးဘောလုံးရာသီတွင်ပင် ရလဒ်ကောင်းများ ဆက်တိုက်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်းများ ပိုင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ပိုစတီကိုဂလူသည် ယခုနှစ်ဘောလုံးရာသီ ပထမဆုံး ကျင်းပခဲ့သည့် ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံးနည်းပြဆုကိုဆွတ်ခူးနိုင်ခဲ့ပြီးနောက် စက်တင်ဘာလနှင့် ယခုအခါအောက်တိုဘာလအတွက် အကောင်းဆုံးဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့ရာ သုံးလဆက် အကောင်းဆုံးနည်းပြဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။




နည်းပြ ပိုစတီကိုဂလူသည် အောက်တိုဘာလအတွင်း တာဝန်ယူကိုင်တွယ်ခဲ့သည့် ပွဲစဉ်သုံးပွဲတွင် လူတန်အသင်း၊ ဖူလ်ဟမ်အသင်းနှင့် ပဲလေ့စ်အသင်းတို့ကို အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် အောက်တိုဘာလအတွက် တစ်လတာ အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာလအတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်လတာ အကောင်းဆုံး ကစားသမားဆုကို လီဗာပူးအသင်းမှ ဆာလာဟ်၊ တစ်လတာအကောင်းဆုံးဂိုးပေါက် ကာကွယ်မှုကို ဖူလ်ဟမ်အသင်း ဂိုးသမား အော်ရီယိုလာ၊ တစ်လတာအကောင်းဆုံး သွင်းဂိုးဆုကို ဘရန့်ဖို့ဒ်အသင်း တိုက်စစ်မှူး ဂျေ့ဒ်ဒေါ့တို့က အသီးသီးဆွတ်ခူးနိုင်ခဲ့ကြကြောင်း သိရသည်။

Ref : RT
Trs : STA

# ATP Sofia Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သို့ ဒရက်ပါတက်ရောက်

**ဆိုဖီယာ နိုဝင်ဘာ ၁၁**

ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့၌ ကျင်းပနေသည့် ATP Sofia Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်ကစားသမား ဒရက်ပါနှင့် ဂျာမနီတင်းနစ်ကစားသမား ဂျန်လန်နက်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒရက်ပါက (၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ် အရွယ်သာရှိသေးသည့် ဒရက်ပါသည် အင်ဒီမာရေးနောက်ပိုင်း ATP Tour တွင် ဗိုလ်လုပွဲစဉ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် အသက်အငယ်ဆုံး ဗြိတိန်တင်းနစ်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဒရက်ပါသည် ဝါရင့်တင်းနစ်ကစားသမားဂျန်လန်နက်ကို ပြတ်သားသည့်ရလဒ်များဖြင့် နှစ်ပွဲပြတ် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ကစားသမားဘဝ၏ ပထမဦးဆုံးသော ATP Tour ဆုဖလားကို ဆွတ်ခူးနိုင်ရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်လာခဲ့သည်။

ဂျန်လန်နက်ကို အနိုင်ရရှိအောင် ကစားနိုင်ခဲ့သည့် ဒရက်ပါအနေဖြင့် ကမ္ဘာ့အဆင့် သတ်မှတ်ချက်သည်လည်း မြင့်တက်လာတော့မည်ဖြစ်ပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပါက ATP Tour တွင် ဗြိတိန်တင်းနစ်ကစားသမားများ အောင်မြင်မှုရရှိရန်ရှုန်းကန်နေရသည့် မှတ်တမ်းဆိုးကို ချေဖျက်နိုင်မည်ဖြစ်သည်။

ဒရက်ပါက "ဂျန်လန်နက်ဟာ ယခုနှစ် တင်းနစ်ရာသီအတွင်း မှတ်တမ်းကောင်းတွေ ရယူထားနိုင်တဲ့ ကစားသမားတစ်ယောက်ဖြစ်ပါတယ်။ အတွေ့အကြုံလဲရှိတဲ့ ကစားသမားတစ်ယောက် ဖြစ်ပြီးတော့ ဒီပြိုင်ပွဲမှာလဲ ဗိုလ်စွဲဖို့ ရေပန်းစားနေတဲ့ကစားသမားစာရင်းမှာ ပါဝင်နေတဲ့သူဖြစ်ပါတယ်။ ဂျန်လန်နက်ကို အနိုင်ကစားနိုင်ခဲ့ပြီး ဗိုလ်လုပွဲစဉ်ကို တက်ရောက်နိုင်လိမ့်မယ်လို့ ကျွန်တော်ထင်မထားပါဘူး။ ဆီမီးဖိုင်နယ်ပွဲစဉ် ကစားဖို့အတွက် ကျွန်တော့်မှာ ယုံကြည်မှုနည်းနေခဲ့သလို ဖိအားတွေလဲ ရှိနေခဲ့တယ်။ ဒါပေမဲ့ တကယ်တမ်း ပွဲကစားတဲ့အချိန်မှာ ပေါ့ပေါ့ပါးပါးနဲ့ ကစားနိုင်ခဲ့သလို အမှားအနည်းဆုံးဖြစ်အောင်လဲ ကစားနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ပြောင်းရွှေ့ကစားလိုသည်ဟု စတုဂတ်အသင်းတိုက်စစ်မှူးဂီရက်ဆီပြောကြား

**ဘာလင် နိုဝင်ဘာ ၁၁**

ယခုနှစ် ဘောလုံးရာသီတွင် စတုဂတ်အသင်း၌ အကောင်းဆုံး ခြေစွမ်းပြသနေသည့် တိုက်စစ်မှူး ဂီရက်ဆီက ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ပြောင်းရွှေ့ကစားလိုနေသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ ဂီရက်ဆီသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က ပြင်သစ်ကလပ် လာဗယ်အသင်းနှင့်စတင်ခဲ့ပြီး လိုင်လီအသင်း၊ အော်ဇေးအသင်း၊ ကိုလုံးအသင်း၊ ရင်းနက်အသင်းတို့သို့ အဆင့်ဆင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက စတုဂတ်အသင်းသို့ အပြီးသတ် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဂီရက်ဆီသည် ယခုနှစ်ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် စတုဂတ်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနေပြီး ဂျာမန်ဘွန်ဒက်လီဂါ ပြိုင်ပွဲတွင် ရှစ်ပွဲသာ ပါဝင်ကစားထားသော်လည်း ၁၄ ဂိုးထိ သွင်းယူနိုင်ခဲ့သည့်အပြင် တစ်ကြိမ်ဂိုးဖန်တီးမှုပြုလုပ်ထားသူဖြစ်သည်။

ဂီရက်ဆီသည် ယခုနှစ်ဘောလုံးရာသီတွင် စတုဂတ်အသင်းနှင့်အတူ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ၌ ပါဝင်ကစားခဲ့သည့်ပွဲစဉ်တိုင်း ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် အောက်တိုဘာ ၂၁ ရက်က ကစားခဲ့သည့် ယူနီယံဘာလင်အသင်းနှင့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သည့်အတွက် အနားယူနေခဲ့ရသူဖြစ်သည်။

စတုဂတ်အသင်းနှင့်အကောင်းဆုံး ခြေစွမ်းပြသနေပြီး သွင်းဂိုးများ သွင်းယူလျက်ရှိသည့် ဂီရက်ဆီကို ပရီးမီးယားလိဂ်ကလပ်အသင်းများက စိတ်ဝင်စားနေပြီး လာမည့်ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၁၅ သန်းဖြင့် ခေါ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : STA

**ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၁၁) ရလဒ်**

| | | | | |
|---|---|---|---|---|
| အော့စ်ဘတ် | ၁ | - | ၁ | ဟော်ဖန်ဟိမ်း |
| ဘိုင်ယန်မြူးနစ် | ၄ | - | ၂ | ဟိုဒန်ဟိမ်း |
| ဒမ်စတက် | ၀ | - | ၀ | မိန့်ဇ် |
| စတုဂတ် | ၂ | - | ၁ | ဒေါ့မွန် |

(၀၄၀)

# အရွယ်သုံးပါးစလုံး တရားရှာပါ

ဖျာပုံမောင်သုည

လူတစ်ယောက်ရဲ့ ဘဝတစ်သက်တာကို လောကနီတိကျမ်းမှာ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ဆိုပြီး ပိုင်းခြားသတ်မှတ်ထားပါတယ်။ သတ်မှတ်ထားပုံက ဒီလိုပါ။ ပထမအရွယ်မှာ ပညာရှာရပါမယ်။ ဒုတိယအရွယ်မှာ ဥစ္စာရှာရပါမယ်။ တတိယအရွယ်မှာ တရားရှာရပါမယ်။ အဲဒီလို ပထမ၊ ဒုတိယ၊ တတိယ အရွယ်တွေမှာ ပညာ၊ ဥစ္စာ၊ တရားတွေ မရှာနိုင်ရင်တော့ ဘာတစ်ခုမှ မရနိုင်တော့ပါဘူးတဲ့။

ရှေးခေတ် အိန္ဒိယလူမျိုးတွေဟာ မိမိတို့ရဲ့ လူ့ဘဝသက်တမ်းကို အရွယ်လေးမျိုး ပိုင်းခြားပြီး နေထိုင်ကျင့်သုံးကြပါတယ်။ အိန္ဒိယနီတိကျမ်းတွေကလာတဲ့ "အာရှရမ"လို့ခေါ်တဲ့ ရှေးခေတ် အိန္ဒိယလူမျိုးတွေ လိုက်နာကျင့်သုံးတဲ့ ဓလေ့လေးတစ်ခုပါ။

၁။ ပထမအရွယ် - ပညာရှာဖွေတာ၊
၂။ ဒုတိယအရွယ် - အိမ်ရာထောင်ပြီး စီးပွားဥစ္စာရှာဖွေတာ၊
၃။ တတိယအရွယ် - သားသမီးတွေကို ပစ္စည်းဥစ္စာတွေလွှဲအပ်ပြီး မိန်းမနဲ့အတူတောထွက်တာ၊
၄။ စတုတ္ထအရွယ် - မိန်းမကိုပါစွန့်ပြီး ရသေ့ဘဝနဲ့တစ်ပါးတည်း တရားအားထုတ်တာဟာ ရှေးခေတ် အိန္ဒိယလူမျိုးတွေရဲ့ ဓလေ့ကျင့်ထုံးတွေပါ။

ဒီအယူအဆလေးဟာ မြန်မာလူမျိုးတွေမှာလဲ စွဲကပ်နေပါတယ်။ ပထမအရွယ် ပညာရှာရမယ်။ ဒုတိယအရွယ် ဥစ္စာရှာရမယ်။ တတိယအရွယ်မှာ တရားရှာရမယ်ဆိုတာလေးပါ။

တကယ်တမ်း ဆန်းစစ်ကြည့်တဲ့အခါ တတိယအရွယ်မှာတရားရှာရမယ်ဆိုတာလေးက ဘဝင်မကျစရာပါ။ လူတစ်ယောက်ရဲ့အသက်ကို ဘယ်အရွယ်မှာ သေရမယ်လို့ ဘယ်သူကမှ အာမခံချက်မပေးနိုင်ပါဘူး။ ပထမအရွယ်မှာလဲ သေနိုင်ပါတယ်။ ဒုတိယအရွယ်မှာလဲ သေနိုင်ပါတယ်။ အဲဒီလို ပထမအရွယ်၊ ဒုတိယအရွယ်တွေမှာ သေသွားခဲ့ရင် တရားရှာဖို့အချိန်တောင်မရှိဘူးဖြစ်သွားမှာပေါ့။ စဉ်းစားဖို့ သိပ်ကောင်းပါတယ်။ တကယ်တော့ ဘယ်အရွယ်မှာပဲဖြစ်ဖြစ် တရားရှာထားသင့်ပါတယ်။ အကြောင်းကတော့ မိမိတို့ရဲ့သေခြင်းတရားဟာ အာမခံချက်မရှိလို့ပါပဲ။ တရားမရှာလိုက်ရဘဲ သေသွားခဲ့ရင် လူဖြစ်ရတာ သိပ်နစ်နာပါတယ်။ ပညာရှာရင်းနဲ့လဲ တရားရှာထားသင့်ပါတယ်။ ဥစ္စာရှာရင်းနဲ့လဲ တရားရှာထားသင့်တာပါပဲ။ နောက်ဆုံး တတိယအရွယ်က နေချင်လဲ နေရမယ်။ မနေချင်လဲ မနေရဘူးပေါ့။ တရားရှာထားရမယ်ဆိုလို့ တောထဲ၊ တောင်ထဲသွားပြီး တရားအားထုတ်ဖို့ကိုလဲ ဆိုလိုတာ မဟုတ်ပါဘူး။ တရားစခန်းရိပ်သာတွေ မပြတ်တမ်းဝင်ပြီး တရားအားထုတ်ခိုင်းတာလဲ မဟုတ်ပါဘူး။ သွားရင်း၊ လာရင်း၊ စားရင်း၊ သောက်ရင်းနဲ့လဲ တရားရှာလို့ရပါတယ်။ မိမိတို့အလုပ်ကိစ္စတွေ ဆောင်ရွက်ရင်းနဲ့လဲ တရားရှာလို့ရတာပါပဲ။ သွားရင်း၊ လာရင်းနဲ့ အလှူဒါနလေးတစ်ခု လုပ်လိုက်တာလဲ တရားပါပဲ။ ဒါနတရားပေါ့။ နေရင်း၊ ထိုင်ရင်းနဲ့ မိမိတို့သီလလေးကို ဆင်ခြင်နေတာလဲ တရားပါပဲ။ သီလတရားပေါ့။ အဲဒီလို ဒါနတရား၊ သီလတရားလေးတွေကို အလုပ်တွေ လုပ်နေရင်းနဲ့လဲ ရှာလို့ရနိုင်ပါတယ်။ အချိန်တွေ သီးသန့်ပေးစရာ မလိုပါဘူး။ မိမိက အချိန်ပေးနိုင်လို့ သမထဝိပဿနာ၊ ဘာဝနာဝိပဿနာ တရားတွေကို ကိုယ်တိုင်အားထုတ်နိုင်ရင်တော့ ပိုကောင်းတာပေါ့။ အားမထုတ်နိုင်သေးဘူးဆိုရင်တော့ ခုနကပြောတဲ့ ဒါနတရား၊ သီလတရားလေးတွေကို မကြာခဏ ရှာဖွေထားဖို့လိုပါတယ်။ ဒါမှလဲ လူဖြစ်ရကျိုးနပ်မှာပါ။ တတိယအရွယ်ရောက်မှ တရားရှာမယ်လို့ တွေးထားလို့ မရပါဘူး။ တတိယအရွယ်ထိမရောက်ဘဲ ပထမ၊ ဒုတိယအရွယ်နဲ့သေသွားရင် မိမိတို့နောက်ကို ဘာတရားမှမပါဘဲ ဖြစ်သွားမှာပါ။ ဘာတရားမှ မပါရင်တော့ သံသရာမှာ အခက်တွေ့ကြမှာပါပဲ။ အခက်တွေ့တယ်ဆိုတာ ကုသိုလ်တရားတွေမပါလို့ အကုသိုလ်တရားတွေက အကျိုးပေးပြီး မကောင်းတဲ့ ဒုဂ္ဂတိဘဝတွေ ရကြမှာကိုပြောတာပါ။ ဒုဂ္ဂတိဘဝတွေ မလိုချင်ရင်တော့ ငယ်ရွယ်တဲ့အချိန်ကစပြီး တရားရှာထားကြဖို့ပါပဲ။ လူရယ်လို့ဖြစ်လာရင် ပညာ၊ ဥစ္စာ စီးပွားဆိုတာ မဖြစ်မနေရှာထားသင့်တဲ့ အရာတွေပါ။ အဲဒီလိုပါပဲ။ တရားဆိုတာလဲ မဖြစ်မနေ ရှာထားသင့်တဲ့အရာပါပဲ။ ပညာနဲ့ ဥစ္စာတို့လို အချိန်ပြည့်ရှာတာမျိုး မဟုတ်ရင်တောင် မကြာခဏတော့ တရားကို ရှာထားသင့်ပါတယ်။ ပညာနဲ့ဥစ္စာ မရှာထားရင် နောင်တစ်ချိန် အသက်အရွယ်ကြီးလာတဲ့အခါ လူအောက်ကျတတ်ပါတယ်။ အဲဒီအခါမျိုးမှာ "ငယ်ရွယ်စဉ်အချိန်က ပညာတွေ၊ ဥစ္စာတွေ ငါမရှာမိခဲ့လေခြင်း" ဆိုပြီး မိမိကိုယ်ကို နောင်တရတတ်ပါတယ်။ ငယ်ရွယ်စဉ်အချိန်မှာ တရားမရှာထားမိဘူးဆိုရင်တော့ သေခါနီးအချိန်မှာ နောင်တရမှာပါ။ လူတစ်ယောက်ဟာ အသက်ကြီးလာပြီဆိုရင် ကံတွေ၊ ဉာဏ်တွေ မှဲ့သွားတတ်ပါတယ်။ ကံမှဲ့တယ်ဆိုတာ ခန္ဓာကိုယ် အားအင်တွေနည်းလာပြီ အိုမင်းမစွမ်းဖြစ်လာတာပါ။

မြတ်စွာဘုရားလက်ထက်က ဗာရာဏသီပြည်မှာ မဟာဓနသူဌေးကြီးရဲ့ သားဆိုတာ ရှိပါတယ်။ ကုဋေ ၈၀ ကြွယ်ဝပါတယ်။ သူလက်ထက်မှာ ရှာဖွေထားတာတော့ မဟုတ်ပါဘူး။ မိဘလက်ထက်က ကျန်နေခဲ့တဲ့ ပစ္စည်းဥစ္စာတွေပါ။ အဲဒီသူဌေးသားမှာ ဇနီးတစ်ယောက်လဲရှိပါတယ်။ သူ့ဇနီးကလဲ ကုဋေ ၈၀ ကြွယ်ဝပါတယ်။ ဇနီးမောင်နှံနှစ်ယောက်ပေါင်းရင် ကုဋေ ၁၆၀ ပေါ့။ အဲဒီငွေကြေးပမာဏဟာ သူ့ခေတ်သူ့အခါက ထိပ်တန်းသူဌေးစာရင်းဝင်တဲ့ ပမာဏပါ။ နည်းတဲ့ ကြွယ်ဝချမ်းသာမှုမျိုး မဟုတ်ပါဘူး။ အမိအဘတွေ ကွယ်လွန်သွားတော့ သူဌေးသားဇနီးမောင်နှံဟာ အမွေတွေ ရလိုက်ပါတယ်။ အရွယ်လေးတွေကလဲ အရွယ်ကောင်းလေးတွေပါ။ ဒါပေမဲ့ သူတို့ဇနီးမောင်နှံဟာ အဲဒီပစ္စည်းဥစ္စာတွေကို တိုးပွားလာအောင်မလုပ်ပါဘူး။ "ငါ့မိဘတွေကျန်ခဲ့တဲ့ ပစ္စည်းဥစ္စာတွေက နည်းတာမှတ်လို့ ငါ့မိဘတွေဘက်က ကုဋေ ၈၀၊ ငါ့ဇနီးမိဘတွေဘက်က ကုဋေ ၈၀ ပေါင်းလိုက်ရင် ငါတို့ဇနီးမောင်နှံမှာ ကုဋေ ၁၆၀ တောင်ရှိတာ ငါတို့တစ်သက် သုံးမကုန်ဖြုန်းမကုန်ဘဲဟေ့" ဆိုပြီး အပေါင်းအသင်းတွေနဲ့ သောက်စားပျော်ပါးပြီးနေပါတယ်။ ကြာလာတော့ ပစ္စည်းဥစ္စာတွေဟာ နည်းလာပါတယ်။ ဒီလိုနဲ့ ဘာအလုပ်မှ မလုပ်ဘဲ ထိုင်ဖြုန်းလာလိုက်တာ သူတို့ဇနီးမောင်နှံလဲ တဖြည်းဖြည်းနဲ့ တတိယအရွယ်ကိုတောင် လွန်လာခဲ့ပါတယ်။ အိုမင်းမစွမ်းတဲ့အရွယ်တွေပါ။ အသက်တွေကြီးလာတာနဲ့အမျှ သူတို့ပိုင်ဆိုင်တဲ့ ဥစ္စာတွေလဲ ကုန်ခန်းလာပါတယ်။ သူဌေးသား ဇနီးမောင်နှံဟာ ပညာလဲမရှာခဲ့ပါဘူး။ ဥစ္စာကိုလဲ တိုးပွားအောင် မရှာခဲ့ပါဘူး။ တရားကိုလဲ မရှာဖွေခဲ့ကြပါဘူး။ မိဘအမွေအနှစ်တွေကို သုံးဖြုန်းရင်းနဲ့ပဲ အသက်တွေကြီးပြီး တတိယအရွယ်ကို ရောက်လာခဲ့ကြတာပါ။ နောက်ဆုံးမှာတော့ အဘိုးကြီး၊ အဘွားကြီးတွေဖြစ်ပြီး လမ်းဘေးတောင်းစားရတဲ့ဘဝကို ရောက်သွားပါတော့တယ်။

❖ လူတစ်ယောက်ရဲ့အသက်ကို ဘယ်အရွယ်မှာ သေရမယ်လို့ ဘယ်သူကမှ အာမခံချက်မပေးနိုင်ပါဘူး။ ပထမအရွယ်မှာလဲ သေနိုင်ပါတယ်။ ဒုတိယအရွယ်မှာလဲ သေနိုင်ပါတယ်။ အဲဒီလို ပထမအရွယ်၊ ဒုတိယအရွယ်တွေမှာ သေသွားခဲ့ရင် တရားရှာဖို့အချိန်တောင် မရှိဘူးဖြစ်သွားမှာပေါ့။ စဉ်းစားဖို့သိပ်ကောင်းပါတယ်။ တကယ်တော့ ဘယ်အရွယ်မှာပဲဖြစ်ဖြစ် တရားရှာထားသင့်ပါတယ်။ အကြောင်းကတော့ မိမိတို့ရဲ့ သေခြင်းတရားဟာ အာမခံချက်မရှိလို့ပါပဲ။ တရားမရှာလိုက်ရဘဲ သေသွားခဲ့ရင် လူဖြစ်ရတာ သိပ်နစ်နာပါတယ်။ ပညာရှာရင်းနဲ့လဲ တရားရှာထားသင့်ပါတယ်။ ဥစ္စာရှာရင်းနဲ့လဲ တရားရှာထားသင့်တာပါပဲ။ နောက်ဆုံး တတိယအရွယ်က နေချင်လဲနေရမယ်။ မနေချင်လဲ မနေရဘူးပေါ့။ ❖

တစ်နေ့တော့ ဆွမ်းစားဇရပ်တစ်ခုမှာ အဲဒီသူဌေးသား ဇနီးမောင်နှံကို ရဟန်းသာမဏေတွေက ဆွမ်းကျန်၊ ဟင်းကျန်တွေစွန့်နေတာ မြတ်စွာဘုရားရှင်က မြင်တော်မူပါတယ်။ ဘုရားက အဲဒီဇနီးမောင်နှံရဲ့ အဖြစ်ကိုမြင်တော့ ပြုံးတော်မူပါတယ်။ မြတ်စွာဘုရားရှင်ဟာ ပြုံးခဲ့ပါတယ်။ ပြုံးလိုက်တဲ့အခါမှာလဲ သွားတော်ကနေ ရောင်ခြည်တွေကွန့်မြူး လာတယ်လို့ စာမှာဆိုပါတယ်။ အဲဒီလို ရောင်ခြည်ကွန့်မြူးတာကိုကြည့်ပြီး နောက်က သံဃာတော်တွေဟာ ဘုရားပြုံးတော်မူတယ်လို့ သိကြရပါတယ်။ အခုလဲ မြတ်စွာဘုရားပြုံးတော်မူတာကိုသိတဲ့ အရှင်အာနန္ဒာက "အရှင်ဘုရား ပြုံးတော်မူတာရဲ့အကြောင်းကို သိလိုပါတယ်ဘုရား"လို့ လျှောက်ထားပါတယ်။ ဒီတော့မှ မြတ်စွာဘုရားက-

"အာနန္ဒာ ဟိုဆွမ်းစားဇရပ်မှာ ရဟန်းသာမဏေတွေက ဆွမ်းကျန်၊ ဟင်းကျန် စွန့်နေရှာတဲ့ အဘိုးအိုနဲ့အဘွားအိုဟာ ဒီဗာရာဏသီပြည်က မဟာဓနသူဌေးကြီးရဲ့ သားနဲ့ ချွေးမ တို့ဖြစ်ကြတယ်။ သူတို့ကိုကြည့်လော့ အာနန္ဒာ။ အဲဒီဇနီးမောင်နှံဟာ ပထမအရွယ်မှာ လောကီစီးပွားကိုရှာကြမယ်ဆိုရင် ဒီဗာရာဏသီပြည်မှာ ပထမတန်းစား သူဌေးကြီးဖြစ်မယ်။ လောကုတ္တရာချမ်းသာကိုရှာမှီးပြီး တရားဘာဝနာအားထုတ်မယ်ဆိုရင် အမျိုးသားက ရဟန္တာ၊ အမျိုးသမီးက အနာဂါမ်ဖြစ်မယ်။ ဒုတိယအရွယ်မှာလောကီချမ်းသာကိုရှာရင် ဒုတိယတန်းစားသူဌေးဖြစ်မယ်။ လောကုတ္တရာချမ်းသာကိုရှာရင် အမျိုးသားက အနာဂါမ်၊ အမျိုးသမီးက သကဒါဂါမ်ဖြစ်မယ်။ တတိယအရွယ်မှာ လောကီစီးပွားကိုရှာရင် တတိယတန်းစား သူဌေးဖြစ်မယ်။ လောကုတ္တရာ ချမ်းသာအကျိုးငှာ တရားဘာဝနာပွားများရင် အမျိုးသားက သကဒါဂါမ်၊ အမျိုးသမီးက သောတာပန်ဖြစ်မယ်။ အာနန္ဒာ ဒီသူဌေးသား ဇနီးမောင်နှံတို့ဟာ လူ့စည်းစိမ်ချမ်းသာကိုလဲ ဆုံးရှုံးခဲ့ရပြီ။ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကိုလဲ ဆုံးရှုံးခဲ့ရပြီ"ဟု မိန့်ကြားတော်မူလိုက်ပါတယ်။

ဆက်ပြီးတော့လဲ မြတ်စွာဘုရားက "လူမိုက်တို့သည် နုပျိုသောအရွယ်၌ မြတ်သောအကျင့်ကို မကျင့်ခဲ့မိဘဲ ဥစ္စာကိုလည်း မရလိုက်သောကြောင့် ငါးများကုန်ခန်းသောညွှန်အိုင်ထဲ၌ အတောင်ကျိုးသည့် ကြိုးကြာအိုများကဲ့သို့ မှိုင်နေကြရကုန်၏။ နုပျိုသောအရွယ်၌ မြတ်သောအကျင့်ကိုမကျင့်မိခဲ့ဘဲ ဥစ္စာကိုလည်း မရလိုက်သောကြောင့် လေးမှလွတ်ပြီး၍ အရှိန်ကုန်သောမြားတို့ကဲ့သို့ (ရှေ့က ခံစားခဲ့ဖူးသည့်) ရှေ့ဖြစ်ဟောင်းတို့ကို အောက်မေ့ညည်းတွား၍သာ နေရရှာကုန်၏"လို့ မိန့်တော်မူလိုက်ပါတယ်။ ဓမ္မပဒမှာလာတဲ့ "မဟာဓန သူဌေးသား" ဝတ္ထုလေးပါ။ ဒီမဟာဓနသူဌေးသားဝတ္ထုကို လေ့လာကြည့်တဲ့အခါ သင်ခန်းစာယူစရာတွေ အများကြီးပါပဲ။ အဲဒီ ဇနီးမောင်နှံဟာ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်တွေ ကြိုးစားမယ်ဆိုရင် လောကီချမ်းသာကော၊ လောကုတ္တရာချမ်းသာကောရနိုင်ကြတဲ့ အခွင့်အရေးတွေရှိပါတယ်။ အဲဒီထဲမှာမှ ပထမအရွယ်မှာ ကြိုးစားမယ်ဆိုရင် ရလာနိုင်တဲ့ လောကီလောကုတ္တရာချမ်းသာတွေက အားရစရာကြီးပါ။ ပထမအရွယ်မှာသာ တရားရှာခဲ့ရင် အမျိုးသားက ရဟန္တာတောင် ဖြစ်နိုင်ပါတယ်။ အမျိုးသမီးက အနာဂါမ်ဖြစ်နိုင်ပါတယ်။ ပထမအရွယ်မှာပဲ ပစ္စည်းဥစ္စာရှာမယ်ဆိုရင် ပထမတန်းစား သူဌေးကြီးဖြစ်နိုင်ပါတယ်။ ဒါဟာ လူတစ်ယောက်ရဲ့ ပထမအရွယ်ဟာ အကောင်းဆုံးဆိုတာကို မီးမောင်းထိုးပြလိုက်သလိုပါပဲ။ ဟုတ်ပါတယ်။ လူတစ်ယောက်ရဲ့ ပထမအရွယ်ဆိုတာ ကံတွေ၊ ဉာဏ်တွေ သိပ်အားကောင်းနေတဲ့အရွယ်ပါ။ အဲဒီ ပထမအရွယ်မျိုးမှာ တရားရှာမယ်ဆိုရင်လဲ အားကြိုးမာန်တက်နဲ့ ရှာဖွေနိုင်ပါတယ်။ အခြားပညာတို့၊ ဥစ္စာတို့ ရှာမယ်ဆိုရင်လဲ အင်တိုက်အားတိုက် ရှာဖွေနိုင်တဲ့အရွယ်ပါ။ လူ့ဘဝဆိုတာ ရဖို့မလွယ်ပါဘူး။ ရခဲပါတယ်။ အဲဒီရခဲတဲ့ လူ့ဘဝကိုရလာကြတဲ့အခိုက်မှာ အရွယ်တွေ ရွေးမနေဘဲ အခွင့်သင့်ရင်သင့်သလို တရားရှာကြဖို့ပါပဲ။

နောက်တစ်ခုအနေနဲ့ တင်ပြချင်တာကတော့ ဘယ်အရွယ်ပဲဖြစ်ဖြစ် တရားရှာကြဖို့ပါ။ ဘယ်အရာမှ မတည်မြဲတဲ့ သင်္ခါရလောကကြီးထဲမှာ မိမိတို့ရထားတဲ့ အသက်ဆိုတာလဲမမြဲပါဘူး။ မမြဲတဲ့ အသက်ခန္ဓာကိုယ်ကြီးရထားတာဖြစ်လို့ တရားရှာတဲ့နေရာမှာ နေ့၊ ညတွေ ရွေးမနေသင့်ပါဘူး။ အလှူဒါနပြုချင်စိတ်ပေါ်ရင် ချက်ချင်းသာပြုလိုက်ပါ။ သီလဆောက်တည်ချင်စိတ်ပေါ်ရင်လဲ ချက်ချင်းပဲ ဆောက်တည်လိုက်ပါ။ တရားရှုမှတ်ချင်စိတ်ဖြစ်ပေါ်ရင်လဲ ချက်ချင်းပဲ ရှုမှတ်လိုက်ပါ။ နေရာတွေ ရွေးမနေပါနဲ့။ အရွယ်လဲ ရွေးမနေပါနဲ့။ ဒါန၊ သီလ၊ ဘာဝနာ ဒီတရားသုံးမျိုးထဲက တစ်ခုခုကို မိမိတို့ပြုလုပ်ချင်စိတ်ပေါ်ရင် ချက်ချင်းသာပြုလုပ်လိုက်ပါ။ နေရာတွေ၊ အရွယ်တွေ ရွေးနေရင် မပြုလုပ်ဖြစ်တာ များပါတယ်။ ပုထုဇဉ်တို့ရဲ့ သဒ္ဓါတရားက အမြဲတည်တံ့မနေပါဘူး။ သဒ္ဓါတရားပေါ်တဲ့ အခိုက်လေးမှာ တရားရှာချင်စိတ်ဖြစ်တာပါ။ အဲဒါကို မိမိတို့က ဟိုရွှေ့၊ ဒီရွှေ့ လုပ်နေရင်းနဲ့ သဒ္ဓါတရားပျောက်သွားတဲ့အခါ တရားရှာချင်တဲ့စိတ်ကလေးလဲ ပျောက်သွားတတ်ပါတယ်။ ဒါကြောင့် အချိန်တွေ၊ နေရာတွေ၊ အရွယ်တွေ ရွေးမနေဘဲ တရားရှာချင်တဲ့ စိတ်ကလေးပေါ်တာနဲ့ ချက်ချင်းသာ ပြုလုပ်လိုက်ပါ။ "ဘယ်အရွယ်ပဲဖြစ်ဖြစ် အရွယ်သုံးပါးစလုံး တရားရှာကြပါ"လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။

**ကိုးကား**

– **ဓမ္မပဒ၊ ဇရာဝဂ်၊ မဟာဓနသူဌေးသားဝတ္ထု။**
– **လောကနီတိ၊ ပဏ္ဍိတကဏ္ဍ၊ ဂါထာ (၁၆)။**
– **ရေစကြို အရှင်သောဓိ၊ ထေရဝါဒဗုဒ္ဓဘာသာ။**

# Ngapali Beach in Thandwe Township of Rakhine State to celebrates Ngapali autumn festival on 18-27 November


A previous Ngapali autumn festival in progress.

**Thandwe November 11**

The Ngapali autumn festival will take place at Ngapali beach of Thandwe Township in Rakhine State from 18 to 27 November, said U Tin Tun Aung, Director of Rakhine State Directorate of Hotels and Tourism.

It will be celebrated at the public area of Ngapali beach for 10 days. The festival will comprise bonfire, beach sports, sandy painting, cycling, tug-of-war and greasing pole contests in addition to night life and sale festival.

The night life and sale festival will include traditional foods of ethnics and MSME shops. Moreover, the stage show entertainment will be presented to the people whereas traditional costume contest will be staged.

"Ngapali autumn festival will be held in November. It is an annual festival. Funfairs will comprise Rakhine traditional wrestling, volleyball, cycling, race and greasing pole contests," he added.

Such a festival aims to attract more travellers to the beach. Similar festivals were held on 14 November in 2021 and 22 November in 2022.

Ngapali beach is the best and most beautiful ones in Myanmar. Before Covid-19, number of foreigners and local travellers paid visits to the beach.

ASH

# Myanmar to export Hass avocado to Thailand starting from this month

**Nay Pyi Taw November 11**

Myanmar will start export of Hass avocado to Thailand this month, said Ko Kyaw Soe Min, secretary of Myanmar Avocado Growers and Exporters Association.

As avocado is ripening in November, export of the fruits will start this month, he added.

The association expected to get the floor price of avocado at K6,000 to K10,000 per kilogramme in exportation.

"Starting from the harvest season, floor prices may be different. For example, Amara strain of avocado will be K5,000 per kilo but consumer actually buys the fruits at K8,000 per kilo. Buccaneer avocado will fetch K4,000 per fruit. Hass avocado can get K4,000 per kilo. So, it is a wholesale price. In the start of season, the floor price is expected to get K6,000 to K10,000 per kilo," he explained.

This year's start of the season may be better than that of previous year. Last year, avocado fetched K2,500 to K4,000 per kilo but this year's floor price is set at K5,000 per kilo.



Samples of Hass avocados seen at the airport before being exported to Thailand.

ASH

# Technical assistance provided to more than 3,100 livestock farms in Mandalay Region

**Mandalay November 11**

Mandalay Region Livestock Breeding and Veterinary Department is providing technical assistance to more than 3,100 livestock farms being operated on a commercial scale in Mandalay Region, said Head of the Region Department Dr Khin Zaw.

Officials from relevant departments give technical training courses to local farmers to follow good animal husbandry practices to local livestock farmers in addition to services. Hence, livestock sector improves in the region, contributing the socioeconomic life of the people. It will narrow the development gap between the people from rural and urban regions.

"Our department is striving for development of the livestock sector and urging the local farmers to extend their farms in the region. Moreover, we are creating chances for them to have good husbandry practices in their businesses. The courses are being conducted for them to have a wider range of knowledge in livestock sector," he explained.

There are 180 domestic cow farms, 50 dairy cow farms, 260 pig farms, 450 goat farms, 1,016 layer farms, 1,070 broiler farms, 10 domestic chicken farms, more than 30 quail farms, two domestic duck farms and 100 layer duck farms, totalling more than 3,100 farms in Mandalay Region.

185

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Yanbye Township mainly sends oysters, grouper to Yangon Region

**Yanbye November 11**

Oyster and grouper farms from Yanbye Township in Kyaukpyu District of Rakhine State distribute their marine products to Yangon Region, said U Khin Maung Aye, farmer of Oyster and Grouper Farm in Yanbye Township.

"Oyster and grouper farms are being operated on a commercial scale in Thazintanpauk Creek in Yanbye Township. Fishery products form the farms are sent to hotels, motels and restaurants in Yangon Region.

"We started oyster and grouper farms in 2018-19 financial year. Primarily, we breed six kinds of marine product trading. We trade grouper, scorpion shrimp and soft crabs. We breed soft crabs at our farms for 45 days. Then, we send it to cold storage facilities in Pyaukpyu. Oyster and grouper are being bred and sent to hotels, restaurants and fishery wholesale depots in Yangon and Ngapali," said U Khin Maung Aye.

They trade oyster in the market, fetching K1,500 to K2,500 per oyster. So also, soft crab gets K14,500 per kilo. The soft crab less than one kilo fetches K4,000 to K13,000. Grouper and scorpion shrimp fetch K150,000 per viss. They are also traded at K54,000 to K70,000 per kilo of grouper.

Oyster, grouper and soft crab farming is one of the MSME businesses in Kyaukpyu District of Rakhine State, and it is an entrepreneurship.

ASH


An oyster and grouper farm seen from afar.

# Kyaikkasan Pagoda to host Mathoe golden lotus robe weaving contest


Kyaikkasan Pagoda.

**Yangon November 11**

The Mathoe robe weaving contest will take place at Kyaikkasan Pagoda in Yangon, according to a press release issued by the pagoda board of trustees on 9 November.

The pagoda enshrined with seven sacred hair and 10 sacred relics is located in Thingangyun Township. The pagoda hosts Tazaungdine lighting festival and Mathoe robe weaving contest on a yearly basis.

The 42nd Mathoe robe weaving contest will be held at the Mingala pavilion on the platform at the corner of southwest corner on 26 November.

In this regard, five looms will take part in the competition and their robes will be offered to the pagoda at dawn of 27 November.

The board will present deserved prizes to the winners. The first prize will be K1 million, the second K900,000, the third K800,000, the fourth K700,000 and the fifth K600,000.

336

# A Buddha statue found in excavation of research in ancient Pyu State Pinle (Mongmaw) in Myittha Township

**Myittha November 11**

A Buddha statue was found in excavation to conduct research at ancient Pyu city state Pinle (Mongmaw) in Myittha Township of Mandalay Region, according to the Department of Archaeology and National Museum in Nay Pyi Taw.

Mound 22 (a) was excavated southeast of Kanswe Village outside Pyu city state Pinle (Mongmaw) in Myittha Township fropm 4 November. On 7 November, a Buddha image was found in pit No D5.

The image is 6.5 centimetres high and its head if 4.2 cetimetre in girth, the shoulders 1.8 centimetres wide, ears 0.8 centimetre, and knees 2.2 centimetres. The throne is 2.7 centimetres in base and the whole image weighed 0.04 kilogrammes.

The department always conducts research in excavation at the ancient Pyu city Mongmaw since December 1978-89 financial year. Till 2022-23 FY, the department has conducted researches on 23 mounds.


Photo shows the excavated Buddha statue.

In 1981-81 FY, two silver Buddha images were found from mound No 8, eight gold Buddha images, four gold and silver mixed images, two silver Cetis and one alloyed image from dredging the feeder canal of Kinda, southeast of Mongmaw Village in 2005. All images are not different in sized but hand postures.

Evidences from excavating the mounds in ancient Pyu city state Mongmaw contribute much to Myanmar history.

ASH

# More than 720 foodstuffs, personal goods allowed for laboratory tests this financial year

**Mandalay November 11**

Mandalay Region Small-scale Industries Department has allowed more than 720 items of foodstuffs and personal goods for laboratory tests so as to emerge manageable-scale businesspersons in Mandalay Region, said director U Win Bo of the department.

The department slated to give laboratory tests for 620 items of products this financial year. So far, the department has tested 376 items of foodstuffs and cosmetics and 346 items for microbiological tests, totalling 722.

"We give laboratory tests in two types for products of businesspersons this financial year. So far, we have performed tests rather than the target. Businesspersons need to receive tests for their products before distributing them to the market. It aims to ensure food safety and security of the people," he explained.

The laboratory tests can prevent chemical residues and low-quality products to be flowed into the domestic market and it will be safety for consumers.

185

# Xi calls for letting internet better benefit people of all countries

**Beijing November 11**

Chinese President Xi Jinping on Wednesday called for letting the internet better benefit people of all countries when he addressed the opening ceremony of the 2023 World Internet Conference (WIC) Wuzhen Summit via video.

Xi said that the vision of jointly building a community with a shared future in cyberspace, which he proposed at the second WIC in 2015, has garnered widespread international recognition and positive responses.

The vision answers the questions of our times related to resolving the development deficit, addressing security challenges, and enhancing mutual learning between civilizations, Xi said.

Xi stressed that the international community needs to deepen exchanges and practical cooperation to jointly advance the building of a community with a shared future in cyberspace to a new stage.

He called for prioritizing development to let the fruits of internet development benefit more countries and people.

Xi emphasized the need to improve public access to information-based services, bridge the digital divide, and improve people's livelihood with internet development.

Xinhua

# UN humanitarians voice concern over escalation in West Bank

**United Nations November 11**

UN humanitarians on Friday voiced extreme concern over the escalating violence and tensions in the West Bank as well as the deteriorating humanitarian situation in Gaza.

The UN Office for the Coordination of Humanitarian Affairs (OCHA) said the number of Palestinians reported killed in the West Bank since Oct. 7 accounts for 42 percent of all Palestinian fatalities in the territory in 2023.

On Thursday, 18 Palestinians, including one child, were killed by Israeli forces. The deadliest incident of the day, which lasted for 12 hours, took place in Jenin Refugee Camp, with 13 fatalities. The operation involved armed clashes and airstrikes, resulting in extensive infrastructure damage in the camp, said OCHA.

Since Oct. 7, 167 Palestinians, including 45 children, have been killed by Israeli forces. Eight others, including one child, were killed by Israeli settlers. Three Israelis have been killed in attacks by Palestinians, it said.

In Gaza, people continued to flee southwards. More than 50,000 people fled on foot or donkey carts on Thursday, said OCHA.

More trucks entered Gaza on Thursday. But the volume of aid entering Gaza remains wholly inadequate, and more than one entry point is needed, it said.

Xinhua



# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## ယူကရိန်းက ဒရုန်းများဖြင့် ရုရှားကိုဆက်လက်တိုက်ခိုက်သွားမည်



ယူကရိန်းသည် ယခုဆောင်းရာသီတွင် ရုရှားနိုင်ငံကို ဒရုန်းများဖြင့် ဆက်လက်တိုက်ခိုက်မည်ဖြစ်ကြောင်း ယူကရိန်းစစ်ဦးစီးချုပ်ရုံးမှ တိုက်ခိုက်မှုစနစ်များကို ဦးစီးဆောင်ရွက်နေသည့် ဗိုလ်ချုပ် Sergey Baranov က ပြောကြားသည်။

မော်စကိုမြို့ရှိ အရပ်ဘက်အခြေခံအဆောက်အအုံများကို ဒရုန်းများသုံး၍ အကြမ်းဖက်တိုက်ခိုက်မှုများ ယူကရိန်းနိုင်ငံက အကြိမ်ကြိမ်တိုက်ခိုက်ခဲ့သည်ဟု ရုရှားတာဝန်ရှိသူများက ဆိုသည်။

နိုဝင်ဘာ ၅ ရက်က The Independent သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ယူကရိန်းစစ်ဦးစီးချုပ်ရုံးမှ တိုက်ခိုက်မှု စနစ်များကို ဦးစီးဆောင်ရွက်နေသည့် ဗိုလ်ချုပ် Sergey Baranov က ရုရှားနိုင်ငံ၏ ကရိုင်းမီးယားကျွန်းဆွယ်နှင့် နယ်စပ်ဒေသများကို ဝေဟင်မှဗုံးကြဲတိုက်ခိုက်ခြင်းများ ထပ်မံပြုလုပ်သွားမည်ဟု ပြောကြားသည်။

"တိုက်ပွဲတွေ တည်ငြိမ်လာတဲ့အခါ ရုရှားတွေအပေါ် ဆိုးဆိုးရွားရွား သက်ရောက်မှုတွေရှိလာစေဖို့ ပြီးခဲ့တဲ့နှစ်က ရရှိခဲ့တဲ့ အတွေ့အကြုံတွေကိုအသုံးချပြီး ဒရုန်းတွေကို အသုံးပြုတိုက်ခိုက်ဖို့ ရည်ရွယ်ထားပါတယ်"ဟု Sergey Baranov က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံဘက်မှ ၎င်း၏ပိုင်နက်အဖြစ် အခိုင်အမာပြောဆိုထားခြင်းအတွက် အဓိက ထောက်ပံ့ပို့ဆောင်ရေးအချက်အချာအဖြစ် သတ်မှတ်ထားသည့် ကရိုင်းမီးယားကျွန်းဆွယ်ကို ပစ်မှတ်ထားတိုက်ခိုက်သွားမည်ဖြစ်ကြောင်း Baranov က ပြောကြားသည်။

ယူကရိန်းသည် ကရိုင်းမီးယားကျွန်းဆွယ်တွင် စစ်ရေးစွမ်းအားစုများဖြည့်တင်းထားရှိပြီးဖြစ်သည့် ရုရှားထံမှတန်ပြန်ချေမှုန်းခြင်းများအတွက် ကြိုတင် တွက်ဆထားသင့်သည်ဟု Baranov က မှတ်ချက်ပြုခဲ့သည်။

မကြာသေးမီလများအတွင်း ယူကရိန်းတပ်ဖွဲ့များသည် နယ်နိမိတ်ချင်းထိစပ်နေသည့် ရုရှားပိုင်နက် အထူးသဖြင့် Belgorod၊ Kursk ဒေသနှင့် ကရိုင်းမီးယားဒေသများတွင် ဒရုန်းများဖြင့် တိုက်ခိုက်မှုများအရှိန်မြှင့်လုပ်ဆောင်ခဲ့ပြီး ဒရုန်းအများအပြားပါဝင်သည့် အုပ်ဖွဲ့စီးနင်းတိုက်ခိုက်မှုများဖြင့် လုပ်ဆောင်လာခဲ့ကြသည်။

ပြီးခဲ့သည့်လက တိုက်ခိုက်မှုတစ်ခုတွင် ရုရှားတပ်ဖွဲ့များသည် ကရိုင်းမီးယားကျွန်းဆွယ်မှ ဒရုန်း ၃၆ စင်းကိုပစ်ချနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

တစ်ချိန်တည်းမှာပင် ယူကရိန်းနိုင်ငံသည် Kursk နျူကလီးယားဓာတ်အားပေးစက်ရုံကို ဒရုန်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ ဒရုန်းများထဲမှ တစ်စင်းသည် နျူကလီးယားစွန့်ပစ်ပစ္စည်းသိုလှောင်ရုံ တစ်ခုပေါ်သို့ ပျက်ကျခဲ့ကြောင်း၊ ယူကရိန်းသည် နျူကလီးယား ကပ်ဘေးအန္တရာယ် ဖြစ်ပေါ်လာရန် ကြိုးစားနေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Maria Zakharova က မှတ်ချက်ပေး ပြောကြားခဲ့သည်။

ရုရှားနိုင်ငံမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ ယူကရိန်းသည် မော်စကိုမြို့သို့ဦးတည်၍ တာဝေးပျံသန်းနိုင်သော ဒရုန်းများဖြင့် စီးနင်းတိုက်ခိုက်မှု အများအပြားပြုလုပ်ခဲ့ပြီး ဒရုန်းအများစုသည် ရုရှား လေကြောင်းရန်ကာကွယ်ရေးစနစ်များမှ ပစ်ချခြင်း သို့မဟုတ် အချက်ပြပြတ်တောက်မှုကြောင့် လမ်းလွဲသွားခြင်းများသာ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မည်သို့ပင်ဆိုစေကာမူ အထူးသဖြင့် ရုရှားမြို့တော် မော်စကိုမြို့ စီးပွားရေးခရိုင်ရှိ အဆောက်အအုံအချို့ ပျက်စီးခဲ့ရသည်ထိ ယူကရိန်းတို့ဘက်က အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်လာခဲ့ကြသည်။

**Ukraine threatens Russia with new drone 'bombardment' ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်က ဓားစာခံများကိုရှာဖွေရန် ဂါဇာကမ်းမြောင်တွင် Reaper ဒရုန်းများ ဖြန့်ကြက်အသုံးပြုလျက်ရှိ

အမေရိကန်သည် ဂါဇာကမ်းမြောင်ဒေသတွင် ဟားမတ်စ်များ ဖမ်းဆီးထားသော ဓားစာခံများကိုရှာဖွေရန် MQ-9 Reaper ဒရုန်းများကို ဖြန့်ကြက်အသုံးပြုလျက်ရှိကြောင်း ပင်တဂွန်စစ်ဌာနချုပ်က အတည်ပြုလိုက်သည်ဟု www.thedefensepost.com သတင်းဌာနက နိုဝင်ဘာ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပါလက်စတိုင်းနယ်မြေ ပိုင်နက်ပေါ်တွင် အမှတ်အသားမပါရှိဘဲ ပျံသန်းနေသောလေယာဉ်ကို Open-Source ပျံသန်းမှုခြေရာခံသူများကတွေ့ရှိသောအခါ အတည်ပြုချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

"ဒီဒရုန်းတွေပျံသန်းမှုဟာ အစ္စရေးကို ဟားမတ်စ်တွေရဲ့ အောက်တိုဘာ ၇ ရက် တိုက်ခိုက်မှုအပြီးမှာ စတင်လုပ်ဆောင်ခဲ့တာပါ"ဟု ပင်တဂွန်စစ်ဌာနချုပ်၏ပြောကြားချက်ကို ကိုးကားဖော်ပြထားကြောင်း သိရသည်။

ယခုလုပ်ရပ်သည် ဟားမတ်စ်များ ဖမ်းဆီးထားသော ဓားစာခံ ၂၄၀ ကျော်အားလုံးကို ပြန်လည်လွတ်မြောက်ရန် သို့မဟုတ် အမေရိကန်နိုင်ငံသားများ ပြန်လည် လွတ်မြောက်လာရန်အတွက် ရည်ရွယ်လုပ်ဆောင်နေခြင်းလားဆိုသည်ကိုမူ ရှင်းရှင်းလင်းလင်း မသိရှိရသေးကြောင်း အမည်မဖော်လိုသည့် အမေရိကန်အရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ABC News သတင်းဌာနက ရေးသားခဲ့သည်။

အဆိုပါ ဒရုန်းများသည် ဓားစာခံများကိုရှာဖွေရာတွင် အစ္စရေးကိုကူညီရန် အမေရိကန်၏ ကြိုးပမ်းချက်ဖြစ်ပြီး အမေရိကန် အထူးစစ်ဆင်ရေးတပ်ဖွဲ့များမှအစီအစဉ်ရေးဆွဲမှုနှင့် ထောက်လှမ်းမှုဆိုင်ရာ ပံ့ပိုးကူညီမှုများအတွက် ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

"အမေရိကန်က သူတို့ရဲ့ ဓားစာခံပြန်လည်လွတ်မြောက်လာရေးကြိုးပမ်းမှုမှာ အစ္စရေးကိုထောက်ပံ့ဖို့ အကြံဉာဏ်နဲ့ အကူအညီတွေပေးနေပါတယ်"ဟု ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားခဲ့သည်။



လေထဲတွင် နာရီ ၂၀ ကျော်ကြာ ပျံသန်းနိုင်စွမ်းရှိသော၊ ကြည်လင်ပြတ်သားမှုမြင့်မားသော ဗီဒီယိုရိုက်ကူးနိုင်မှုအတွက် အနီအောက်ရောင်ခြည် ကင်မရာများပါဝင်သည့် Reaper ဒရုန်းကိုစောင့်ကြည့်ရေးမစ်ရှင်များအတွက် အဓိကအသုံးပြုလေ့ရှိကြသည်။ ၎င်း၏ အာရုံခံကိရိယာများသည် ဆဲလ်ဖုန်းကဲ့သို့သော ဆက်သွယ်ရေးကိရိယာများအပါအဝင် အချက်ပြထောက်လှမ်းရေးတာဝန်များ ထမ်းဆောင်နိုင်စွမ်းရှိစေသည်။ ထို့ပြင် ပစ်မှတ်ကိုတိကျစွာ တိုက်ခိုက်နိုင်စွမ်းရှိသည့် Hellfire ဒုံးကျည်ရှစ်စင်းထိ တပ်ဆင်အသုံးပြုနိုင်သေးသည်။

တစ်ချိန်တည်းမှာပင် အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ ဒါရိုက်တာ William Burnsသည် ဒေသတွင်းနိုင်ငံပေါင်းစုံခရီးစဉ်အနေဖြင့် အစ္စရေးနိုင်ငံသို့ နိုဝင်ဘာ ၅ ရက်တွင် ပထမဦးဆုံးရောက်ရှိခဲ့သည်။ အမေရိကန်နှင့် အစ္စရေးကြားထောက်လှမ်းရေးတာဝန်များ ဖြန့်ခွဲလုပ်ဆောင်နေမှုသည် ဓားစာခံတည်နေရာများ သို့မဟုတ် ဟားမတ်စ်၏နောက်ဆက်တွဲတိုက်ခိုက်မှုများအတွက် အသုံးဝင်နိုင်မည်ဖြစ်ပြီး ခရီးစဉ်လည်ပတ်မှု အစီအစဉ်များထဲမှ တစ်ခုအပါအဝင်လည်းဖြစ်ကြောင်း New York Times သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

**US Confirms Reaper Flights Over Gaza in Search of Hostages ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၈၃၇၇ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၈၃၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၁၇၃၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၈၃၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားဧကထက် ဧက ၁၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"အရာတော်မြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မြေပဲဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ မြေပဲဧက ၁၈၀၀၀ ကျော်ထိ စိုက်ပျိုးပြီးပါပြီ။ မြေပဲစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် စိုက်ဧကတိုးစိုက်ပျိုးနိုင်ပါတယ်။ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ သီးထပ်သီးညှပ် စိုက်ပျိုးကြဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်တောင်သူများကို မြေပဲအောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းမြေပဲ ၁၃၆၀၅ ဧက စိုက်ပျိုးရန်လျာထားကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကော့မှူးမြို့နယ် ပိန္နဲကုန်းကျေးရွာ၌ မြေသားလမ်းခင်းခြင်းနှင့် Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကော့မှူး နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ပိန္နဲကုန်းကျေးရွာ၌ မြေသားလမ်းခင်းခြင်းနှင့် Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၁၁ ဒသမ ၇ သိန်းဖြင့် ဆောင်ရွက်သည့် ပိန္နဲကုန်းကျေးရွာ၌ မြေသားလမ်းခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းတွင် ခွင့်ပြုရန်ပုံငွေကျပ် ၈၅ သိန်းဖြင့် Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



ကော့မှူးမြို့နယ် ပိန္နဲကုန်းကျေးရွာတွင် လမ်းအရှည် ၆ ဒသမ ၉၇ ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် နှစ်ပေရှိ မြေသားလမ်းခင်းခြင်းနှင့် Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဒေသထွက်စိုက်ပျိုးရေးထုတ်ကုန်များကို ကုန်ကျစရိတ်သက်သာစွာ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ရေနံချောင်းမြို့နယ် ညောင်ပင်ဝန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ဝန်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၀ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၉၇ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ညောင်ပင်ဝန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၂၆၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၂၂၆ ဒသမ ၅ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁၀ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉၇ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၁-၁၁-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဖယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၁၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)













**မန္တလေးမြို့ပေါ်ရှိ လမ်းများ၊ မန္တလေးမြို့အဝင် အဝိုင်းထိပ်၊ မန္တလေးကျုံးဘေးနှင့် ရေဝတီရတနာပုံတံတားတို့၌ ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကို ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများအား ထောက်ခံပွဲကျင်းပစဉ်။**



**ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မနောကွင်း၌ ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကို ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပစဉ်။**



**ပြည်ထောင်စုနယ်မြေနေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကို ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပစဉ်။**

☆ **ကျောဖုံးမှအဆက်**

ပြည်သူစစ်များနှင့် ၎င်းတို့၏ မိသားစုဝင်များကို ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက အားပေးထောက်ခံလျက်ရှိကြသည်။

ထိုသို့ အားပေးထောက်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ လူငယ်ဘောလုံးကွင်း၌ ပြည်ထောင်စုနယ်မြေ ရှစ်မြို့နယ်မှ ပြည်သူလူထုအင်အား ၂၂၀၀ ခန့်သည် တိုင်းပြည်အလုံးစုံပျက်စီးရေး ဆောင်ရွက်နေကြသည့် KIA၊ AA၊ TNLA၊ MNDAA၊ BPLA နှင့် PDF အမည်ခံအကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချကြပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများအား ထောက်ခံအားပေးပွဲကို ဆိုင်းဘုတ်များကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ကြသည်။

ထို့ပြင် နိုဝင်ဘာ ၈ ရက်နှင့် ၁၀ ရက်တို့တွင်လည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မနောကွင်းနှင့် မန္တလေးမြို့ပေါ်ရှိ လမ်းများ၊မန္တလေးမြို့အဝင်အဝိုင်းထိပ်၊ မန္တလေးကျုံးဘေးနှင့် ရေဝတီရတနာပုံတံတားတို့တွင် အေးချမ်းစွာနေထိုင်လိုကြသည့် ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား အလိုမရှိကြောင်း ရှုတ်ချကြပြီး ရှေ့တန်းရောက်တပ်မတော်သားများအား ထောက်ခံအားပေးမှုကို ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ပွဲများကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်းစုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၂ ရက်၌ ဖွင့်လှစ်ခဲ့သည့် ရွှေညောင်-တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်းတွင်ရှိသည့် ထီးသိမ်ဘူတာနှင့် တောင်ကြီးဘူတာအကြား ရထားလမ်းဘေးဝဲယာ ချုံနွယ်များရှင်းလင်းခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းများကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**တောင်ကြီးမြို့ ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်းအား တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်စဉ်။**



# သီတင်းကျွတ်လ စာအလင်္ကာများ

မောင်လူမွှေး(မြန်မာမှု)

ဗုဒ္ဓဘာသာနှင့် ဆယ့်နှစ်လရာသီပွဲတော်များသည် အနည်းနှင့်အများဆိုသလို တစ်နည်းမဟုတ်တစ်နည်း ဆက်နွယ်ပတ်သက်မြဲ ဖြစ်ပေသည်။ သီတင်းကျွတ်လတွင် အဘိဓမ္မာအခါတော်နေ့ ပဝါရဏာပွဲတော်၊ တာဝတိံသာ ဆီမီးပူဇော်မီးပုံးပွဲနှင့် လူကြီးမိဘများကိုကန်တော့သော မင်္ဂလာမှုပွဲများ ကျင်းပကြလေသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓဘုရားရှင်သည် တာဝတိံသာမှ သင်္ကဿမြို့သို့ ကြွရောက်တော်မူခဲ့သည်။ ထိုကို မြန်မာမှုနယ်ပယ်တွင် ရုပ်လုံးရုပ်ကြွ၊ ပန်းချီကား၊ စာအလင်္ကာများဖြင့် ခေတ်အဆက်ဆက်ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဖော်ဆောင်ခဲ့ကြပေသည်။ ပိဋကတ်တော်လာ စာပေများအရ ဗုဒ္ဓဘုရားရှင်ကြွလာသည့် ပတ္တမြားစောင်းတန်း၊ နတ်အပေါင်းကြွလာသည့် လက်ယာဘက် ရွှေစောင်းတန်း၊ ဗြဟ္မာများကြွလာသည့် လက်ဝဲဘက် ငွေစောင်းတန်း၊ ပဉ္စသိခ် ဂန္ဓဗ္ဗနတ်၏ဗေဠုဝစောင်း၊ သုယာမနတ်မင်း၏ စာမရီသားမြီးယပ်၊ သန္တုသိတနတ်မင်း၏ ပတ္တမြားယပ်ဝန်း၊ သိကြားမင်း၏ ဝိဇယုတ္တရခရုသင်း၊ သဟံပတိဗြဟ္မာကြီး၏ ထီးဖြူတော်၊ မာတလိနတ်သား၏ မွှေးပျံ့ရနံ့များ၊ ဘုရားရှင် လူ့ပြည်သို့အရောက် လက်ယာခြေတော်ကိုချတော်မူရာ ရှင်သာရိပုတ္တရာမထေရ်က ရှေးဦးစွာ ပူဇော်ပုံတို့သည် နောင်သော် ဗုဒ္ဓဘာသာ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ခရုသင်း၊ သားမြီးယပ်၊ ထီးဖြူတော်၊ ခြေတော်ရာ စသည့် မြန်မာမှုများအဖြစ် တည်ရှိလာလေတော့သည်။

တာဝတိံသာပွဲ ပန်းချီပုံကို ပုဂံဒေသ မြင်းကပါဂူပြောက်ကြီးဘုရားတွင် နံရံဆေးရေးပန်းချီကားအနေနှင့် ဦးစွာတွေ့ရပေသည်။ ပိဋကတ်တော်စာပေ(အင္ဂုသာလိနီအဋ္ဌကထာ(၁၈)ခမ္ဘ သင်္ဂဏီများဋီကာ(၁၈)အဋ္ဌသာလိနီယောဇနာ(၂၂)ကျမ်းများကို မှီငြမ်း၍ ဗုဒ္ဓဘုရားရှင် သင်္ကဿမြို့သို့ ကြွရောက်ချိန်တွင် ယနေ့ခေတ် အိန္ဒိယစံတော်ချိန် မွန်းလွဲ ၂ နာရီမှ ၆ နာရီအတွင်းသာဖြစ်နိုင်ကြောင်းကို ဆရာကြီး ဓမ္မစရိယဦးအေးနိုင်က သုံးသပ်ပြထားသည်ကိုလည်း တွေ့ရပေသည်။ (မီးထွန်းသည့် အချိန်မဟုတ်ဟု ဆိုလိုပေသည်) ဤသို့ မီးထွန်းခြင်း အကြောင်းအရာသည် ခေတ်အဆက်ဆက်တွင် ဝိဝါဒကွဲပြားခဲ့ရာ လင်းပါးဖွယ်ရှိရာ၏။

ဤသို့ လင်းပါးဖွယ်ရှိ၍ ကုန်းဘောင်ခေတ် ဘိုးတော်ပဒုံမင်းတရားကြီး မေးလျှောက်ချက်ကို ပထမမောင်းထောင်သာသနာပိုင် ဆရာတော်က အမေးတော်ဖြေကျမ်းတွင် ဖြေဆိုထားပေသည်။ (သက္ကရာဇ်-၁၁၅၀ ပြည့် တော်သလင်းလပြည့်ကျော် ၁၃-ရက်၊ စနေနေ့ (၂၈-၉-၁၇၈၈) ထိုအမေးတော်ပုံသဘောအဖြေကို အကျဉ်းတင်ပြရပါက-

“ဇာတ်နိပါတ်များတွင် ကြတ္တိကာသဘင်ရှိကြောင်းကို ဥမ္မာဒန္တီဇာတ်တော်အရ သိရသည်။ ရှင်မဟာရဋ္ဌသာရက **“မီးပန်းပွင့်တုန်း တန်ဆောင်မုန်း”** ဟူ၍ ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင် ရေးစပ်ခဲ့ကြောင်း၊ ယခု ဆီမီးမြင်းမိုရ်ပွဲသည် တန်ဆောင်တိုင်ရော၊ သီတင်းကျွတ်ရောပူဇော်ကြသည်။ ဗုဒ္ဓဝင်လာသည့်အတိုင်း တာဝတိံသာ မီးထွန်းပွဲကို သာလွန်မင်းလက်ထက်တွင် စတင်ခဲ့သည်ဟု သုံးသပ်ကြောင်း၊ ထို့ကြောင့် ယခုကျင်းပသော သီတင်းကျွတ်လတွင်ပင် ကျင်းပခြင်းကမှန်သလော၊ ကြတ္တိကာနက္ခတ်နှင့် ယှဉ်သော တန်ဆောင်မုန်းလတွင် ကျင်းပသင့်သလောဟု မေးလျှောက်ထားလေသည်။”

**ဆရာတော် ဖြေဆိုချက်ကို တင်ပြရပါက-**

“သီတင်းကျွတ်လ မီးပူဇော်ကြောင်းကို ဇာတ်နိပါတ်ကျမ်းဂန်တို့၌မလာ။ တန်ဆောင်မုန်းလ ကြတ္တိကာနက္ခတ်နှင့်ယှဉ်သော ပွဲသဘင်သာလာသည်။ (ဥမ္မာဒန္တီဇာတ်မှ ၅-၂၂၄) သို့သော် နက္ခတ်နှင့်ယှဉ်သော သဘင်၊ ဥတုဆန်းစသဘင်၊ ရာသီနှင့်ယှဉ်၍ပန်းပွင့်ချိန်သဘင်များရှိကြောင်းကို ဝေဿန္တရာဇာတ်မှာဆိုသည်နှင့်အညီ ရေမြေသနင်းမင်းတို့ အဦးမူ၍ပြုသည့်သဘင်မှာ အစဉ်ထုံးစံကာလရှိသင့်သည်။ ရတနာသုံးပါးကို စွဲ၍ပြုသည်ဖြစ်စေ၊ နက္ခတ်ကိုစွဲ၍ဖြစ်စေ၊ နက္ခတ်ယှဉ်ဥတုဆန်း၊ ပန်းပွင့်ချိန်များနှင့် သင့်အောင် ခံလျှင် မည်သည့်နက္ခတ်သဘင်၊ ဥတုသဘင်၊ ပန်းသဘင်ဟုဆိုသင့်တော့သည်။ သီတင်းကျွတ်လ ရွှေဆင်၊ ငွေဆင်၊ ဆင်ရုပ်၊ မြင်းရုပ် စသည့်အလှူတော်များကိုလည်း ကျမ်းဂန်မှာ ဆင်လှူသည်၊ မြင်းလှူသည် ဆိုသည့် ထုံးစံများကိုစွဲ၍ ရှေးမင်းတို့လက်ထက် အစဉ်လှူဒါန်းခြင်း ထုံးစံဖြစ်သည်ဟုယူရန် ရှိသည်။”

(အမေးတော်ဖြေ-စာ-၂၈၄/၂၈၅)

ဆရာတော်၏အဖြေမှာ “ရာဇပဓာနံ မင်းပြဋ္ဌာန်းချက်”သာ အဓိကဖြစ်ကြောင်း၊ ရာသီပြောင်း နက္ခတ်ပြောင်းအရလည်း ကျင်းပနိုင်ကြောင်းကို ဖြေကြားတော်မူထားသည်။ မည်သို့ဖြစ်စေ ဤအမေးတော်ဖြေကျမ်းစာအရ တာဝတိံသာ မီးထွန်းပွဲကို သာလွန်မင်းတရားကြီးလက်ထက်တွင် ရှိနေပြီဟု သမိုင်းအရ သိရှိရလေသည်။

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် သီတင်းကျွတ်ပွဲတော်ဆင်နွှဲကြပုံကို စာဆိုတော် ဦးယာကလူးတားစာအလင်္ကာဖြင့် ရေးစပ်ခဲ့လေသည်။

လူးတားရေးစပ်နည်းမှာ အက္ခရာ ၃-လုံး အစချီ၍ရေးပြီးလျှင် အဆုံး၌ ၇-လုံးတစ်လှည့်၊ ၁၁-လုံးတစ်လှည့်ရေးစပ်ရသော စာပေအမျိုးအစားဖြစ်သည်။

“. . . ကြော်သဲအုတ်အော်၊ ပူဇော်ဆီမီး၊ ညီးညီးဝင်းဝင်း၊ ထွန်းလင်းရှောင်ရှိန်၊ အာလိန်ငါးဆင့်၊ ရွှန်းရွှန်းတင့်သား၊ နတ်မင်းစံရာ၊ ဝတိံသာသို့၊ လေးဖြာရောင်စုံ မြင်းမိုရ်ပွဲကြီး. . . ”

“. . . သက်မျှကြင်သူ၊ ဆင်းရွှေအူနှင့်၊ အတူတကွ၊ မောင်ကတိုင်မြောက်၊ မယ်ကဖောက်၍၊ နှစ်ယောက်စုံလင်၊ စွယ်တော်စင်တွင်၊ ပန်းတင်ရေသွန်း၊ ဆုယူညွှန့်သည်၊ ပြောင်ရွှန်းဆီမီးတိုင်နှင့်လေး. . . ကြာခိုင်တည့်လျှံဝင်း၊ ကျွတ်သတင်း. . . ။ ။”

ဤလူးတား ဒုတိယပိုဒ်တွင် “သက်မျှကြင်သူ၊ ဆင်းရွှေအူနှင့်မှ ကြာခိုင်တည့်လျှံဝင်း၊ ကျွတ်သတင်း”ထိကို ဖတ်ကြည့်ခံစားမိရာ သီတင်းကျွတ်လပြည့် မီးထွန်းပွဲတော်ကို ဝတ်ကောင်းစားလှဝတ်ဆင်ကြပြီး မောင်နှံစုံစွယ်တော်စင်တွင် ဆီမီးထွန်းကြပုံ၊ ဆုတောင်းကြပုံ၊ ကြာပန်းနှင့် ဆီမီးများ လှူကြပုံများမှာ ယခုခေတ်ဗီဒီယိုရိုက်ပြီး ပို့လိုက်သည်ကို မြင်သိခံစားရသကဲ့သို့ ရှိလှပေသည်။

လောက၌ ဤအကြောင်းအရာ ဤဝတ္ထုကိုပင် ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦးအမြင်ခြင်းမတူ၊ ရှုထောင့်မတူ၊ မြင်နည်းမြင်ပုံကွာခြားမှုအရ အလှအပရသများသည်လည်း ကွာခြားမြဲဖြစ်ပေသည်။ ဤသီတင်းကျွတ်လကိုပင် စာဆိုအသီးသီးခြယ်မှုန်းကြရာ စာဆိုတော်ဆီသည်ရွာစား ဦးအောင်ကြီးကလည်း အင်းဝမြို့နှင့် သီတင်းကျွတ်လဘွဲ့ကို အောက်ပါအတိုင်း လူးတားစာအလင်္ကာဖြင့် ဖွဲ့ဆိုထားလေသည်။

“သာစွလေ. . . မြောက်လေပြန်စ၊ ကောင်းကင်လနှင့်၊ အဿဝဏီ၊ ပြည့်လှာညီသော်၊ ရာသီတူခွင်၊ ရေပြင်လှတင့်၊ ကြာမျိုးပွင့်၍၊ မြတ်ကျင့်ခေါင်ထွတ်၊ သီတင်းကျွတ်ကား၊ ရွှေလွှတ်တော်ပွဲ၊ တက်မြခင်းကျင်း၊ မြို့တွင်းမြို့ပြင်၊ ထွန်းထင်ညီးဝါ၊ မြို့လယ်မှာမူ၊ အချာဗဟို၊ မီးမြင်းမိုရ်လည်း၊ မင်္ဂိုလ်ရွှေးရှု၊ ပူဇော်လှူ၍၊ လူတို့ထွတ်ချာ၊ စောနရာလျှင်၊ ရတနာဘုရင်၊ မကိုဋ်ဆင်လျက်၊ သဘင်ထွက်ကာ၊ စကြာချပ်ဆင့်၊ ရှစ်ဆိုင်ဖွင့်၍၊ စဉ်သင့်နေထား၊ ရာ့တစ်ပါးတို့၊ ဖလားရွှေစိုင်၊ ရွှေခိုင်မောက်မောက်၊ ထိုက်လျောက်နက္ခတ်နှင့်စန်းယှဉ်၍ လပြည့်သည်။ ရာသီစက်က တူရာသီတွင် တည်ရှိသည်။ ကြာမျိုးငါးပါးပွင့်၍ တင့်တယ်သည့်အခါသမယတွင် မြို့တွင်းမြို့ပြင်တွင် (တိုင်းပြည်တစ်ခွင်) ဆီမီးမြင်းမိုရ်ပွဲတော်များပြု၍ ကုသိုလ်ယူ ဆုပန်ကြသည်။ မင်းနေပြည်တော်တွင် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ရတနာဒုရင်မကိုဋ်ဆင်၍ သဘင်ပွဲကြီး ဆင်နွှဲသည်။ အရပ်လေးမျက်နှာမှ ကန်တော့လာကြသည့် နယ်စားနယ်ခံများကို ရာထူးဌာနန်အလျောက် ဆင်မြင်း ရတနာ အဆောင်အယောင်များ ချီးမြှင့်မြောက်စား၍ လွှတ်တော်ပြီးသည့်အခါ အလှူပွဲကြီးလုပ် ရေစက်သွန်းချသည်မှာ ဘဝင်မိုးသို့ တိုင်သည်။ ရွှေပြည်အင်းဝနန်း ပွင့်လန်းဝေစည်ပါကြောင်းကို ရေးဖွဲ့ထားခြင်းဖြစ်လေသည်။

ဆီသည်ရွာစား ဦးအောင်ကြီးမှာ (သက္ကရာဇ်-၁၀၃၀-၁၀၉၀) မှန်နန်းရှင် ဆင်ဖြူရှင်ထံ ခစားသော စာဆိုတော်ဖြစ်သည်။ သက္ကရာဇ်-၁၀၇၆ ခုနှစ် နောက်ပိုင်းတွင် အဝမြို့ဘွဲ့ ၁၂-လ ရာသီလူးတားကို ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။

အထက်ဖော်ပြပါ ဦးယာ၏ လူးတားမှာမူ ကုန်းဘောင်ခေတ် အမရပူရမြို့ဘွဲ့ ၁၂-လ ရာသီ လူးတားမှာ သီတင်းကျွတ်လဘွဲ့ဖြစ်သည်။

စာဆိုနှစ်ဦးတို့၏ သီတင်းကျွတ်လဘွဲ့ လူးတားသည် တစ်ဦးက(ဦးအောင်ကြီး) နေပြည်တော်ဒေသ ဘုရင့်မင်းခန်းတော်ဆိုင်ရာ မြင်ကွင်းကို ဖွဲ့ဆို၍ ဦးယာက ပြည်သူလူထုနှင့် ဆက်စပ်သော မြင်ကွင်းကို ဖွဲ့ဆိုထားခြင်းဖြစ်သည်။ ထိုကဲ့သို့ပင် လအလိုက်ဖွဲ့ဆိုကြသည့် စာဆိုအသီးသီးတို့၏ စာအလင်္ကာများသည် ဂုဏ် ရသအလင်္ကာမြောက်လှ၍ သူ့နည်းသူ့ဟန်ကောင်းကြပါပေသည်။

ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းတို့တွင် အရပ်ဇာတ်သဘင်များပေါ်လာသည်။ အရပ်ဇာတ်သဘင်တို့တွင် ဆယ့်နှစ်လရာသီ ပုံထောက်၊ ခွန်းထောက်၊ လေပြေ၊ သဖြန်၊ လွမ်းချင်း၊ ပတ်တိုက်၊ စည်တော်သံ စသည့် စာအလင်္ကာများအနေနှင့် ရေးဖွဲ့လာကြသည်။ ဇာတ်သဘင်သုံးဖြစ်သော ထို ၁၂-လ ရာသီ စာအလင်္ကာများမှာ စာရေးသူ၊ စာဆို မထင်ရှားလှပေ။ အဆင့်ဆင့်နှုတ်ဖြင့်မှတ်တမ်းတင်ခဲ့ကြသည်သာများသည်။ ထီးသံ နန်းသံ မပါဘဲ အရပ်သံ ဇာတ်သံနှော၍ ရေးဖွဲ့ကြသည်။ ရေးဖွဲ့သည့် ပုဂ္ဂိုလ်များသည်လည်း စာ၏အနက်အဓိပ္ပာယ်ကိုကြည့်၍ ရှေးဟောင်းစာပေပေါ်ရာဏ ဝေါဟာရ ပါဠိပျက် ပါဠိသက် စသည်များကို ကျွမ်းကျင်ကြသည့် ပုဂ္ဂိုလ်များဖြစ်သည်။ အောက်ပါ သီတင်းကျွတ်လဘွဲ့မှာ ဇာတ်သဘင်ကရာတွင် အခန်းတစ်ခုမှ အခန်းတစ်ခုသို့ ပြောင်းသည့်အခါ လေပြေထိုးခြင်း ဇာတ်စာဖြစ်သည်။ အထူးရှင်းပြရန် မလိုတော့ပေ။ သိသာလွယ်ပေသည်။

ထိုသို့ လေပြေထိုးရွတ်ဖတ်ပြီး ကတ္တီပါပြည်ဖုံးကားလိပ်ကြီးချလိုက်သောအခါ စိတ်ထဲတွင် ရသတစ်မျိုးခံစားကြရပေသည်။ စာရှုသူများ ထိုရသကို ခံစားကြည့်ကြကုန်. . . ဟု နိဂုံးချုပ်အပ်ပါသည်။

“ငွေစာညှင်းအဆိုလူဆရာကဝိထားကဲ့၊ နေမင်းလို ဇမ္ဗူမှာမရှိပြားပါဘု၊ ရွှေမြင်းမိုရ် ယုဇနာအပြားဝယ် စုဋ္ဌာမုနိဘုရားထီးဖြူတော်နှင့်၊ မီးပူဇော်ခါ အခေါင်လုပ်ပြန်တော့ တောင်စမုတ် မင်းဗိမာန်ဝယ်၊ ဝင်းအိမ်ဖန်ဇာတ်ရုပ်သေးတို့ပါ မှတ်ဖို့အဟုတ်ရေးခဲ့၊ နည်းထုံးစံနှင့် မီးပုံးပျံ ရတနာ နန်းခရိုင်ဝယ်၊ ကြာပန်းခိုင်နှင့်မင်းအထွတ်ပြုရ၊ သီတင်းကျွတ်လ ထက်နတ်ပြည်ကဲ့သို့၊ နက္ခတ်အဿဝဏီ အဇတာထိန်ဝါ၍ တာဝတိံသာက ဘဂဝါအရပ်သက်ပေသည့် ကာယကံလက်နှင့် ဖူးညားတော့၊ အမျှအားထားခါ အောင်စည်တော်မချဲ့ပါဘု၊ ထူးမခြားနား ရောင်ခြည်တော်ဘွဲ့ တီးတော်မူစမ်း. . . ။ ။”

# ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းမြို့၊ လင်းခေးမြို့နယ် ကာလိမြို့၊ လဲချားမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



အရှေ့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ အတွက် ဆန်၊ စားသောက် ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းမြို့၊ လင်းခေးမြို့နယ် ကာလိမြို့၊ လဲချားမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဆန်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



မွန်ပြည်နယ် ချောင်းဆုံမြို့၌ ရပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။



ရခိုင်ပြည်နယ် စစ်တွေမြို့ တိုင်းရင်းဆေးရုံ၌ ရပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၁**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသောမြို့ရွာ Clean City၊ Clean Village များဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့်ညီညွတ်မှုရှိမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မပြတ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏မြို့ရွာများရှိ ဆေးရုံ၊ဆေးခန်းများ၌ ခြင်၊ ယင်ပေါက်ပွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသောလူနာများကို လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို အားတက်သရော ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ဇေယျာသီရိမြို့နယ်၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နှင့် မက်မန်းမြို့တို့၌ လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မော်လမြိုင်မြို့နယ်၊ သထုံမြို့နယ်နှင့် ချောင်းဆုံမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြိတ်မြို့နယ်၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ ဟားခါးမြို့နှင့် တီးတိန်မြို့တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ရေတာရှည်မြို့နယ်၌လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ဆေးရုံဝင်းအတွင်း၊ အပြင်သန့်ရှင်းရေး ဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ ယင် ပိုးမွှားများ ပေါက်ဖွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

## နိုဝင်ဘာ ၁၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် သုံးဦးတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၁**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၁၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၁ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တိုင်းစစ်ဌာနချုပ်အသီးသီးတွင် မဟာဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲများ ကျင်းပပြုလုပ်



ဆရာတော်ထံ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။


**နေပြည်တော် နိုဝင်ဘာ ၁၁**

တိုင်းစစ်ဌာနချုပ် အသီးသီးတွင် မဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲများကို ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့ရှိ သတ်မှတ်နေရာအသီးသီး၌ ပြုလုပ်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်ဝန်ကြီးချုပ်များ၊တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ ကထိန်အနုမောဒနာတရားများနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များအားနေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မဟာဘုံကထိန်တွင် အရာရှိ၊ စစ်သည်၊ မိသားစုများမှ လှူဒါန်းထားသည့် ပဒေသာပင် စုစုပေါင်း ၅၄ ခုကို နိုဝင်ဘာ ၁၀ ရက်တွင် မန္တလေးနန်းမြို့ကျုံးပတ်လည်သို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ခဲ့ကြပြီး သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိစစ်သည်၊မိသားစုများလှူဒါန်းထားသည့် ပဒေသာပင်များကို မန္တလေးနန်းမြို့ ကျုံးပတ်လည်သို့ မော်တော်ယာဉ်များဖြင့် လှည့်လည်စဉ်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ငပုတောမြို့နယ်နှင့် ပန်းတောင်းမြို့နယ်တို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ကမ်းရိုးတန်းဒေသ တစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဈေးကုန်းမြို့ရှိ ပြည်သူ့ဆေးရုံ၌ အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၃၃၈ ဦး၊ ခွဲစိတ်ရောဂါ ၅၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၈ ဦး၊ ကလေးရောဂါ ၄၂ ဦး၊ အရိုးရောဂါ ၇၁ ဦး၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ ၄၅ ဦး၊ မျက်စိရောဂါ ၁၆၂ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၆၈ ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၁၀ ဦး၊ မျက်စိခွဲစိတ်လူနာ လေးဦး၊ ဓာတ်မှန်ရိုက်လူနာ ကိုးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၉ ဦး စုစုပေါင်း ၈၂၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ လေးဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘိုမြို့ ဆိပ်ကမ်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။





တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ထုံးဘိုမြို့အခြေခံပညာအထက်တန်းကျောင်း၌အခြေပြု၍ ထုံးဘိုမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၂၂၁ ဦး၊ ခွဲစိတ်ရောဂါ ၅၂ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၃ ဦး၊ ကလေးရောဂါ လေးဦး၊ အရိုးရောဂါ ၁၄၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၄ ဦး၊ မျက်စိရောဂါ ၆၅ ဦးနှင့် သွားရောဂါ၂၆ ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် တယ်လီဖေးရှင်း ဓာတ်မှန်ရိုက်လူနာ ကိုးဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၂ ဦး စုစုပေါင်း ၅၄၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

**ဒေါ်တင်နွဲ့ (သက်ကယ်ကွင်း ကျေးရွာ ဈေးကုန်းမြို့)**





အဘွားရဲ့ ရောဂါက ကျောင်းဈေးမှာ မုန့်သွားရောင်းတာ ပစ်လဲတော့ ပေါင်ရင်းက ကျိုးသွားတယ်လို့ ပြောတယ်။ ပေါင်ရင်းက ၁၅ ရက်လောက်ရှိပါပြီ။ အဘွားလဲတဲ့အချိန်က နာရီဝက်ကျော်ကျော်လောက် မေ့နေတယ်။သူများတွေ ကုန်းကပ်ထလိုက်တော့ အဘွားကညည်းတယ် ကိုက်တယ် အဘွားက ဒီနေ့ထိညည်းနေတယ် ကိုက်နေတယ် နေလို့စားလို့ မရဘူး။ သားတစ်ယောက်က ဘာအလုပ်မှလဲ သူများဆီမှာ မလုပ်ရဘူး အဘွားကို ချိုလိုက်ချလိုက် ရေချိုးလိုက်သူကိုလည်း အားလဲအားနာတာပေါ့။ အဘွားရဲ့ ပေါင်ရင်းကျိုးတာ သိန်း ၃၀ ကျော်လောက် ကုန်မယ်။အဘွားမှာမရှိတော့ အဘွားကိုလေ အဲ့ဒီဆရာဝန်ကြီးတွေကကုန်ပါစေ ရန်ကုန်ထိရောက်အောင် ကုပေးပါမယ်ပြောတော့ အဘွားရင်ထဲမှာ တော်တော်ပျော်နေတာ။ အားလည်းအားရှိသွားပါတယ်။ ပျော်လည်းပျော်တယ် ရင်ထဲမှာလည်း ဘယ်လိုခံစားရမှန်းမသိဘူး။ အဘွားတစ်ယောက်ထဲဆိုလည်းကုလည်းမကုနိုင်ပါဘူး။ဒီလိုပဲ နေရမှာပေါ့ အလကား ကုပေးမယ်ဆိုတော့ အဘွားကျေးဇူးလည်းတင်ပါတယ်။ အခုလိုစီစဉ်ပေးတဲ့ တပ်မတော်အကြီးအကဲနဲ့ တာဝန်ရှိသူများကို ကျေးဇူးတင်ပါတယ် ဟုပြောသည်။

**ဒေါ်မူမူအေး (ကမြိုင်ကျေးရွာ ထုံးဘိုမြို့)**

အစ်မက မျက်စိမကောင်းဘူးလေ မျက်စိကမှုန်နေတာကြာပြီ ပြချင်တယ်ပေါ့နော်။ အဲ့လို အတိအကျ ပါရဂူတွေနဲ့ ပြချင်တာ ဒါပေမဲ့ မကြုံကြိုက်တော့ မပြရဘူးပေါ့။ ခုတော့ကြုံတော့ လာပြရတာ





ပေါ့နော်။ သေချာစမ်းသပ်ကြည့်လိုက်တော့ ကိုယ့်ဟာကိုယ်တော့ အရင်တုန်းက သံသယတွေနဲ့ နေခဲ့ရတာပေါ့။မျက်စိကဘာဖြစ်လို့ ဖြစ်မှန်းမသိဘူးဆိုတော့လေ။ အခုတော့ သေချာစမ်းသပ်ပြီးတဲ့အခါကျတော့ ပါရဂူတွေကနေ မျက်မှန်လိုအပ်တယ်။ သောက်ရမယ့်ဆေးတွေ ညွှန်ကြားတယ်ပေါ့နော်။ ပါဝါတွေလည်းဘယ်လောက်နဲ့ ဘယ်လောက် တပ်ရမယ် ပြောပြတဲ့အတွက် အခုအစ်မအဆင်ပြေသွားပြီး။အပြင်မှာ အခုလို ကာလမျိုးမှာ မျက်မှန် တစ်လက်လုပ်ဖို့ဆိုတာလည်း မလွယ်ဘူးလေ။ မျက်စိပြသစမ်းသပ်ဖို့ဆိုတာလည်း မလွယ်ဘူးလေ။ အဲ့ဒီအတွက် အစ်မတို့က ဒီလိုအခြေအနေကို စောင့်နေကြတာ အခုရောက်လည်းရောက်လာရော တကယ်လို့ အပြင်မှာ ပြမယ်ဆိုရင် တော်တော်လေး အစ်မတို့အတွက် မပြနိုင်တဲ့အခြေအနေပေါ့ကွယ်။ အခုလို ဗိုလ်မှူးတို့ ဗိုလ်ကြီးတို့ ပါရဂူတွေလာတော့လေ ပိုပြီးတော့ အဆင်ပြေတာပေါ့ အစ်မတို့က။ ကျေးဇူးတင်ပါတယ် တကယ်ကို ကျေးဇူးတင်ပါတယ် လှိုက်လှိုက်လဲလဲပေါ့။ အစ်မတို့ဆို သွားတောင်ကြိုတာ ကမ်းနားမှာ ဆေးမှူး၊ ဗိုလ်မှူးတို့အဖွဲ့ကို သွားကြိုပြီးမှ ဒီမှာလာပြီးတော့ ပြန်ပြီးဆေးကုတာ။ တကယ်ကျေးဇူးတင်ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေရော တာဝန်ရှိသူတွေရော အခုလို လိုလေသေးမရှိ အစစအရာရာပံ့ပိုးပေးတယ်။ ခုဒီလာတော့လည်း ကြိုဆိုရေးအဖွဲ့တွေရော ဘာတွေရောပေါ့နော် အကုန်လုံးကလည်း ဖော်ရွေကြတယ်ပေါ့နော်။ ကျေးဇူးတင်ပါတယ်လို့ နောက်ကျရင်လည်း ပြည်သူတစ်ယောက်အနေနဲ့ ကြိုဆိုပါတယ်လို့ ပြောချင်ပါတယ် ဟုပြောသည်။

# (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပမည့် (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်ထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်(အင်္ဂါနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌လည်းကောင်း၊ စာပြန်ပွဲကို မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌လည်းကောင်း၊ ဆွမ်းဆက်ကပ်ခြင်းကို သုံးထပ်ဆွမ်းစားဆောင်တွင်လည်းကောင်း ၃၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဆွမ်းပဒေသာပင်၊ စာအောင်ဆုပဒေသာပင်၊ တိပိဋကအထွေထွေရန်ပုံငွေများကို သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့ဖုန်း ၀၉၄၃၀၆၇၁၆၈၊ ၀၉၄၄၃၁၉၀၁၉၃ တို့သို့ဆက်သွယ်၍ ထာဝရကုသိုလ်ရှင်များအဖြစ် စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားနှင့်စာပြန်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး နှစ်ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီး ၁၁ ပါး၊ ပုစ္ဆကဆရာတော် လေးပါး၊ ကြီးကြပ်ရေးဆရာတော် လေးပါး၊ စာထောက်စာမဆရာတော် အပါး ၁၆၀၊ အာဂုံပြန်စာရင်းသွင်းသံဃာ ၂၈၃ ပါး၊ သဘောရေးဖြေ စာရင်းသွင်းသံဃာ ၂၁၈ ပါး စုစုပေါင်း ၆၈၂ ပါး ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း အချိန်ပြောင်းလဲ ထုတ်လွှင့်မည်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှ၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်ထိ နေ့စဉ်နံနက် ၆ နာရီမှစပြီး မွန်၊ ရခိုင်၊ ရှမ်း၊ "ဝ"၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်း၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး) ဘာသာအစီအစဉ်များကို ည ၁၁ နာရီထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRCရုပ်သံလိုင်း ထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစပြီး မတ် ၃၁ ရက်ထိ နေ့စဉ် နံနက် ၆ နာရီမှ ၈ နာရီထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၁၀ နာရီထိ ရှမ်းဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ "ဝ" ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီထိ ကချင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီထိ ကယားဘာသာအစီအစဉ်၊ ညနေ ၄ နာရီမှ ၅ နာရီထိ စကောကရင်ဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ညနေ ၆ နာရီထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ ၆ နာရီမှ ည ၇ နာရီထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၈ နာရီထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ ည ၈ နာရီမှ ၉ နာရီထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၁ နာရီထိ မွန်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက်အချိန်ပြောင်းလဲ ထုတ်လွှင့်မည်ကြောင်း သိရသည်။

# ၂၀၂၃ ခုနှစ် အဘိဓမ္မာ၊ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သောအဘိဓမ္မာ၊ဂုဏ်ထူးဆောင်နှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲကို၂၀၂၃ခုနှစ် ဒီဇင်ဘာ ၉ ရက် (စနေနေ့)မှ ဒီဇင်ဘာ ၁၁ ရက်(တနင်္လာနေ့) အထိခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်နက်တည်းကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲကို အစိုးရပထမငယ်တန်း(သို့မဟုတ်) ၎င်းနှင့် အလားတူစာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာဖြေဆိုခွင့်ရှိသည်။အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်)စာမေးပွဲကိုဖြစ်စေ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ဓမ္မာစရိယတန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲများအောင်မြင်ခြင်းမရှိသေးသောသီလရှင်များနှင့် လူပုဂ္ဂိုလ်များသာဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ဂုဏ်ထူးဆောင်နှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်ဆင့်ဖြစ်စေ၊နှစ်ဆင့်ဖြစ်စေ၊သုံးဆင့်ဖြစ်စေ နှစ်ချင်းပေါက်ဖြေဆိုခွင့်ရှိသည်။ ယခင်ကသုံးဆင့်လုံး အပြည့်အစုံမအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက်ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာစာဖြေဌာနတည်ရှိရာ နေပြည်တော်၊တိုင်းဒေသကြီး၊ပြည်နယ်ရှိမြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ အချိန်မီပေးပို့ထားမည်ဖြစ်၍ အဆိုပါရုံးများတွင် စာမေးပွဲဖြေဆိုရက်မတိုင်မီ ထုတ်ယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ရေဆင်း ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ နိုဝင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်မည်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ရေဆင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ်မှ ပဉ္စမနှစ်ထိ ဘွဲ့ကြိုသင်တန်းများနှင့် ဘွဲ့လွန်မဟာသိပ္ပံသင်တန်းများကို နိုဝင်ဘာ ၂၃ ရက် (ကြာသပတေးနေ့) မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နိုဝင်ဘာ ၂၀ ရက်(တနင်္လာနေ့)မှစတင်၍နံနက် ၉ နာရီမှညနေ ၄ နာရီထိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်သည်။

ဘွဲ့ကြို ပထမနှစ်သင်တန်း တက်ရောက်ခွင့်ပြုရန် ပဏာမရွေးချယ်ထားသည့် ကျောင်းသား၊ ကျောင်းသူစာရင်းကို ဝန်ကြီးဌာန၏ website (https://www.mon-rec.gov.mm) တွင် ကြေညာပေးသွားမည်ဖြစ်ကြောင်းနှင့် ပဏာမရွေးချယ်ထားသည့် ကျောင်းသား၊ကျောင်းသူများအား မိုင်၂၀ လမ်းလျှောက်စွမ်းရည်စစ်ဆေးခြင်းကို နိုဝင်ဘာ ၁၈ ရက် (စနေနေ့)တွင် ရေဆင်းဆည် ဆည်ပေါင်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မုံရွာမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သာသနာ့နွယ်ဝင်သီလရှင်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခဝဲကျင်းကျေးရွာရှိ ဒေသခံပြည်သူများကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့တွင် အဆိုပါကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၃၇ ဦးတို့ကို သွေးတိုးရောဂါ၊ မျက်စိရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သန့်လျက်မော် အရှေ့ရပ်ကွက် ဇောတိမဏ္ဍိုင်ပရိယတ္တိစာသင်တိုက်ရှိ သာသနာ့နွယ်ဝင်သီလရှင်၁၂၆ ပါးတို့ကိုသွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasoundစက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချိုသွေးချိုစစ်ဆေးခြင်းနှင့် သွေးအုပ်စုများစစ်ဆေးပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# အီတလီနိုင်ငံရှိ ဗီဆူဗီးယက်စ်မီးတောင် သက်ဝင်လှုပ်ရှားမှု စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်နေ



**ရောမ နိုဝင်ဘာ ၁၁**

ကမ္ဘာပေါ်ရှိ မီးတောင်များအနက် အန္တရာယ်အရှိဆုံးမီးတောင်အဖြစ် သတ်မှတ်ခံထားရသော အီတလီနိုင်ငံ ကမ်ပါနီယာနယ်မြေအတွင်းတည်ရှိသည့် ဗီဆူဗီးယက်စ်မီးတောင် သက်ဝင်လှုပ်ရှားလာခြင်းမှာ စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်နေကြောင်း အီတလီမီးတောင်နှင့် မြေငလျင်ဗေဒဆိုင်ရာ သုတေသီများက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အေဒီ ၇၉ ခုနှစ်က ပွမ်ပီမြို့တစ်မြို့လုံးကို ဖျက်ဆီးခဲ့သည့် ဗီဆူဗီးယက်စ်မီးတောင် သက်ဝင်လှုပ်ရှားမှုရှိလာခြင်းမှာ အီတလီနိုင်ငံအတွက် စိုးရိမ်ထိတ်လန့်ဖွယ်ရာသတင်းဆိုးလည်း ဖြစ်နေကြောင်း၊ ဗီဆူဗီးယက်စ်မီးတောင်သည် နေပယ်မြို့နှင့်လည်း နီးကပ်နေသဖြင့် အီတလီနိုင်ငံ၏ လူနေထူထပ်သည့် နေပယ်မြို့အတွက်လည်း စိုးရိမ်ဖွယ်ရာဖြစ်နေကြောင်း သိရသည်။

"ဗီဆူဗီးယက်စ်မီးတောင်ဟာ အန္တရာယ်အရှိဆုံး ဥရောပမီးတောင်ဆိုတာ အားလုံးသိကြပါတယ်။ အေဒီ ၇၉ ခုနှစ်မှာ ပွမ်ပီမြို့ကို ဖျက်ဆီးခဲ့ပြီး ၁၅၃၈ ခုနှစ်မှာလဲ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပါတယ်။ ၁၉၈၃ ခုနှစ်ကနေ ၁၉၈၄ ခုနှစ်ထိလဲ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပါတယ်။ အခုထပ်ပြီးတော့ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားလာနိုင်တဲ့ လက္ခဏာတွေ မြင်တွေ့နေရတယ်။ မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားလာနိုင်တဲ့ အဓိက အကြောင်းရင်းကတော့ ၂၀၂၃ ခုနှစ်အတွင်း ကမ်ပါနီယာနယ်မြေမှာ မြေငလျင်လှုပ်ခတ်မှုနှုန်းမြင့်မားခဲ့လို့ဖြစ်ပါတယ်။ မှတ်တမ်းတွေအရ ကမ်ပါနီယာနယ်မြေတစ်ခုလုံးအတိုင်းအတာနဲ့ ၂၀၂၃ ခုနှစ်အတွင်းမှာ အသေးစား မြေငလျင်လှုပ်ခတ်မှု အကြိမ်ရေ ၃၄၅၀ ထိရှိခဲ့ပါတယ်"ဟု အီတလီဘူမိရူပနှင့် မီးတောင်ဗေဒအမျိုးသားအင်စတီကျု၏ဥက္ကဋ္ဌ ဒေါ်လီယိုနီက ပြောကြားခဲ့သည်။

ဗီဆူဗီးယက်စ်မီးတောင်ပေါက်ကွဲမှုဖြစ်ပွားပါက မီးတောင်အန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် မြို့ပေါင်း ၁၈ မြို့ထိရှိနေပြီး အီတလီ အာဏာပိုင်အဖွဲ့အစည်းအနေဖြင့် အဆိုပါမြို့များကို မီးတောင်အန္တရာယ် အနီရောင်ဇုန်အဖြစ် သတ်မှတ်သင့်ကြောင်း ဒေါ်လီယိုနီက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဒိန်းမတ်နိုင်ငံရှိ ဂရင်းလန်းကျွန်းတွင် ရေခဲပြင်အရည်ပျော်ကျမှုနှုန်း မြင့်တက်လာ

**ကိုပင်ဟေဂင် နိုဝင်ဘာ ၁၁**

ဒိန်းမတ်နိုင်ငံရှိ ဂရင်းလန်းကျွန်းတွင် ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်မြင့်တက်နေပြီး ဂရင်းလန်းကျွန်းရှိ ရေခဲပြင်အရည်ပျော်ကျမှုနှုန်း မြင့်တက်လာသည်ဟု ကိုပင်ဟေဂင်တက္ကသိုလ်မှ သုတေသီများက ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရေခဲပြင်အရည်ပျော်ကျမှုနှုန်း မြင့်တက်လာသည်နှင့်အမျှ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုနှုန်းလည်း မြင့်တက်လာသည့်အတွက်ကြောင့် ဂရင်းလန်းကျွန်းအနာဂတ်အတွက် စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်နေကြောင်း၊ ရေခဲပြင်အရည်ပျော်ကျမှုနှုန်းသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀ ခန့်ကထက် ငါးဆကျော်ထိ မြင့်တက်လာခြင်းကြောင့် ဂရင်းလန်းကျွန်းရှိ ရေမျက်နှာပြင်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကထက် ပေ ၂၀ ကျော်ထိ မြင့်တက်လာနိုင်သည့် အလားအလာရှိနေကြောင်း သုတေသီများက ထုတ်ပြန်ခဲ့သည်။

"ဂရင်းလန်းကျွန်း ရေခဲပြင်အရည်ပျော်ကျမှုနှုန်း မြင့်တက်လာတာဟာ ရာသီဥတုပြောင်းလဲမှုတွေနဲ့ ဆက်စပ်နေတယ်ဆိုတာ သိသာထင်ရှားပါတယ်။ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာမြေကြီးပူနွေးလာတယ်။ အပူချိန်တွေမြင့်တက်လာတယ်။ ဒါကြောင့်လဲ ရေခဲပြင်တွေအရည်ပျော်ကျလာတယ်"ဟု ကိုပင်ဟေဂင်တက္ကသိုလ်ရှိ သုတေသီအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အန်ဒါအန်ကာက ပြောကြားခဲ့သည်။

ကိုပင်ဟေဂင်တက္ကသိုလ်မှ သုတေသီများက ဂရင်းလန်းကျွန်း ရေခဲပြင်အရည်ပျော်ကျမှုနှင့်ပတ်သက်သည့် သုတေသနရလဒ်များကိုထုတ်ပြန်ခဲ့ရာတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၀ က ရေခဲပြင်အရည်ပျော်ကျမှုဧရိယာမှာ ငါးမီတာခန့်သာရှိခဲ့သော်လည်း လက်ရှိ ရေခဲပြင်အရည်ပျော်ကျမှုဧရိယာမှာ ၂၅ မီတာထက်မနည်း ရှိနေကြောင်း သိရသည်။

သုတေသီများက ဂရင်းလန်းကျွန်းရေခဲပြင်အရည်ပျော်ကျလာခြင်းနှင့်ပတ်သက်၍ လက်ရှိရိုက်ကူးထားသော ကောင်းကင်ဓာတ်ပုံများကို လွန်ခဲ့သောနှစ်ပေါင်း ၁၃၀ ခန့်က မှတ်တမ်းတင်ထားသည့်ဓာတ်ပုံမှတ်တမ်းများဖြင့် နှိုင်းယှဉ်၍ ရေခဲပြင်အရည်ပျော်ကျသည့်အခြေအနေများကို သုတေသနပြုလုပ်ခဲ့ကြခြင်းလည်းဖြစ်သည်။

Ref : Russia Today

Trs : Sai Sat

# အမေရိကန်နိုင်ငံတွင် ယခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်များကြောင့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ပျက်စီးဆုံးရှုံးခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၁၁**

အမေရိကန်နိုင်ငံတွင် ယခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်များကြောင့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း အမျိုးသားသမုဒ္ဒရာနှင့် လေထုဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံတွင် ယခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ရပ်ပေါင်း ၂၅ ခုဖြစ်ပွားခဲ့ပြီး အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ အဆိုပါပမာဏသည် အမျိုးသားသမုဒ္ဒရာနှင့် လေထုဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့၏ ၄၃ နှစ်တာကာလအတွင်း လေ့လာမှုများအရ အမြင့်ဆုံးပမာဏဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



အမေရိကန်နိုင်ငံ အနှံ့အပြားတွင် ယခုနှစ် အောက်တိုဘာလထိ ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များမှာ မုန်တိုင်း ၁၉ ကြိမ်၊ ရေကြီးရေလျှံမှု နှစ်ကြိမ်၊ အရှေ့မြောက်ပိုင်းဒေသများတွင် ဆောင်းမုန်တိုင်းတစ်ကြိမ်၊ အလယ်ပိုင်းနှင့် တောင်ပိုင်းပြည်နယ်တို့တွင် မိုးခေါင်မှုနှင့် အပူလှိုင်းဖြစ်ပေါ်မှုတစ်ကြိမ်၊ ဩဂုတ်လအတွင်း ဟာဝိုင်ရီကျွန်းတွင် လောင်ကျွမ်းခဲ့သော တောမီးနှင့် အပူပိုင်းမုန်တိုင်းတစ်ခုတို့ပါဝင်ကြောင်း၊ အဆိုပါဖြစ်ရပ်များကြောင့် လူပေါင်း ၄၆၄ ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Ref : Sputnik News

Trs : AZH

# ဥရောပသမဂ္ဂမှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကော်မရှင်နာနှင့် တရုတ်ရာသီဥတုပြောင်းလဲမှုဆိုင်ရာအထူးကိုယ်စားလှယ် တွေ့ဆုံဆွေးနွေးမည်

**ဘရပ်ဆဲလ် နိုဝင်ဘာ ၁၁**

ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂအဖွဲ့မှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကော်မရှင်နာဖြစ်သူသည် လာမည့်ရက်သတ္တပတ်အတွင်း တရုတ်ရာသီဥတုပြောင်းလဲမှုဆိုင်ရာအထူးကိုယ်စားလှယ်နှင့် တရုတ်နိုင်ငံ ပေကျင်းမြို့တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့တွင် ကျင်းပသွားမည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာထိပ်သီးညီလာခံ (COP28) မတိုင်မီ ဥရောပသမဂ္ဂအဖွဲ့မှ တာဝန်ရှိသူများနှင့် တရုတ်အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးရန် ပြင်ဆင်လာခြင်းမှာ COP28 ညီလာခံတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကဏ္ဍအတွက် ထိရောက်သောဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်ဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂအဖွဲ့မှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကော်မရှင်နာဖြစ်သူ ဝပ်ကီဟော့စထရာသည် တရုတ်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သူ ရှေးကျန်းဟွာနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် တရုတ်နိုင်ငံက ဒုတိယနေရာတွင် ရပ်တည်နေသကဲ့သို့ ဥရောပသမဂ္ဂက တတိယနေရာတွင် ရပ်တည်နေပြီး စီးပွားရေးအင်အားတောင့်တင်းမှုကိုအသုံးချကာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်သွားရန် ပြင်ဆင်လာကြခြင်းလည်းဖြစ်ကြောင်း၊ ဥရောပသမဂ္ဂအဖွဲ့သည်လည်း ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးအတွက် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အဓိကထားဆွေးနွေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။


Ref : Xinhua News

Trs : Sai Sat

## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြဲစွာကိုင် ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။




၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



# ချိုမြိန်သောအတ္တ ခါးသီးသောဘဝ

ဈာန်လေး(ဗညာဒေး)




(၁)

အောင်အောင်တစ်ယောက် လေးတွဲနေသော ခြေလှမ်းနှင့်အတူ နံနက်ခင်း၏ကျောရိုးကို စိတ်မပါ လက်မပါနှင့် လျှောက်နေခဲ့သည်။ ရောင်နီက သစ်ရွက်ကြားကနေ သူ၏မျက်နှာပေါ်ကို ကျီစယ်နေသလား မှတ်ရ။ နံနက်တိုင်း ကျောင်းမသွားမီ ဝယ်ပေးနေကျ အဖေ့အတွက် အရက်တစ်လုံးကို သူမဝယ်ချင်တော့ပေ။ ဝယ်ပေးလာခဲ့သည်မှာလည်း သူသိတတ်စအရွယ် ကတည်းကပင်။ ယခုဆိုလျှင် သူ့အသက် ၁၃ နှစ်ထဲ ရောက်လေပြီ။ အရက်၏ကျေးကျွန်ဖြစ်နေသော သူ့အဖေကို သူအတော်စိတ်ကုန်နေပြီ။ မေမေ စိတ်ကုန်နေသည်လည်းမပြောနှင့်။ သူတောင် တော်တော်စိတ်ကုန်နေပြီဟု လမ်းတစ်လျှောက်အတွေးနယ်ချဲ့ရင်း အောင်အောင်သည် ဝယ်နေကျအရက်ဆိုင်သို့ ရောက်လာသည်။

"ဟ အောင်အောင်။ ဒီနေ့လဲ ထုံးစံအတိုင်းပဲလားကွ"

ဝယ်နေကျဖြစ်သောကြောင့် ဦးဝဏ္ဏက ထုံးစံအတိုင်း အောင်အောင့်လက်ထဲကို ပုလင်းတစ်လုံး လှမ်းပေးလိုက်သည်။

"ဦးလေး ထုံးစံအတိုင်းပဲ မေမေ့စာရင်းထဲပဲ ပေါင်းထည့်လိုက်နော်"

"အေးပါကွာ အေးပါ"

ယခင်ကဆို နံနက်စောစော အကြွေးယူရတာ မျက်နှာပူလွန်း၍ ယခုဆို မျက်နှာပူရကောင်းမှန်းမသိတော့ပေ။ ဦးဝဏ္ဏကလည်း အကြောင်းသိနေတော့ အကြွေးပေးလေသည်။ အခြားလူများဆို မပေး။ ပေးရသည့်အကြောင်းရင်းမှာလည်း နံနက်တိုင်း ရက်ပျက်မရှိ အားပေးနေသောဖေဖေကြောင့်ဖြစ်သည်။ အရက်ပုလင်းကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လျက် အိမ်သို့ ခပ်သွက်သွက်လေး ပြန်လိုက်သည်။ နောက်ကျလျှင် အဆူခံရပေဦးမည်ဆိုသောအသိနှင့် အောင်အောင်တစ်ယောက် အလာတုန်းကကဲ့သို့ လေးလေးကန်ကန် လုပ်၍ မရတော့ပါ။ အရက်သာသောက်သည် ဖေဖေက အချိန်တိကျသည်။ အလုပ်လုပ်ချိန်မဟုတ် အရက်သောက်ချိန်ဖြစ်သည်ဟု အောင်အောင်တစ်ယောက် အိမ်အပြန်လမ်းမှာ ပြုံးစိစိနှင့်။

(၂)

"ဖေဖေ သားပြန်ရောက်ပြီနော်"

မီးဖိုချောင်ထဲတွင် ထမင်းမစားသေးဘဲ အောင်အောင်ကို အခန့်သားနှင့် ထိုင်စောင့်နေသော ဦးချက်ကြီးတစ်ယောက် သူ့ဘေးတွင်လည်း နာရီအကြီး တစ်လုံးချ၍။

"အေး . . . ရောက်လာပြီလား။ ပြန်ရောက်ရင်လဲ ဒီကိုလာခဲ့"

"ဟုတ်ကဲ့ပါဖေဖေ"

"မင်းနာရီကို ကောင်းကောင်းကြည့်တတ်တယ် မဟုတ်လား"

"ဟုတ်ကဲ့ ကြည့် ကြည့်တတ်ပါတယ်ဖေဖေ"

ထစ်အနေသောစကားလုံးများနှင့် အောင်အောင်တစ်ယောက် ဇောချွေးများပြန်နေသည်။ ယနေ့လည်း အရိုက်ခံရပေဦးမည်။ အိမ်က ထွက်သွားချိန်က နံနက် ၆ နာရီဖြစ်သည်။ ပြန်ရောက်ချိန်တွင် ၆ နာရီ မိနစ် ၄၀ ဖြစ်သည်။ အရက်ဆိုင်နှင့်အိမ်သည် အသွားအပြန် ပုံမှန်ဆို နာရီဝက်(မိနစ် ၃၀)ပဲကြာသည်။ ယခင်စံချိန်ထက် ၁၀ မိနစ်နောက်ကျလေသည်။

"အခု ဘယ်နှနာရီထိုးသွားပြီလဲ ပြော"

"၆ နာရီ မိနစ် ၄၀ ပါဖေဖေ။ သား ၁၀ မိနစ် နောက်ကျသွားပါတယ်။ နောက်ဆို ဒီလိုမဖြစ်စေရပါဘူး ဖေဖေ"

အောင်အောင်စကားမဆုံးခင်မှာဘဲ ဦးချက်ကြီးတစ်ယောက် ထမင်းဝိုင်းဘေးက အသင့်ဆောင်ထားသော ကြိမ်လုံးနှင့် အောင်အောင်ကို တဖြန်းဖြန်းနှင့် ရိုက်လိုက်သည်။ အောင်အောင်၏တင်ပါးသည် ဦးချက်ကြီး၏လေ့ကျင့်သင်ကြားပေးထားသော ကြိမ်ဒဏ်များကြောင့် အသားမာများတက်ကာ အောင်အောင်အတွက် မဖြုံနိုင်တော့ပေ။ ဦးချက်ကြီးသာ ရိုက်ရင်း ခြေကုန်လက်ပန်းကျသွားသည်။ အောင်အောင်မှာ တုတ်တုတ်မျှမလှုပ်ခဲ့ပေ။ အပြင်တွင် နာသည်ထက် အောင်အောင်၏အတွင်းစိတ်များက ပို၍နာကျင်ရပေသည်။ ဝမ်းနည်းစရာကောင်းနေသည်မှာက ဦးချက်ကြီးတစ်ယောက် သားဖြစ်သူ၏ခံစားချက်ကို မည်သည့်အခါမျှမသိခဲ့ပေ။ ထိုနေ့ည အောင်အောင်တစ်ယောက် ဒဏ်ရာများကြောင့် အလူးအလဲဖြစ်ကာ အိပ်မရခဲ့ပေ။ သို့သော် နာကျင်စွာသူပြုံးလိုက်သေးသည်။ သူ့အပြုံးကား အသက်မပါသောအပြုံးဖြစ်သည်။ သို့သော် သူအသက်ရှင်နေသရွေ့ ဖခင်ဖြစ်သူအပေါ်ကို သည်ထက်မက ပို၍ပေးဆပ်ပါဦးမည်ဟူသောအတွေးဖြင့် သူ၏မျက်ခုံးက မသိမသာလေးလုံလာကာ အောင်အောင်ကို ပျော်ရွှင်ဖွယ်ရာကောင်းသော အိပ်မက်ကမ္ဘာလေးထဲသို့ ခေါ်ဆောင်သွားတော့သည်။ ပျော်ရွှင်ခြင်းဆိုသည်မှာ အောင်အောင်အတွက် အိပ်မက်တစ်ခုသာဖြစ်လေသည်။

(၃)

နောက်တစ်နေ့ရောက်သော် အောင်အောင်တစ်ယောက် ထုံးစံအတိုင်း နောက်ကျသောအပြစ်ကြောင့် ထပ်အရိုက်ခံရပြန်သည်။

"သားရယ် မင်းအဖေရိုက်တာကို ထွက်မပြေးဘူးလား။ ကြည့်စမ်း အခုတင်ပါးတွေမှာ ကြိမ်ဒဏ်ရာတွေချည်းပဲ"

"မေမေရယ် ထွက်ပြေးတော့ရော လွတ်မှာတဲ့လား။ ဖေဖေပိုပြီးဒေါသဖြစ်သွားမှာပဲရှိလိမ့်မယ်"

ညနေစောင်းတော့ ဒေါ်အမာစိန်တစ်ယောက် ဈေးသိမ်းပြီးပြန်လာလျှင် သားဖြစ်သူ အောင်အောင်ကို ဆေးထည့်၊ ဆေးလိမ်းပေးရသည်က အလုပ်တစ်ခုကဲ့သို့ဖြစ်နေသည်။

"ကိုချက်ကြီး တော့်မှာလဲလေ တစ်နေ့နဲ့တစ်နေ့ စားလိုက်၊ အိပ်လိုက် ပြီးတော့ အဲ့အရည်တွေကို သောက်လိုက်နဲ့ ဘဝကိုဒီလိုပဲ ဖြုန်းတီးပြီး ကလေးကို ဒီလိုပဲနှိပ်စက်နေတော့မှာလား။ ကလေးကိုလဲ သနားပါအုံးရှင်။ တော် လူစိတ်မှရှိပါသေးရဲ့လား"

"တော်ပါတော့မေမေရယ်။ မေမေပြောနေဆိုနေလဲ ဖေဖေကတော့ ဘာမှသိမှာမဟုတ်ဘူး။ ဟိုမှာက မူးပြီးဟောက်တောင်နေပြီ"

ပြောပြောဆိုဆိုနှင့် ဒေါ်အမာစိန်တို့သားအမိနှစ်ဦး ထမင်းလက်ဆုံစားလိုက်ကြသည်။ ထမင်းဝိုင်းပေါ်တွင် ဟင်းကမစုံတော့ပေ။ ဘဲဥအချဉ်ဟင်းချက်နှင့်ငါးပိရည်၊ အတို့အမြုပ်သည် ဒေါ်အမာစိန် ဈေးမသွားမီ ချက်ခဲ့သောထမင်းနှင့်ဟင်းဖြစ်သည်။ ထမင်းကမလျော့။ ဟင်းမှာတော့ ငါးပိရည်နှင့်အတို့အမြုပ်သာ ကျန်တော့သည်။ ဘဲဥဟင်းကတော့ ဦးချက်ကြီး အမြည်းလုပ်စားလိုက်သည်။ ဒေါ်အမာစိန်တစ်ယောက် ဦးချက်ကြီးကို လှမ်းကြည့်လိုက်သည်။ အိပ်ရာထဲတွင် ဟောက်သံနှင့်အတူ အိပ်မောကျနေသောဦးချက်ကြီး။ ပြီးမှ ကြောင်အိမ်ထဲ၌ အသင့်ဖယ်ထားသောငါးကြော်ကို အောင်အောင်ကို ထုတ်ယူကျွေးလိုက်သည်။

"စား သားလေး မင်းအဖေအိပ်သွားပြီ"

"ဟုတ်ကဲ့ပါ မေမေ"

(၄)

နောက်တစ်နေ့ နံနက်တွင်-

"မေမေ"

ညင်သာသောစကားဖြင့် မိခင်ကို သူမျက်နှာချိုသွေးလိုက်သည်။

"ပြောလေသား"

"သားကျောင်းမတက်ချင်တော့ဘူး မေမေ။ ဈေးလိုက်ပြီးမေမေ့ကို ကူရောင်းပေးမယ်လေ"

"တိတ်စမ်းသား။ မေမေ့ကိုချစ်ရင် နောက်ဒီလိုစကားမျိုး ဘယ်တော့မှမပြောဘူးလို့ မေမေ့ကိုကတိပေး"

ဒေါ်အမာစိန်၏ ခပ်မာမာစကားကြောင့် အောင်အောင်ထိတ်လန့်သွားသည်။ ထို့ကြောင့် ဘာတစ်ခွန်းမျှဆက်မပြောတော့ဘဲ အလိုက်သင့်ခေါင်းညိတ်ပြလိုက်ရင်း ကတိတစ်လုံးကို ပေးလိုက်သည်။

"ဟုတ်ကဲ့ပါမေမေ နောက် သားမပြောတော့ပါဘူး"

ပြောပြောဆိုဆိုနှင့် ဒေါ်အမာစိန်တစ်ယောက် ဝက်သားနှင့်အာလူးရော၍ ဆီပြန်ချက်ထားသောဟင်းတစ်ခွက်ကို သက်သက်ခွဲထားလိုက်သည်။ ယောကျ်ားဖြစ်သူ၏အကြောင်း သူကောင်းကောင်းသိသည်။ ဟင်းကောင်းများဆိုလျှင် အကုန်လုံးကို ရှေ့မကြည့်၊ နောက်မကြည့်ဘဲ အရက်နှင့်မြည်းတတ်သော ဦးချက်ကြီးကို သူစိတ်ကုန်နေသော်လည်း အစားအသောက်ကြောင့် သူမပြောချင်။ ထို့ကြောင့် ညအိမ်ပြန်ရောက်လျှင် သားအမိနှစ်ဦးစားရန် ခွဲထားလိုက်သည်။ သူစားရန်ထက် အောင်အောင်လေးအတွက်ပင်ဖြစ်သည်။ ထိုအရာများသည် အတ္တတစ်ခုဖြစ်ခဲ့လျှင် အောင်အောင်အတွက် ချိုမြိန်သောအတ္တဖြစ်ပါလိမ့်မည်။

❖ ဒေါ်အမာစိန်တစ်ယောက် ဝက်သားနှင့်အာလူးရော၍ ဆီပြန်ချက်ထားသောဟင်းတစ်ခွက်ကို သက်သက်ခွဲထားလိုက်သည်။ ယောကျ်ားဖြစ်သူ၏အကြောင်း သူကောင်းကောင်းသိသည်။ ဟင်းကောင်းများဆိုလျှင် အကုန်လုံးကို ရှေ့မကြည့်၊ နောက်မကြည့်ဘဲ အရက်နှင့်မြည်းတတ်သော ဦးချက်ကြီးကို သူစိတ်ကုန်နေသော်လည်း အစားအသောက်ကြောင့် သူမပြောချင်။ ထို့ကြောင့် ညအိမ်ပြန်ရောက်လျှင် သားအမိနှစ်ဦးစားရန် ခွဲထားလိုက်သည်။ သူစားရန်ထက် အောင်အောင်လေးအတွက်ပင်ဖြစ်သည်။ ထိုအရာများသည် အတ္တတစ်ခုဖြစ်ခဲ့လျှင် အောင်အောင်အတွက် ချိုမြိန်သောအတ္တဖြစ်ပါလိမ့်မည်။ ❖

"သားရေ မင်းအဖေမနိုးသေးဘူး။ ကျောင်းသွားဖို့ အားလုံးအဆင်သင့်ဖြစ်အောင် လုပ်ထားလိုက်။ မင်းအဖေနိုးလာရင် အရက်ဝယ်ခိုင်းအုံးမှာဆိုတော့ မင်းကျောင်းနောက်ကျလိမ့်မယ်"

စာမျက်နှာ ၂၅သို့ ➤

# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၅၄၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၅၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၁၉၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၄၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မုံရွာခရိုင်မှာ ဒီနှစ် မိုးကာလ ငရုတ် ၁၁၉၆ ဧက စိုက်ပျိုးဖို့ လျာထားတာ ဒီနေ့ထိ ၁၅၄၄ဧက စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ငရုတ်စိုက်ပျိုးမှုကတော့ အခြေအနေ ကောင်းပါတယ်။ ငရုတ်ကို စီးပွားဖြစ်စိုက်ပျိုးကြဖို့ ဆောင်ရွက် ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် ယခုနှစ် ငရုတ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၇၆ ဧကနှင့် ချောင်းဦးမြို့နယ်တွင် ၁၄၆၈ ဧက စုစုပေါင်း ၁၅၄၄ ဧက ဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၇၇ ဧကနှင့် ချောင်းဦးမြို့နယ်တွင် ၁၁၁၉ ဧက စုစုပေါင်း ၁၁၉၆ ဧက ဖြစ်ကြောင်း သိရသည်။

ငရုတ်စိုက် တောင်သူများအနေဖြင့် ငရုတ်သီးနှံအထွက်နှုန်းကောင်းရန်၊ ဈေးကွက်လည်းရရှိအောင်စိုက်ပျိုးရန်၊ ပိုးမွှားကာကွယ်နှိမ်နင်းရန်၊ မြေဆီလွှာ အာဟာရဖွံ့ဖြိုးတိုးတက်ရန်အတွက် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# အင်္ဂပူမြို့နယ် ချင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်္ဂပူ နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချင်းကုန်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၁၉ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ချင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၁၄ ဒသမ ၂၅သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် သုည ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၄ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၅၀ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၉ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# အပြုံးပွင့်လန်း

- ဘဝမှာ အမုန်းမလွှမ်းဘဲ
  အပြုံးပန်းတို့ ပွင့်ပါစေ၊
  ဒေါသမာန် ပယ်ဖျက်သိမ်းမှ
  အေးငြိမ်းမယ်လေ၊
  လူသားချင်း ချစ်သဒ္ဓါဝေ
  အပြစ်အနာတွေ မတွေးဘဲ၊
  မုဒိတာ ဘဝင်နှလုံးရယ်နဲ့
  ရွှင်ပြုံးစေအမြဲ။

- လောကဓံ အခက်အခဲ
  ရင်ဆိုင်နွဲ ဖြတ်ကျော်ပါ၊
  ပျင်းစိတ်တွေ ဘယ်မထား
  ဖယ်ရှားရှောင်ခွာ၊
  အားမာန်တို့ မွေးမြူကာ
  ရှေ့ကိုသာ ခရီးဆက်၊
  ယုံကြည်ရာ ဘဝလမ်းဝယ်
  ပြုံးပန်းဆင်လျက်။

- သိဉာဏ်တွေ ရင်မှာဖက်၍
  အကြင်နာလက် ကမ်းဆင့်ကူ၊
  စာနာကွယ် လူသားတိုင်းကို
  ရိုင်းပင်းကြည်ဖြူ၊
  နှလုံးသားလေး လှစေမူ
  ဘဝတွေဟူသည် ဘေးမသန်း၊
  မေတ္တာကို လက်ကိုင်သုံးကွယ်
  အပြုံးပွင့်လန်း။ ။

**ရဲသွေးနီ(တက်ဝန်)**

# သရက်မြို့နယ် အုတ်ဖိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**သရက် နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် စမ်းအိုင့်ကျေးရွာအုပ်စု အုတ်ဖိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ အုတ်ဖိုကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အုတ်ဖိုကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၅၃၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်းငွေကျပ် ၁၆၅ သိန်းအသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာ ၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးပါက အုတ်ဖိုကျေးရွာရှိ ကျေးလက်နေပြည်သူများ ခရီးသွားလာရာတွင် အဆင်ပြေ လွယ်ကူမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမာ**

➤ စာမျက်နှာ ၂၄မှအဆက်

"ဟုတ်ကဲ့ပါ မေမေ"

အောင်အောင်အတွက် ဖေဖေသည် နာမည်ခံ သက်သက်ဖြစ်နေသော်လည်း မေမေ ဒေါ်အမာစိန်ကတော့ အောင်အောင်အတွက် လိုလေသေးမရှိ အကုန်ဖြည့်ဆည်းပေးရှာသည်။ ထိုအရာကို ဦးချက်ကြီးက သဘောမတွေ့ပေ။ သူ့အတွက် အရက်ဝယ်ရန်အတွက်ကျတော့ အကန့်အသတ်နှင့်ပေးသည်။ သားဖြစ်သူ၏ဆန္ဒကိုတော့ အကုန်ဖြည့်ပေးသည်ဟု အမြဲလိုလို စကားနိုင်ထိုးလေ့ရှိသည်။ ကြာလာတော့ အောင်အောင်တစ်ယောက် ဖခင်ဖြစ်သူဆီက မေတ္တာတရားကို လိုချင်မိသည်။ သူဘယ်လိုကြိုးစားကြိုးစား ဖခင်၏မေတ္တာတရားကို ယခုအချိန်ထိ မရဖူးသေးပေ။ ဖခင်၏မေတ္တာတရားကို ရယူနိုင်ရန်ဆိုသည်လည်း အောင်အောင်အတွက် လွယ်ကူသောအလုပ်မဟုတ်မှန်း အောင်အောင်သိခဲ့သည်။ သို့သော်လည်း တစ်နေ့နေ့ ဖေဖေ ၎င်းအပေါ်ကို ချစ်ခြင်းမေတ္တာတရားအပြည့်ပေးနိုင်လိမ့်မည်ဟူသောအတွေးဖြင့် ကျေနပ်နေခဲ့မိသည်။

"သားရေ မေမေ ဈေးရောင်းသွားပြီနော်"

ဒေါ်အမာစိန်၏စကားသံကြောင့် အောင်အောင် အပြင်ထွက်လိုက်ကာ မိခင်ဖြစ်သူကို လက်ပြနှုတ်ဆက်လိုက်သည်။ အိပ်ခန်းထဲကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ ဖခင်ဖြစ်သူမနိုးသေး။ ထို့ကြောင့် ဖခင်၏အခိုင်းကို စောင့်မနေတော့ဘဲ အလိုက်သိစွာဖြင့် ဖခင်အတွက် ပုလင်းတစ်လုံးသွားဝယ်လိုက်သည်။ ယနေ့ ယခင်နေ့များကဲ့သို့ နောက်မကျစေရတော့ဘူးဆိုသောအတွေးဖြင့် အိမ်အောက်ကစက်ဘီးကိုခွကာ မြန်သည်ထက်မြန်အောင် နင်းလိုက်သည်။

(၇)

"ဝှီး ဝှီး"

"တွီး တွီး တွီး"

လမ်းအကွေ့နားတွင် ကားဟွန်းတီးသံကြားလိုက်ရသည်။ ရုတ်တရက်ဖြစ်သောကြောင့် အောင်အောင်ဘာမျှမသိလိုက်ရတော့ပေ။ အောင်အောင်တစ်ယောက် အမှောင်ထဲမှာ လမ်းပျောက်သွားတော့သည်။

ခဏအကြာ အောင်အောင်သတိရလာသည်။ သစ်ပင်အောက်တွင်ရှိနေသော သူ၏စက်ဘီးကိုထူကာ အရက်ဆိုင်ကို မြန်သည်ထက်မြန်အောင် ဆက်နင်းလိုက်သည်။ မောမောနှင့် ဦးဝဏ္ဏအရက်ဆိုင်ကိုရောက်တော့ သူတော်တော်လေးထိတ်လန့်သွားသည်။ နားမလည်ဟန်နှင့် ခြံစည်းရိုးပေါ်တွင် ချိတ်ဆွဲထားသောစာတန်းလေးကိုအနီးကပ်၍ သူသေသေချာချာဖတ်လိုက်သည်။ "ယနေ့ဆိုင်ပိတ်ပါသည်" အောင်အောင်ပူထူသွားသည်။ အရက်မရလျှင် သူဖေဖေ ဦးချက်ကြီးနှင့် ထိပ်တိုက်ရင်ဆိုင်ရလိမ့်မည်ဆိုသောအတွေးဖြင့်။ လက်ကနာရီကိုငုံ့ကြည့်လိုက်သည်။ ၆ နာရီခွဲတော့မည်။ ၁၅ မိနစ်ရှိလေပြီ။ ကျန် ၁၅ မိနစ်ကို သူအိမ်အရောက်ပြန်ရမည်။ ထို့ကြောင့် အိမ်ကို ၁၅ မိနစ်နှင့် အရောက်နင်းလိုက်သည်။ တစ်လမ်းလုံးတွင် ဖခင်ဖြစ်သူစိတ်မဆိုးပါစေနှင့်ဆိုသောအတွေးဖြင့် အိမ်သို့ရောက်လာခဲ့သည်။ သူ၏အိမ်တွင် လူများ များပြားနေသည်ကို သူအံ့အားသင့်နေခဲ့သည်။ ဖခင်ဖြစ်သူ တစ်ခုခုဖြစ်နေမလားဆိုသောအတွေးဖြင့် စက်ဘီးပေါ်က ခပ်သွက်သွက်လေးဆင်းကာ ခြံထဲဝင်မည်လုပ်သော် လူလေးဦးက အခေါင်းထမ်းလာသည်ကို သူမြင်လိုက်ရသည်။ တန်းစီနေသောလူအုပ်ထဲတွင်လည်း ရှိုက်ကြီးတငင်ငိုနေသော သူ၏အဖေနှင့်အမေကို မြင်လိုက်ရတော့သည်။ သူသတိထားလိုက်မိသည်က သူ့အပေါက်ဝတွင်ရပ်နေသည်ကို တစ်ဦးတစ်ယောက်မျှ သူ့ကိုမမြင်သည်ကို သိလိုက်ရသည်။ ဟုတ်ပါပြီ။ ဒါဆိုသူသေသွားပြီပေါ့။ သို့သော် သူပျော်ရသည်။ အဘယ့်ကြောင့်ဆိုသော် ဖခင်ဖြစ်သူ ဦးချက်ကြီးသည် သူ့အတွက်နှင့် ရှိုက်ကြီးတငင်ငိုနေသည်ကို မြင်လိုက်ရသဖြင့် ဖခင်၏မေတ္တာတရားကို သူရလိုက်ပြီဆိုသောအတွေးဖြင့် သူအလွန့်အလွန်ကို ပျော်နေမိပါတော့သည်။ သည်တစ်ခါတော့ ဘယ်သောအခါမျှ မနိုးထနိုင်သောအိပ်မက်အဖြစ် ပျော်ရွှင်ရတော့သည်။

# ဒေါသကင်းသည့် ချမ်းသာခြင်းသို့

လင်းလက်

**မင်္ဂလာတရားတော်နှင့်အညီ**

ဘဝတွင် နေ့စဉ်လှုပ်ရှားရုန်းကန်နေကြရာ၌ အကြောင်းအရာအဖြစ်အပျက် တစ်စုံတစ်ရာနှင့် ရင်ဆိုင်ကြုံတွေ့ရချိန် စိတ်ပျော်ရွှင်ခြင်း၊ စိတ်ချမ်းမြေ့ခြင်းတို့ ကြုံတွေ့ရနိုင်သကဲ့သို့စိတ်မချမ်းမသာဖြစ်ခြင်း၊ စိတ်ဆင်းရဲခြင်း၊ စိတ်ဆိုးဒေါသထွက်ခြင်းတို့ကိုလည်း ကြုံတွေ့ရနိုင်သည်။ အကောင်း၊ အဆိုးဒွန်တွဲနေသည့် လောကတွင် မိမိစိတ်ကိုပျော်ရွှင်ချမ်းမြေ့စေမည့် ကောင်းသည့်အရာများချည်း မျှော်လင့်နေ၍ မရပေ။ မိမိစိတ်ကိုအနှောင့်အယှက်ဖြစ်စေသော ထိန်းမနိုင်သိမ်းမရ ဒေါသထွက်စေသောအဖြစ်အပျက်များကို ခဏခဏကြုံတွေ့ရတတ်သည်မှာလည်း လောကဇာတ်ဆရာ၏ မျက်လှည့်ပမာဘဝပြကွက်များဟု မှတ်ယူရမည့် လောကဓံရှစ်ပါး၏ မာယာများပင်ဖြစ်သည်။

ထိုလောကဓံကိုဒေါကန်ကာ အမှန်သို့မမြင်နိုင်ငါဆိုသည့် အတ္တစွဲဖြင့် ကြုံတွေ့ရသည့် လောကဓံလှည့်ကွက်တိုင်းကို သည်းခံခြင်းတံတိုင်းဖြင့် မကာကွယ်နိုင် ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ ရာဇဝတ်မှုများကို ကျူးလွန်တတ်ကြသည်။ လောဘ၊ ဒေါသ၊ မောဟမကင်းကြသည့် လူ့ဘောင်လောကတွင် လူအဖြစ်ရသူတိုင်း မိမိခံစားချက်ကိုထိန်းနိုင်ရန်ဆိုသည်မှာ လွယ်ကူသောအရာမဟုတ်ပေ။ လောကဓံကို သည်းခံခြင်းဖြင့်သာ အောင်မြင်နိုင်၏။ "ချစ်စကိုရှည်စေမုန်းစကိုတိုစေ" ဆိုသကဲ့သို့ အရာရာကိုသည်းခံခြင်းတည်းဟူသောစိတ်ဖြင့် ထိန်းချုပ်နိုင်မှသာ သူတစ်ဖက်သားကို ဒေါသထွက် အမုန်းပွားရန်ငြိုးထား၍ မကောင်းကြံသည့်စိတ်များ လျော့ပါးလာကာ မေတ္တာဖြင့် လွှမ်းခြုံသောအေးချမ်းသည့် ဘဝကိုရနိုင်မည်ဖြစ်သည်။

**ဖယ်ရှားသင့်သော ဒေါသစိတ်**

ပုထုဇဉ် လူသားမှန်သမျှမိမိအတွက်ဆိုသည့် အတ္တနှင့်မကင်းနိုင်ကြသည်မှာဓမ္မတာပင်ဖြစ်သည်။ မိမိအတွက်၊ မိမိချစ်ခင်နှစ်သက်သူအတွက်ဆိုသည့် အတ္တစိတ်များသည် ရယူပိုင်ဆိုင်လိုသည့် အခွင့်အရေးသို့မဟုတ် ဥစ္စာပစ္စည်းများမရရှိသည့်အခါ ဒေါသစိတ်ဖြစ်ပေါ်ကာ မလုပ်သင့်မလုပ်ထိုက်သည်များကိုပြုမူလုပ်ဆောင်တတ်ကြသည်။ ဒေါသဖြစ်သည့်အခါအမှားအမှန်ကိုမခွဲခြားနိုင်ဘဲ ဖြစ်ချင်ရာဖြစ်ဆိုသည့် စိတ်ဖြင့်လုပ်မိသဖြင့် လူအချင်းချင်းကိုပင်သတ်ဖြတ်မိသည်ထိ ဖြစ်တတ်သည်။ လူဆိုးမဟုတ်ဘဲ လူမိုက်ဖြစ်သွားရသည့် စာတွေ့၊ လက်တွေ့ သာဓကများစွာရှိသော်လည်း မိမိတို့အနေဖြင့် အမှုမဲ့အမှတ်မဲ့နေမိကာ အတ္တနှင့်ဒေါသကိုရှေ့တန်းတင်၍ ဘုရားဟောသည့်တရားသဘောနှင့် မဆန့်ကျင်သင့်ပေ။

စိတ်ကိုထိန်းချုပ်နိုင်ရန် ခက်ခဲသဖြင့် ဒေါသစိတ်မဖြစ်ရန် ထိန်းချုပ်နိုင်ရန်အလွန်ခက်သည်။ သို့ရာတွင် အကြောင်းအရာတစ်ခု အဖြစ်အပျက်တစ်ခုကြောင့် ဒေါသဖြစ်ရပါကဖြစ်ရသည့် အကြောင်းရင်းကို ပြန်လည်ဆန်းစစ်ရန်လိုအပ်သည်။ ဖြစ်ပေါ်လာသောဒေါသစိတ်ကို သည်းခံခြင်းဖြင့် အချိန်မီမတားဆီးနိုင်ပါက ဒေါသကြောင့်ဖြစ်တည်လာသည့် နောက်ဆက်တွဲလုပ်ရပ်များသည် အမှားမှားအယွင်းယွင်းနှင့် ပြန်လည်ပြင်ဆင်နိုင်ခြင်းမရှိသည့် အဖြစ်သို့ရောက်ရှိလိမ့်မည်ဖြစ်သည်။

**ဖြူစင်စိတ်ထားဟိရိဩတ္တပ္ပတရား**

ဘာသာတရားအားလုံး၏ အနှစ်ချုပ်သည် မကောင်းမှုကိုရှောင်ကြဉ်၍ ကောင်းမှု၌ မွေ့လျော်ရန်သာဖြစ်သည်။ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား"ဆိုသည့် စကားသည် လူသားအားလုံးအတွက် တန်ဖိုးမဖြတ်နိုင်သော ဆုံးမစကားပင်ဖြစ်သည်။ ဒေါသကြီးသူ ထစ်ခနဲဆို ဒေါသကအရင်ထွက်သူသည် ကိုယ်တိုင်စိတ်အေးချမ်းမှုမရနိုင်သကဲ့သို့ မိမိနှင့်ပြောဆိုဆက်ဆံသူများကိုလည်း အေးချမ်းမှုမပေးနိုင်ဘဲ ပူပင်သောကများကိုသာပေးလေ့ရှိသည်။ ဒေါသကြောင့် တဒင်္ဂဖြစ်လာရသည့် ဆုံးဖြတ်ချက်များသည်လည်း အမှားဘက်သို့သာ ဦးတည်သွားလေ့ရှိသည်။

မကောင်းမှုပြုရန် ရှက်ခြင်း၊ ကြောက်ခြင်းဆိုသည့် "ဟိရိဩတ္တပ္ပ" ကမ္ဘာစောင့်တရားနှစ်ပါးသည် ဘာသာတရားအားလုံးနှင့် လိုက်လျောညီထွေရှိ၍ လူတိုင်းကျင့်ကြံသင့်သည်။ မကောင်းမှုပြုရန် ရှက်ခြင်းကြောက်ခြင်းရှိသောသူတစ်ယောက်သည် ဒေါသအမျက်ကြောင့် မကောင်းမှုဒုစရိုက်များကို ပြုလုပ်လိမ့်မည်မဟုတ်ပေ။ ကောင်းမှုတို့ဖြင့် ထုံမွမ်းသောဖြူစင်သောစိတ်ရင်းဖြင့် ဘဝနေထိုင်ခြင်းကိုနှစ်သက်သူတိုင်းဒေါသမုန်တိုင်းကို မိမိ၏နှလုံးအိမ်အတွင်းသို့ လုပ်မိကာဒေါသာဂတိကို လိုက်စားမှန်းမသိလိုက်စားမိတတ်ကြသည်။

**သေသည်အထိဖြစ်စေသောဒေါသ**

ဒေါသသည် ရန်လိုတတ်သောသဘောရှိသည် ရုတ်ခြည်းဖြစ်ပေါ်လာသောဒေါသကိုမထိန်းနိုင်ပါက နောက်ဆက်တွဲအနေဖြင့် ရန်ငြိုးဖွဲ့အမုန်းတရားများထားရှိလာနိုင်ပြီး ကလဲ့စားချေလိုသည့် စိတ်များဖြစ်ပေါ်လာနိုင်သည်။ ဘုရားလောင်းဆဒ္ဒန်ဆင်မင်း၏ဘဝဖြစ်စဉ်တွင် အင်ကြင်းပန်းများဖြင့် ပျော်ရွှင်စေလိုသည့် မင်းဆဒ္ဒန်၏ လုပ်ရပ်ကိုအမှန်မမြင်နိုင်စဉ်းစားဆင်ခြင်နိုင်မှုမရှိ တိုက်သည့်လေကြောင့်ကျသည့်ခါချဉ်ကို တမင်ကျ စေချင်သဖြင့် လုပ်သည်ဆိုသည့် ဒေါသစိတ်ဖြစ်ပေါ်လာပြီး ဒေါသကြောင့် အမုန်းရန်ငြိုးဖွဲ့ကာ ဘုရားလောင်းမင်းဆဒ္ဒန်၏

**❖ လူ့ဘဝသည် ရေပွက်ပမာခဏတာသာဖြစ်သဖြင့် စိတ်ချမ်းသာကိုယ်ကျန်းမာ၍ ပျော်ရွှင်ချမ်းသာသောဘဝကို ရလိုသူတိုင်း ကြုံလာသမျှလောကဓံတိုင်းကို ဒေါသစိတ်ဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုကြရန်လိုအပ်သည်။ နှလုံးခုန်မြန်လာခြင်း၊ သွေးတိုးလာခြင်း၊ စိတ်မတည်မငြိမ်ဖြစ်ခြင်းစသည့် ဒေါသ၏ လက်ငင်းဆိုးကျိုးသက်ရောက်မှုများကို ခံစားရနိုင်သကဲ့သို့ အခန့်မသင့်ပါက နှလုံးသွေးရပ်ကာ သေသည်ထိ ဖြစ်တတ်သည်။ ရွှံကုန်သည်ဇာတ်တွင် ဘုရားလောင်း ရွှံကုန်သည်အပေါ် ရှေ့ခွက်ရယူသွားခြင်းအတွက် ဒေါသအမျက်ခြောင်းခြောင်းထွက်သည့် မိုက်သောရွှံကုန်သည် သည် ဒေါသစိတ်ကြောင့် သွေးပွက်ပွက်အန်၍ သေပွဲဝင်ခဲ့ရသည်ကို သတိပြုဆင်ခြင်သင့်သည်။ ❖**

သွတ်သွင်းလိမ့်မည်မဟုတ်ပေ။

**ဒေါသာဂတိသတိရှိရန်**

ဒေါသ၏ ဆန့်ကျင်ဘက်သည် မေတ္တာတရားနှင့် သည်းခံခွင့်လွှတ်ခြင်းတို့ပင်ဖြစ်သည်။ ရာထူး၊ ဂုဏ်၊ အာဏာ၊ ငွေအသပြာစသည့် အရာရာအားကြီးသည့်သူက မိမိထက်အားနည်းသူတို့အပေါ် သည်းခံခွင့်လွှတ်ကာ ဒေါသအမျက်မထွက်ဘဲပြောဆိုလုပ်ကိုင်ဆောင်ရွက်တတ်သည့် ဗလဝခန္တီရှိရန် လိုအပ်သည်။ ထိုကဲ့သို့မဟုတ်ပါက မိမိတွင်ရှိသည့်ရာထူး၊ ဂုဏ်၊ အာဏာတို့နှင့် ဒေါသပေါင်းကာ မကောင်းသည့်ဆုံးဖြတ်ချက်များဖြင့် အားနည်းသူတို့အပေါ် မတရားသည့် လုပ်ရပ်များဖြင့် ဒေါသအမျက်ကိုပြတတ်ကြသည်။

သိင်္ဂါလောဝါဒသုတ်တွင် မြတ်စွာဘုရားရှင်က သိင်္ဂါလသတို့သားကို လူ့ဘဝတွင် လူအဖြစ်ရလာပြီး လူသားဆန်စွာ လူပီသစွာနေထိုင်နိုင်ရေးအတွက် မကောင်းမှုဒုစရိုက်များကို ကျူးလွန်မှုမရှိစေရန်နှင့် အဂတိတရားလေးပါးမလိုက်စားရန် ဟောကြားခဲ့သည်။ အဂတိတရားလေးပါးတွင် ဒေါသာဂတိသည် အထူးသတိပြုဆင်ခြင်သင့်သည့်အရာပင်ဖြစ်သည်။ ခဏတာဖြစ်ပေါ်သည့် ဒေါသစိတ်လေးကြောင့် လုပ်သင့်လုပ်ထိုက်သည်ကိုမလုပ်ဘဲ တစ်ပါးသူကိုထိခိုက်နစ်နာစေသည့် ဆုံးဖြတ်ချက်များကိုချမှတ်ကာ မလုပ်သင့်မလုပ်ထိုက်သည့်အရာများကို လုပ်ကိုင်ဆောင်ရွက်ခြင်းသည် ဒေါသာဂတိကိုလိုက်စားခြင်းပင်ဖြစ်သည်။ မိမိရင်တွင်း၌ရှိသည့် အမုန်းတရားများမကျေနပ်မှုများသည် ဒေါသအဖြစ်သို့ အသွင်ပြောင်းကာမိမိသွားရမည့် မှန်ကန်သည့်လမ်းကြောင်းမှ တိမ်းစောင်းသွားသည့်အခါ မလုပ်သင့် မလုပ်ထိုက်သည်များကို အစွယ်ကိုမှ နားတောင်းလုပ်၍ ပန်ဆင်လိုသော စူဠသုဘဒ္ဒါသည်လည်း အစွယ်ရသည့်အခါမှ ဒေါသအမှားကြောင့် သောကပွားကာ သေပွဲဝင်ခဲ့ရသည့် ဖြစ်အင်ကို ဆင်ခြင်သင့်သည်။

**ရန်ငြိုးပြေတဲ့ တရား**

အစွယ်လိုသူမိဖုရားနှင့် အသွားစေခိုင်းသူ မင်းကေရာဇ်တို့၏ လက်ပါးစေဖြစ်သည့်လေးပစ်သမားဆိုးအပေါ် အဆိပ်လူးမြားဒဏ်ခံစား၍ နာကျင်ဒေါသထွက်နေရရှာသောမင်းဆဒ္ဒန်သည် မုဆိုးဝတ်သည့်သင်္ကန်းကိုမြင်သည့်ခဏ ဝေဒနာကို ခန္တီပါရမီဖြင့်သည်းခံ၍ အဖြစ်မှန်ကိုမေးမြန်းခဲ့သည်။ "ငါ့အစွယ်ကိုလိုလို့ ငါ့ကိုသတ်ရန်လာသလား ငါမသေခင်မုဆိုးအသင် စိစိညက်ညက်ကြေ၍ သေပွဲဝင်ရစေမယ်" လို့ ဒေါသမဖြစ် လေးပစ်သည့် မုဆိုးကိုပင် ကိုယ်တိုင်အစွယ်အပ်နှင်းကာ ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်လာရသည့် ခရီးပြင်းကို ခုနစ်ရက်အတွင်းရောက်စေခဲ့သည့် မင်းဆဒ္ဒန်၏ဒေါသကင်း၍ မေတ္တာစိတ်ရင်းနှင့်သည်းခံခြင်းတို့ဖြင့် ထုံမွမ်းထားသည့် နှလုံးသားအလှကို မိမိတို့အားကျ၍ ဒေါသကင်းနိုင်ရေးကြိုးစားသင့်သည်။

**ဒေါသာဂတိကြောင့် ပညာရှိပင်မှား**

ဒေါသသည် အကောင်း၊ အဆိုးအကြောင်းအကျိုးတို့ကိုဆင်ခြင်နိုင်စွမ်းကင်းမဲ့စေသကဲ့သို့ တဒင်္ဂဒေါသသည် ပညာရှိကိုပင် လူ့လောကတစ်ခုလုံးအတွက် ပူပင်သောကနှင့် ဒုက္ခပင်လယ်ဖြစ်စေသောဆုံးဖြတ်ချက်ကိုချမိစေကာ ဒေါသာဂတိကိုလိုက်စားမိစေသည်။ အင်္ဂုလိမာလဟုဆိုလိုက်လျှင် လက်ညှိုးပေါင်းတစ်ထောင်ဖြတ်သူ၊ အမိဖြစ်သူကိုပင် လက်ညှိုးဖြတ်ရန်ကြိုးပမ်းခဲ့သူ၊ အဆုံးအစွန်ဆုံးဘုရားရှင်ကိုပင် လက်ညှိုးဖြတ်ရန် ကြိုးပမ်းရဲခဲ့သူ လူပေါင်းများစွာ၏ အသက်ကိုသတ်ခဲ့သော လူသတ်သမားအဖြစ်သာ သိကြသည်။

အင်္ဂုလိမာလ၏ဘဝဖြစ်စဉ်ကို လေ့လာကြည့်ပါက ဒေါသာဂတိ၏ ဆိုးကျိုးသက်ရောက်မှုကိုသိမြင်နိုင်မည်ဖြစ်သည်။ ပသေနဒီကောသလမင်းကြီး၏ အတိုင်ပင်ခံပညာရှိ ပုရောဟိတ်နှင့် ပုဏ္ဏေးမတို့က မွေးဖွားသော အဟိံသကအမည်ရှိ လုလင်ငယ်တစ်ဦးသည် အချိန်တန်အရွယ်ရောက်၍ တက္ကသိုလ်ပြည် ဒိသာပါမောက္ခကြီးထံပညာသင်ရန် ရောက်ရှိခဲ့သည်။ အဟိံသကသည် သွက်လက်ဖျတ်လတ်ထက်မြက်သော လုလင်ငယ်တစ်ဦးဖြစ်သဖြင့် ဆရာကတော်၏ ချစ်ခင်အလေးထားမှုကိုရယူထားနိုင်သည်ကို ကျောင်းနေဖက်များကမနာလိုဖြစ်ကာ ဆရာကတော်နှင့်မရိုးမသားဖြစ်နေသည်ဟု ကုန်းချောကုန်းတိုက်ကြသည်။

ဒိသာပါမောက္ခကြီးသည် ပညာဉာဏ်ကြီးသည့် ပညာရှိဖြစ်လင့်ကစား ကုန်းချောကုန်းတိုက်သည့် တပည့်မိုက်များ၏ စကားအပေါ် ဉာဏ်ဖြင့် မစဉ်းစားမဆင်ခြင်နိုင် တဒင်္ဂဖြစ်လာသည့် ဒေါသကိုမထိန်းသိမ်းနိုင်ဘဲအဟိံသကအပေါ် အမုန်းရန်ငြိုးထားကာ ဒေါသာဂတိဖြင့် လက်ညှိုးပေါင်းတစ်ထောင်ကိုဖြတ်ခိုင်းမိခဲ့သဖြင့် အဟိံသကဆိုသည့် ပညာတတ်လူငယ်မှသည် အင်္ဂုလိမာလဆိုသည့် လူဆိုးဘဝရောက်ခဲ့ရခြင်းဖြစ်သည်။

**ချမ်းသာသုခရကြပါစေ**

လောဘနှင့် ဒေါသကိုမထိန်းနိုင်သဖြင့် သေပွဲဝင်ခဲ့ရသည့် ဖြစ်စဉ်များစွာရှိသည့်အနက် မြန်မာရာဇဝင်တွင် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သည့် နရသူမင်းအားဥပမာထား၍ ဒေါသာဂတိမလိုက်စားမိစေရန် ထိန်းသိမ်းသင့်သည်။ ဖခမည်းတော်ကိုသတ်ပြီးမှ ဘုရင်အဖြစ်ကို ရလတ်သော် နောင်တော်ကိုလည်းသတ် ရဟန်းတော်တို့ကိုလည်း လူထွက်စေခြင်းတို့ကိုကျူးလွန်ရုံမျှအားမရဘဲ မိမိအားစက်ဆုတ်ရွံရှာ၍ မချဉ်းကပ်သည့် မင်းသမီးကို ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ သန်လျက်ဖြင့် ခုတ်သတ်ခဲ့ပြန်သည်။ သမီးတော်ကိုသတ်၍ ဒေါသထွက်သည့် မင်းကြီး၏ လက်ပါးစေရှစ်ဦး နန်းတော်တွင်းဝင် ရောက်လုပ်ကြံ၍ သေရသဖြင့် ကုလားကျမင်းဟုပင် အမည်တွင်ခဲ့ရခြင်းသည် ဒေါသ၏ဆိုးကျိုးသက်ရောက်မှုများပင်ဖြစ်သည်။

လူ့ဘဝသည် ရေပွက်ပမာခဏတာသာဖြစ်သဖြင့် စိတ်ချမ်းသာကိုယ်ကျန်းမာ၍ ပျော်ရွှင်ချမ်းသာသောဘဝကိုရလိုသူတိုင်း ကြုံလာသမျှလောကဓံတိုင်းကို ဒေါသစိတ်ဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုကြရန်လိုအပ်သည်။ နှလုံးခုန်မြန်လာခြင်း၊ သွေးတိုးလာခြင်း၊ စိတ်မတည်မငြိမ်ဖြစ်ခြင်းစသည့် ဒေါသ၏ လက်ငင်းဆိုးကျိုးသက်ရောက်မှုများကို ခံစားရနိုင်သကဲ့သို့ အခန့်မသင့်ပါက နှလုံးသွေးရပ်ကာ သေသည်ထိဖြစ်တတ်သည်။ ရွှံကုန်သည်ဇာတ်တွင် ဘုရားလောင်း ရွှံကုန်သည်အပေါ် ရှေ့ခွက်ရယူသွားခြင်းအတွက် ဒေါသအမျက်ခြောင်းခြောင်းထွက်သည့် မိုက်သောရွှံကုန်သည် သည်ဒေါသစိတ်ကြောင့် သွေးပွက်ပွက်အန်၍ သေပွဲဝင်ခဲ့ရသည်ကို သတိပြုဆင်ခြင်သင့်သည်။

ဒေါသစိတ်ကြောင့် လက်ငင်းဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများနှင့် ဒေါသစိတ်ဖြင့် ပြုမူပြောဆိုလုပ်ကိုင်ဆောင်ရွက်မိသည့် ဒေါသာဂတိကြောင့်ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများကို မခံစားရစေရေးအတွက် တွေ့မြင်ခံစားရသည့် အရာတိုင်းအပေါ် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ မေတ္တာတရားထားခြင်းတို့ဖြင့် ဒေါသကင်းသည့် ပျော်ရွှင်ချမ်းသာသောဘဝများကိုပိုင်ဆိုင်နိုင်ကြစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**– ဗုဒ္ဓဟောကြားလူ့ကျင့်တရား၊**
**ဘုန်းနွယ်(ရေစကြို)**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်း ဆန်အိတ်ရေ ၈၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ၂၄ ပြည်ဝင် ပေါ်ဆန်း ဆန်အိတ်ရေ ၈၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ စက်တင်ဘာလအတွင်းက ၂၄ ပြည်ဝင်ပေါ်ဆန်း ဆန်အိတ်ရေ ၇၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်းဆန်အိတ်ရေ ၈၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရသည်။

"ရန်ကုန်ဆန်ဈေးကွက်ကို အောက်တိုဘာလအတွင်းမှာ ၂၄ ပြည်ဝင် ပေါ်ဆန်း ဆန်အိတ်ရေ ၈၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပေါ်ဆန်း ဆန်အချောတွေကို ပြည်တွင်း ရန်ကုန်ဆန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိ ဒေသထွက်လက်ကျန် ပေါ်ဆန်း ဆန်တွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်မြို့ကို ဒီကနေတင်ပို့ရောင်းချတဲ့ ဆန်အမျိုးအစားတွေကတော့ အစုံပါပဲ။ လက်ရှိ ဒေသထွက်ဆန်တွေထဲက ပေါ်ဆန်းဆန်အဝယ်လိုက်နေတာပါ။ ဆန်တွေကို ကုန်းလမ်းကြောင်းကနေ ကားနဲ့အဓိက တင်ပို့ရောင်းချနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်း ဆန်အိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၉၆၀၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဆန်များကို ကုန်တင်ကားများဖြင့် အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ဆန်များ ပိုမိုတင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ၊ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းရှင်များ အလုပ်အကိုင်များရရှိလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ် ရေတွင်းမြောင်(မြောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေတွင်းမြောင်(မြောက်) ကျေးရွာ၌ ဒုတိယအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အရင်း၊ အတိုးနှင့် စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုး၊ အရင်းငွေများကို သတ်မှတ်ကာလအတွင်း အချိန်မီပေးသွင်းစေလိုကြောင်း၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များနှင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များ အကြောင်း ပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရေတွင်းမြောင်(မြောက်)ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မင်းလှမြို့နယ် ရေတွင်းမြောင်(မြောက်) ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ ဆီထွက်သီးနှံစိုက်ပျိုးသူ အသင်းသား၊ အသင်းသူ ၃၉ ဦးကို ရန်ပုံငွေကျပ် ၃၉၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**

# ကျောက်ဆည်မြို့နယ် မိုးကြိုးကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျောက်ဆည် နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်သည့် မိုးကြိုးကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ ကျောက်ဆည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်နှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မိုးကြိုးကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မိုးကြိုးကုန်းကျေးရွာတွင် လမ်းအရှည် ၁၃၀၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၃ ဒသမ ၁ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်ဩဂုတ်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **နိုးမိုးကျော်**



# မြောင်မြို့နယ်တွင် နှံစားပြောင်းနှင့် အစေ့ထုတ်ပြောင်း ဧက ၉၅၉၀ စိုက်ပျိုးပြီးစီး

**မြောင် နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှံစားပြောင်းနှင့်အစေ့ထုတ်ပြောင်း ဧက ၉၅၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် နှံစားပြောင်းနှင့် အစေ့ထုတ်ပြောင်း ၉၆၀၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၉၅၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မြောင်မြို့နယ်မှာ နှံစားပြောင်းနဲ့အစေ့ထုတ်ပြောင်း ဧက ၉၆၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၅၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။



ယခင်နှစ်က နှံစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် နှံစားပြောင်း ၇၄၃၂ ဧက၊ အစေ့ထုတ်ပြောင်း ၂၁၅၈ ဧက စုစုပေါင်း ဧက ၉၅၉၀ တို့ဖြစ်ကြောင်းနှင့် လျာထားမှုအနေဖြင့် နှံစားပြောင်း ၇၄၄၃ ဧက၊ အစေ့ထုတ်ပြောင်း ဧက ၂၁၆၀ စုစုပေါင်း ၉၆၀၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မြဝတီမြို့နယ် ဖလူးလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မြဝတီ နိုဝင်ဘာ ၁၁**

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ဖလူးကျေးရွာအုပ်စု ဖလူးလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဖလူးလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ရေရှည်အောင်မြင်စေရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကြောင်း သိရသည်။

မြဝတီမြို့နယ် ဖလူးလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဋ္ဌမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူအသင်းသား၊ အသင်းသူ ၇၁ ဦးကို ငွေကျပ် ၄၅ ဒသမ ၉ သန်း ထုတ်ချေးထားကြောင်း မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းကပြောပြ၍ သိရသည်။

**အိုအို**

# မလှမပကြွေလွင့်သွားသည့် လှပပန်းတစ်ပွင့်

ကိုကို(မန္တလေး)



လေဘာတီမမြရင်

မန္တလေးပြန်ရောက်တိုင်း စစ်ကိုင်းတောင်ရိုး၊ မကွေးရာနဲ့ နန္ဒာပြောက်ရွာတို့ကို အမြဲရောက်စမြဲပါ။ မကွေးရာဆိုတာ မင်းကြီးရန်နောင်ရဲ့တရားကျင့်ရာဂူနဲ့ ရှမ်းညီနောင်သုံးယောက်ရဲ့မိခင်တည်ထားခဲ့တဲ့ လိုဏ်ရှည်ဘုရားတို့တည်ရှိပြီး သာမောဖွယ်ရာကောင်းတဲ့ ဒုဋ္ဌဝတီမြစ်နဲ့ ဇော်ဂျီမြစ်တို့ဆုံရာနေရာဖြစ်လို့ပါ။

သူတည်ရှိတာက ရန်ကုန်- မန္တလေးကားလမ်းဘေး စဉ့်ကိုင်ဆိုတဲ့မြို့ကနေ မကွေးရာကိုဝင်ရပါတယ်။ လမ်းလဲကောင်းပါရဲ့၊ ရွာကတော့ ဧည့်ပြုရွာလို့ခေါ်ပါတယ်။ ရွာကြီးပါ။ ဒီရွာကို သမိုင်းအရ စိတ်ဝင်စားလို့ရယ်၊ ပဋ္ဌာန်းဆက်ရယ်လို့ကြောင့်တော့ မပြောတတ်ပါဘူး။ မန္တလေး ဆယ်ခေါက်ပြန်ရင် ငါးခေါက်တော့ ရောက်ပါတယ်။ မိတ်ဆွေတွေကလဲရှိသကိုး။

အရင်အခေါက်တွေကတည်းက မကွေးရာက ရွှေရောင်တော်ဘုရားကိုရောက်ပါတယ်။ ဘုရားရှေ့မှာ မကွေးရာဒေသတစ်ဝိုက်က စုဆောင်းပြသထားတဲ့ ရှေးဟောင်းပစ္စည်းမျိုးစုံ ပြထားတဲ့ပြတိုက်ရယ်၊ ရွှေရောင်တော်ဘုရားထဲက ချောမောလှပတဲ့ အင်းဝသူတွေရဲ့ နံရံဆေးရေးပန်းချီတွေနဲ့ အစွယ်ငေါငေါ ကျွန်းတုံးဘီလူးရုပ်တွေက စိတ်ဝင်စားစရာကောင်းပါတယ်။

ပြတိုက်ထဲမှာ ရွှေစည်းခုံဘုရားကခွာပြီး သိမ်းဆည်းထားတဲ့ စဉ့်ရုပ်ကြွချပ်တွေ အထပ်လိုက်ပြထားပါတယ်။ ပြီးတော့ မင်းကြီးရန်နောင် တရားကျင့်ရာ နှစ်ထပ်ဂူကြီးထဲကရတဲ့ အင်္ဂရတ်ထိုးတဲ့လုံကွဲတွေရယ်၊ ကညင်ဆီထည့်မီးထွန်းရတဲ့ ကျောက်ခွက်ပြားတွေရယ် တွေ့ရပါတယ်။ ပြီးတော့ ရုပ်ပွားတော်မျိုးစုံကအစ မြေဆေးတံ၊ စာပါအိုးကွဲတွေရယ် မျိုးစုံပြထားပါတယ်။ ဟော. . . တော်ပါသေးရဲ့။ ပြခန်းခေါင်းရင်းခန်းမှာ မင်းကြီးရန်နောင်ရဲ့ အင်္ဂရတ်လုံကွဲတွေနဲ့အတူ ကပ်ပြထားတဲ့ မကွေးရာက ဘုရားအမှတ် (၃၀) ထဲကရတဲ့ လေဘာတီမမြရင်ရဲ့ ဘုရားပန်းထိုးညောင်ရေအိုးနှုတ်ခမ်းပဲ့လေးကို တွေ့လိုက်ရလို့ စိတ်အေးသွားပါတယ်။ မပျောက်သေးလို့ပေါ့။

ဒါပေမဲ့ အင်းဝခေတ် မင်း၊ မိဖုရား ရှစ်လက်မအရွယ် ဆွေးနေစပြုတဲ့ ရုပ်တုမောင်နှံလေးဟာ ဒီတစ်ခေါက် မတွေ့ရတော့ပါဘူး။ စာရေးသူဟာ ရွှေရောင်တော်ဘုရားကအထွက် ဒုဋ္ဌဝတီနဲ့ဇော်ဂျီမြစ်တို့ဆုံတဲ့ View Point ကိုရောက်ပြန်ရော။ နောက်ကျိနေတဲ့ ဇော်ဂျီမြစ်ရေနဲ့ မြသားအလား စိမ်းလဲ့ရည်သန်းနေတဲ့ ဒုဋ္ဌဝတီမြစ်ရေတို့ဆုံကြပေမဲ့ ရေဟာ ရောထွေးမသွားပါဘူး။ နောက်ကျိရေတွေဟာ ဒုဋ္ဌဝတီမြစ်စိမ်းမြရေအောက် ငုပ်လျှိုးဝင်သွားခဲ့ပါတယ်။

ဒီကအထွက် မောင်ရိပ်ပျိုးစမှာ “မကစေချင်ရက်သတ်လိုလက်ထပ်စို့မောင်ရယ်. . . သက်ဝေရဲ့လင်မောင်တကယ်၊ သဝန်ကြောင်တာ မြရင်အံ့တော့တယ်” ဒါနှစ် ၉၀ လောက်က လေဘာတီမမြရင်ဆိုခဲ့တဲ့ ဦးသဝန်ကြောင်သီချင်းပဲ။ သူက လွန်ခဲ့တဲ့ ၇၅ နှစ်လောက်ကတည်းက ကွယ်လွန်ခဲ့တာလေ။ အခုသူကိုယ်တိုင်ဆိုနေသလို၊ ကက်ဆက် Mp 3 ကဖွင့်နေသလို စာရေးသူလဲခွဲခြားမရပါ။ လူပြတ်နေတဲ့ရွာလမ်းလေးတွေမှာ အသံဝါဝါလွင့်လွင့်လေးနဲ့။ စာရေးသူလဲ ကားဖြည်းဖြည်းမောင်းရင်း အသံလာရာဘက်တွေ ကြည့်လိုက်ပါသေးတယ်။ စက်ဘီး၊ ဆိုင်ကယ်တချို့မှမတွေ့ရ၊ ဟော. . . အသံက ရွှေရောင်ဘုရားဘက်ရောက်သွားပြီ။ စာရေးသူလဲ ရွှေရောင်တော်ဘုရားဘက် အသံကြားရာနောက်လိုက်ပါတယ်။ မှောင်နေပြီဖြစ်လို့ အသံရှင်ကိုရှာမတွေ့။ နီးလိုက်ဝေးလိုက်နဲ့ပေါ့။

နောက် စာရေးသူနဲ့သိကျွမ်းတဲ့ ကိုဇော်တင်နဲ့ သူ့အမေ ဒေါ်သိန်းရင်ရှိရာအိမ်ကိုရောက်ပြီး အကျိုးအကြောင်းပြောပြတော့ ဒေါ်သိန်းရင်က “ဒါမီးပျက်တဲ့ညတွေမှာ မီးထွန်းဖို့ ဘက်ထရီအိုးလေးတွေ စက်ဘီးနဲ့ ရွာထဲလိုက်ပို့နေတဲ့သူ အမြဲဖွင့်သွားတဲ့ Mp 3 ထဲက လေဘာတီမမြရင် သီချင်းသံတွေပါဟယ်”လို့ဆိုတာနဲ့ ကျေနပ်လိုက်ရပါတယ်။ အစတော့ ကြက်သီးထချင်သလို ကျောချမ်းချင်သလိုပေါ့။

နေ့လယ်ပိုင်းကတော့ စိတ်မှာ ဘာရယ်မှန်းတော့ မသိဘူး။ မမြရင် ကွယ်လွန်တော့ သူ့ရုပ်ကလာပ်ကို ဂူမသွင်းနိုင်ဘဲ မြေပုံမို့မို့လေးလုပ်ပြီး မြေမြှုပ်လိုက်ရတာကို စိတ်ဝင်စားလို့ မကွေးရာသင်္ချိုင်းမြေ သွားကြည့်ပါတယ်။ အဝမှာဖြတ်သွားသူတွေကိုမေးတော့ မသိကြဘူးတဲ့။ တကယ်မသိတာပါ။ ဒါပေမဲ့ ယိုင်ထိုးယိုင်ထိုးနဲ့ မူးနေပုံပေါ်တဲ့အဘိုးကြီးကိုမေးတော့ “သိပ်သိတာပေါ့ကွာ။ ငါတို့တွေပဲ သူ့ရုပ်ကလာပ်ဖျာလိပ်နဲ့ပတ်ပြီး သင်္ချိုင်းပို့ မြေတူးမြေမြှုပ်မြေပုံမို့မို့လေး လုပ်ပေးရတဲ့အထဲ ငါပါတာပေါ့။ သူ့ဆံပင်ရှည်ကြီးကလဲ ကောင်းချက်ကွာ။ ဖျာလိပ်ထဲက လျှောထွက်ကျလာတာ ခဏခဏပြန်သွင်းသယ်ရတာကွ။ ဖျဉ်ချပ်တွေနဲ့ သူ့နာမည်လေးတောင် မရေးနိုင်ပါဘူးကွာ။ မင်းသိချင်ရင် ငါကိုယ်တိုင်လိုက်ပြမယ်”ဆိုပြီး ဧည့်ပြုရွာသင်္ချိုင်းထဲ ဝင်ချသွားပြီး အတော်လှမ်းလှမ်းလေးမှာ နေရာပြပါတယ်။ ဘာအရာမှမရှိတော့ဘူး။ အဝေရာပင်တွေပဲ ပေါက်နေတာတွေ့ရရဲ့။

မမြရင်က သာစည်နယ် ရွှေဖလားကန်ရွာကပါ။ ဆယ်ကျော်သက်အရွယ် မန္တလေးကို အငြိမ့်ခဏလာကပြီး ရွာပြန်သွားရော။ နှစ်အနည်းငယ်ကြာ နောက်တစ်ခေါက် မန္တလေးပြန်လာအက အသက် ၂၀ မှာ သူ့ရုပ်ရည်နဲ့အသံအကတို့ကို သိပ်သဘောကျပြီး ကတဲ့နေရာတိုင်းလိုက်နေတဲ့ မန္တလေးက သူဌေးကြီးဆန်ဦးဘိုးရဲ့မြေး ကျိကျိတက်ချမ်းသာကြေးရတတ်လူကုံထံ မန်းညွှန့်ဆန်စက်ပိုင်ရှင် မန်းညွှန့်ဦးမောင်ကလေးဆိုသူနဲ့ အိမ်ထောင်ကျပါတယ်။ ကိုယ်တိုင်လဲ မင်းစိုးရာဇာ မန္တလေးမြို့ပြလွှတ်တော်အမတ်၊ မြို့မအသင်းဥက္ကဋ္ဌနဲ့ ကြီးမားတဲ့ တရုတ်တန်းလမ်း ၈၀ ပေါ်က မန်းညွှန့်ဆန်စက်ပိုင်ရှင်၊ သူက မျက်နှာကြီးအသိုင်းအဝိုင်းကဆိုတော့ သဘင်သည် မမြရင်ကို ပေါ်ပေါ်တင်တင်မယူပါဘူး။ မမြရင်ကလဲ အပျိုမဟုတ်တော့ပေမဲ့ ကြွေနှုန်းတကယ်ကြီးပါတယ်။

နောက် မမြရင်ကို ရန်ကုန် ကုန်သည်လမ်းက တိုက်ခန်းမှာ တစ်နှစ်ကျော်ခေါ်ပြီး ပေါင်းကြသေးတယ်။ နောက် မန္တလေးပြန်ရောက်ပြီး အငြိမ့်ပြန်ကတော့ တစ်ခါတစ်ခါ သူကိုယ်တိုင် အငြိမ့်စင်ပေါ်လက်တွဲခေါ်တင်ပေးတတ်ပါတယ်။ အမြဲအတူမနေကြပေမဲ့ အတူနေစဉ်ကာလမှာ သူ့ယောကျ်ား ဦးမောင်ကလေး ကလပ်က အချိန်နောက်ကျမှ ပြန်လာတာကို “လာနိုးနိုးမျှော်. . . တမင်လိမ်တာတွေ မမြပ်ဘူး ဖူးပေါ်သလိုပေါ်”ဆိုတဲ့ နှစ်ပိဿာခွဲသီချင်း၊ နောက်ပြီး သူ့ယောကျ်ားနဲ့အတူတူနေလိုတဲ့ဆန္ဒနဲ့ သီချင်းရေးဆရာတွေစပ်ခိုင်းထားတဲ့ တစ်နာရီထဲ ချစ်ပါရစေသား သီချင်းကိုစင်ပေါ်မှာ မျက်ရည်ဝဲလို့ဆိုရင်း ကရှာပါတယ်။

ကပြန်တော့လဲ လူပြက်တွေနဲ့ အကျွမ်းဝင်တာကို မကြိုက်လို့ “သက်ဝေရဲ့လင်မောင် သဝန်ကြောင်တာ မမြရင်တော့လား” ဦးသဝန်ကြောင်သီချင်းရယ်၊ နောက် “မောင်ထားရာ မယ်ရင်မငြိငြင်လိုက်လျော ဆီးဖြူသီးဆန်ကောထဲလှိမ့်သလို လေဘာတီ အသနားစီရင်ခံလိုတာ”ဆိုတဲ့ ရှင်တစ်ခုပဲသိ သီချင်းတွေကို သူ့ဟာတမြတ်တနိုးဆိုပြီး ကလေ့ရှိပါတယ်။

မမြရင်ရဲ့နေဝင်ချိန်ဟာ မြန်လွန်းပြီး အကျည်းတန်လှပါတယ်။ ဒုတိယကမ္ဘာစစ်ဖြစ်တော့ ဂျပန်တွေဗုံးကြဲတော့ သူ့ယောကျ်ား ဦးမောင်ကလေးရဲ့အဘိုး ဆန်ဦးဘိုးဇာတိ ဆိုတောင်ချောင်းပေါက်ရွာမှာ ပထမခိုလှုံပြီးနောက် မြင်းဝန်တိုက်နောက်ကန်ကောက်ရွာက တစ်ဆင့် ရွှေစာရံတစ်ဖက်ကမ်း ဒုဋ္ဌဝတီမြစ်ဟိုဘက်ကမ်း အမရပူရနယ် ကင်းဗတ်ရွာကိုပြေးခဲ့ရတယ်။ သူ့ယောကျ်ား ဦးမောင်ကလေးပါမလာဘူး။ သူတို့သားအမိ ကင်းဗတ်ရွာမှာ လက်စွပ်ပျောက်မှုနဲ့ အကွက်ဆင်ခံရမှုကြောင့် ဧည့်ပြုရွာကိုရောက်လာပြီး ရပ်ဆွေရပ်မျိုး ကိုစံမြင့်နဲ့သူ့မိန်းမ ဧည့်ပြုသူတို့ လင်မယားအိမ်မှာ ခဏနေကြပါတယ်။

ဒါတွေအားလုံးကို လေဘာတီမမြရင်တို့နေခဲ့တဲ့ အဲဒီအိမ်ကလေးရဲ့ ရှေ့မျက်နှာချင်းဆိုင်က အသက် ၉၆ နှစ်လောက်ရှိတဲ့ အမေကြီးဒေါ်သိန်းရင်နဲ့ သူ့သားဇော်တင်တို့သိကြပါတယ်။ ကျွန်တော်နဲ့လဲမိတ်ဆွေပေါ့။ အမေ ဒေါ်သိန်းရင်ရဲ့အမေ ဒေါ်လှမြင့်နဲ့ သူ ၁၂ နှစ်အရွယ်က မမြရင်နဲ့ သူ့အမေ ဒေါ်ဉာဏ်ယုံတို့က တစ်အိမ်တက်ဆင်း ဝင်၊ ထွက်စားသောက်နေကြတော့ အားလုံးသိကြရတာပါ။ မမြရင်တို့ခြံကွက်လေးက ၆၀ (၃၀×၆၀)သံဆန်ကာခတ် အိမ်မရှိတော့တဲ့ မြေကွက်လေးပါ။

ဆေးဝါးမရှိ ပြုစုမဲ့သူ နတ္ထိ၊ သားအမိနှစ်ယောက်စလုံးလဲတော့ အမေကြီးဒေါ်လှမြင့်တို့သားအမိက သွားပြုစုချက်ကျွေးရဆိုပဲ။ အဲဒီအချိန်မှာ မမြရင်အငြိမ့်ကတာတစ်ည ရွှေသုံးကျပ်သားလောက်ရတာ စုဆောင်းထားတာတွေ ဘယ်ရောက်ကုန်မှန်းမသိတော့ဘူးတဲ့။ နောက်သေဆုံးသွားတော့ ဖျာလိပ်ချမြေမြှုပ်သင်္ဂြိုဟ်ရတဲ့အဆင့်ထိ ဖြစ်ကုန်ပါရော။

လေဘာတီမမြရင်ဟာ အဆိုမှာ ထိပ်ဆုံးအငြိမ့်မင်းသမီးပါ။ အကကလဲ အလွန်ညက်သတဲ့။ မန္တလေးက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်ဝင်းထဲမှာ စိန်ဗေဒါ၊ မြို့မငြိမ်းတို့နဲ့အတူ ကြေးရုပ်သွန်းလုပ်ပြီး ဂုဏ်ပြုခံရတဲ့အဆင့်ပါ။ အသံဩဇာအပြည့်အဝနဲ့ အသံဝါဝါနုနုလေး သီချင်းစာသားကို ဆွဲတိုင်းရတဲ့ အဲဒီတုန်းက သူတစ်ဦးတည်းရှိတာ။ အသံမြင့်ဆိုလဲ အသံပေါက်တယ်။ အသံဆွဲရမဲ့နေရာ နိမ့်မြင့်ခြင်းမရှိ တစ်ညီတည်းအပါဆွဲဆိုနိုင်တယ်။ ညာသံကဘယ်သံကူးရင် အကူးအဆက်က ငြိမ့်ငြိမ့်သွဲ့သွဲ့လေး။ အသံကောင်းရုံတင်မကဘူး။ အတီးနဲ့အညီ ဆိုတတ်ဖို့ သိပ်အရေးကြီးတာ။ ဒါကို မမြရင် သိပ်ပိုင်တယ်။ အသံမြှင့်အော်ဆိုရင် အသံစူးနစ်ဝင်တာမျိုးမရှိဘူး။ အသံမြည်တာကြည်တယ်လို့ တင်စားရေးရ၍ အသံဝါပြီး နုတယ်၊ ယဉ်တယ်၊ ဩဇာပါတယ်။

ဒီအသံမျိုးက ရှားတယ်။ အချောကြီးမဟုတ်ပေမဲ့ ဝီယအောင် အရုပ်မျက်နှာလေးနဲ့ ဆံပင်သူ့တစ်ရပ်ကျော်ပဲ။ သူ့လို အသံချို့စက်မလို စူးဝင်ပျောက်နှစ်မရှိတဲ့ အသံနဲ့အော်ဆိုနိုင်တာ ရှားပါတယ်။ မင်းသမီးတွေကတတ်ရင် ဒိုးနှစ်ဆင့်၊ သုံးဆင့်နော်။ ဒါပေမဲ့ မမြရင်ကျတော့ အဆစ် ၁၀ မျိုးကျော် ကောင်းကောင်းကတတ်တယ်။ အဆစ်ကျဲကျဲမှာ ကိုးခန့်ခန့်လေးလေး ထည့်ယူကတတ်လို့ အကညက်တယ်ပြောရမှာပေါ့။ ကရင် သူက နုနုယဉ်ယဉ်ဖြိုးဖြိုးလေးနဲ့ ကတာနော်။ ဪ. . . သူ့ခေတ်သူ့အခါက လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့တာလဲမဆန်းပါဘူး။

❖ လေဘာတီ မမြရင်ဟာ အဆိုမှာ ထိပ်ဆုံးအငြိမ့်မင်းသမီးပါ။ အကကလဲ အလွန်ညက်သတဲ့။ မန္တလေးက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်ဝင်းထဲမှာ စိန်ဗေဒါ၊ မြို့မငြိမ်းတို့နဲ့အတူ ကြေးရုပ်သွန်းလုပ်ပြီး ဂုဏ်ပြုခံရတဲ့အဆင့်ပါ။ အသံဩဇာအပြည့်အဝနဲ့ အသံဝါဝါနုနုလေး သီချင်းစာသားကို ဆွဲတိုင်းရတဲ့ အဲဒီတုန်းက သူတစ်ဦးတည်းရှိတာ။ အသံမြင့်ဆိုလဲ အသံပေါက်တယ်။ အသံဆွဲရမဲ့နေရာ နိမ့်မြင့်ခြင်းမရှိ တစ်ညီတည်းအပါဆွဲဆိုနိုင်တယ်။ ညာသံကဘယ်သံကူးရင် အကူးအဆက်က ငြိမ့်ငြိမ့်သွဲ့သွဲ့လေး။ ❖

မမြရင်က ဧည့်ပြုရွာမှာနေရင်း နံနက်တိုင်း ရွှေရောင်တော် ဘုရားဝင်းအတွင်းက ဘုရားအမှတ် (၃၀) ကို သပြေပန်း၊ ရွက်လှ စတာတွေခူးပြီး ညောင်ရေအိုးလေးထဲထိုး၊ ဝတ်ပြုပူဇော်ကာ ဘုရားရှေ့အုတ်နံရံကို ဒူးလေးပိုက်မှီပြီး မန္တလေးဘက် ငေးမောရင်း ဦးသဝန်ကြောင်၊ တစ်နာရီထဲ ချစ်ပါရစေသား၊ ရှင်တစ်ခုပဲသိဆိုတဲ့ သီချင်းလေးတွေဆိုညည်းရင်း မျက်ရည်တွေပါးပေါ်လိမ့်ကျနေတာကို အဲဒီတုန်းက နွားကျောင်းနေခဲ့ရတဲ့ မမြရင်မြေပုံရှိရာ လိုက်ပြတဲ့ အဘိုးကြီးက ပြန်ပြောလို့ ရင်နင့်စွာကြားသိခဲ့ရပါတယ်။

မမြရင် တက်ဖျား ကျဖျား ငှက်ဖျားနဲ့ ချမ်းတုန်ဖျား သင်္ချိုင်းတောတရား ဘာမှမမြဲတာလဲမဆန်းပါဘူး။ သေခါနီးထိ ပြုစုမဲ့သူမရှိ ဖျာလိပ်နဲ့ပတ် မြေမြှုပ်သင်္ဂြိုဟ်ရတာလဲ ရင်နင့်စရာပေမဲ့ သင်္ခါရပဲကိုး။ သံဝေဂလဲရပါရဲ့။ ကဲ စာရေးသူပြုသမျှ ကုသိုလ်အစုစုကို လေဘာတီမမြရင်ကို အမျှဝေပါတယ်။ သာဓုခေါ်နိုင်ပါစေဗျာ။

**ကိုးကား**

**(၁) ဧည့်ပြုရွာသို့သွားရောက်လေ့လာမှုမှတ်တမ်း**

**(၂) လူထုဒေါ်အမာ ပြည်သူချစ်သော အနုပညာသည်များ**

**(၃) ဘချေးလေး လေးညွှန့်၊ ဦးကြီးအေးဖေနှင့် ဂျော်ကီအုန်းမောင်တို့ စကားဝိုင်းမှ**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး
စာပေကဏ္ဍ

## မာနကြီးသော သစ်ပင်

မင်္ဂလာပါ သားသားမီးမီးတို့ရေ။ ဦးဦးဒီတစ်ပတ် ပြောပြမဲ့ ပုံပြင်လေးကတော့ "မာနကြီးသော သစ်ပင်" လို့ အမည်ရတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက တောအုပ်အတွင်းမှာ စိမ်းစို လန်းဆန်းနေတဲ့ သစ်ပင်တွေရှိသတဲ့။ သစ်ပင်တွေဟာ တစ်ပင်နဲ့တစ်ပင် အကိုင်းအခက်တွေယှက်ပြီး နေထိုင်တာပေါ့။ အဲဒီသစ်ပင်တွေဆီကို လာရောက်ခိုနားတဲ့ တိရစ္ဆာန်လေးတွေလဲ ရှိသတဲ့ကွယ်။ လာပြီးခိုနားတဲ့ ကျေးငှက်တွေနဲ့ သမင်၊ ဒရယ်၊ ဆင်၊ မျောက် စတဲ့ တိရစ္ဆာန်လေးတွေဟာ သစ်ပင်တွေရဲ့ အရိပ်အောက်မှာ နားခိုအပန်းဖြေသတဲ့။ အဲဒီလို သစ်ပင်တွေ အများကြီးထဲမှာ အကိုင်းအခက်များများ၊ အရွက်များများနဲ့ ရွှေရောင်ကုက္ကိုပင်တစ်ပင်ရှိသတဲ့။ လေတွေ ဘယ်လောက်တိုက်တိုက်၊ မိုးတွေဘယ်လောက်ရွာရွာ ရွှေရောင်ကုက္ကိုပင်နဲ့ တခြားသစ်ပင်တွေဟာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်တစ်ပင်အကိုင်းနဲ့တစ်ပင် ဖေးမကူညီပြီးနေသတဲ့။ ဒါကြောင့် ဘယ်အန္တရာယ်မှ ဒုက္ခမပေးနိုင်ဘူးပေါ့ကွယ်။ တစ်နေ့မှာတော့ သစ်ပင်တွေဆီကို လာရောက်အနားယူခိုလှုံတဲ့ တိရစ္ဆာန်လေးတွေဟာ ရွှေရောင်ကုက္ကိုပင်ကို ချီးကျူးစကားဆိုသတဲ့။

"သမင်လေးရေ ဒီသစ်ပင်တွေထဲမှာ ရွှေရောင်ကုက္ကိုပင်ဟာ အကိုင်းအခက်များသလို ခွန်အားလဲကြီးတယ်။ သူရှိလို့ပဲ ငါတို့အေးဆေးနေရတာ။ ငါတော့ ရွှေရောင်ကုက္ကိုပင်လို ဖြစ်ချင်လိုက်တာကွာ"လို့ ယုန်ကလေးက ပြောသတဲ့။ အဲဒီအခါ သမင်လေးက-

"ကိုရွှေယုန်ရေ မင်းပြောတာ ဟုတ်တယ်ကွ။ ဒီ ရွှေရောင်ကုက္ကိုပင်ကြောင့်ပဲ လေတိုက်တဲ့အခါ၊ မိုးရွာတဲ့အခါ တခြားသစ်ပင်တွေ ဘာမှမဖြစ်ဘဲ နေနိုင်ကြတာကွ"လို့ သမင်လေးကပြောသတဲ့။

သမင်လေးနဲ့ ကိုရွှေယုန်ပြောတဲ့စကားကို ရွှေရောင်ကုက္ကိုပင်နဲ့ တခြားသစ်ပင်တွေလဲ ကြားသတဲ့ကွယ်။ ဒါကြောင့် ရွှေရောင်ကုက္ကိုပင်ဟာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး တခြားသစ်ပင်တွေကို စကားစပြောလိုက်သတဲ့။

"ဟေ့ သစ်ပင်အပေါင်းတို့ မင်းတို့ကြားတယ်နော်။ ငါဒီမှာရှိလို့ မင်းတို့ဆီကို တိရစ္ဆာန်လေးတွေ လာ



ရောက်နားခိုကြတာနော်။ ငါရှိလို့ မင်းတို့ လေတိုက်တိုက်၊ မိုးရွာရွာ ဘာမှမဖြစ်တာနော်"လို့ အသံမာမာနဲ့ ကိုယ့်ကိုယ်ကိုယ် ကြွားပြောသတဲ့ကွယ်။ အဲဒီအချိန် တခြားသစ်ပင်က-

"ရွှေရောင်ကုက္ကိုပင်ရယ် မင်းအဲဒီလိုမပြောပါနဲ့ကွာ။ ငါတို့ညီအစ်ကို မောင်နှမတွေဟာ စည်းစည်းလုံးလုံးနဲ့နေကြလို့ ဘယ်အန္တရာယ်မှ မကျရောက်တာ။ ငါတို့သွေးကွဲရင် အန္တရာယ်တွေနဲ့ ကြုံနိုင်တယ်ကွဲ့"လို့ တခြားသစ်ပင်က ရွှေရောင်ကုက္ကိုပင်ကို ပြောလိုက်သတဲ့။ အဲဒီအချိန် ရွှေရောင်ကုက္ကိုပင်က-

"ဟား ဟား ဟား"လို့ အားရပါးရ ရယ်မောလိုက်ပြီး-

"အေး ငါမရှိမှ ငါ့တန်ဖိုးကို မင်းတို့ ကောင်းကောင်းသိရမယ်"လို့ မာန်တက်ပြီး ပြောလိုက်သတဲ့။ ဘေးပတ်ဝန်းကျင်မှာလဲ လေနတ်သား၊ မိုးနတ်သား၊ မြေနတ်သားတို့ဟာ ရွှေရောင်ကုက္ကိုပင်နဲ့ တခြားသစ်ပင်တွေ ပြောနေတဲ့စကားတွေကို အကုန်ကြားသတဲ့ကွယ်။ တစ်နေ့မှာတော့ မြေနတ်သားက ငလျင်လှုပ်ပေးသတဲ့ကွယ်။ အဲဒီအချိန် ရွှေရောင်ကုက္ကိုပင်ဟာ ညီအစ်ကိုမောင်နှမတွေနဲ့ဝေးရာကို တရွေ့ရွေ့ရောက်သွားတယ်ကွယ်။ ရွှေရောင်ကုက္ကိုပင်ဟာ တစ်ပင်တည်းဖြစ်နေပြီး အခြားတိရစ္ဆာန်လေးကလဲ ရွှေရောင်ကုက္ကိုပင်ဆီမှာ လာရောက်ခိုနားပျော်ပါးနေတာပေါ့။ ရွှေရောင်ကုက္ကိုပင်လဲ တိရစ္ဆာန်လေးတွေရဲ့ ချီးကျူးတာမှာသာယာပြီး ညီအစ်ကို မောင်နှမသစ်ပင်တွေကို မေ့နေတာပေါ့ကွယ်။

တစ်နေ့မှာတော့ လေနတ်သားက လေတွေကို ပြင်းပြင်းထန်ထန်တိုက်သတဲ့။ ရွှေရောင်ကုက္ကိုပင်ဟာ တစ်ပင်တည်းရှိတော့ အကိုင်းအခက်အရွက်တွေ ကျိုးကျပျက်စီးကုန်သတဲ့။ လေတိုက်လို့မပြီးသေး မိုးနတ်သားက မိုးရေတွေ အများကြီးရွာချပေးသတဲ့။ လေကောမိုးကော ရွာလဲရွာ၊ တိုက်လဲတိုက်တဲ့အခါ ရွှေရောင်ကုက္ကိုပင်ဟာ ခွန်အားဘယ်လောက်ကောင်းကောင်း လေဒဏ်မိုးဒဏ်ကို မခံနိုင်ဘူးကွယ်။ ဒါ့ပြင် အနားမှာ ဖေးမကူမဲ့ ညီအစ်ကိုမောင်နှမသစ်ပင်တွေ မရှိတော့ မှီခိုစရာမရှိတော့ဘဲ မြေပြင်ပေါ်ကို လဲကျပြီး သေဆုံးသွားသတဲ့ကွယ်။ ပုံပြင်လေးကတော့ ဒါပါပဲ သားသားမီးမီးတို့ရေ။

လောကမှာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီးနေတာ၊ မာနကြီးပြီးနေတာမျိုးမလုပ်သင့်ဘူး။ လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ တစ်စုတစ်စည်းတည်း နေကြရမယ်နော်။ ခွဲပြီးမနေသင့်ဘူးပေါ့ကွယ်။ ခွဲနေရင် ဘေးအန္တရာယ်အခက်အခဲတွေနဲ့ကြုံလာတိုင်း ရင်ဆိုင်ဖို့မလွယ်ဘူး။ အသက်ဆုံးရှုံးရတဲ့ထိ ဖြစ်ရတတ်တယ်။

ကလေးတို့လဲ "မာနကြီးသော သစ်ပင်" ပုံပြင်ထဲကလို ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတာကြောင့် ဒုက္ခရောက်သေဆုံးသွားတဲ့ ရွှေရောင်ကုက္ကိုပင်ကို နမူနာယူပြီး ဘယ်တော့မှ မာန်မာနမထားဘဲ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးတွေနဲ့ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနေပြီး တိုင်းပြည်ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်ကွယ်။

**မောင်ပုည(ဟသ်ာတမြေ)**

## ကောက်ညှင်းကျည်တောက်

- တင်းဝါးအတွင်း ကောက်ညှင်းဆန်
  ရေထည့်မီးဖုတ်ပြန်၊
  အရသာအမှန် ကောင်းမွန်လှ
  ကောက်ညှင်းကျည်တောက်ဗျ။
- မြန်မာ့ရိုးရာ စားစရာ
  နယ်တိုင်းပြုလုပ်ကာ၊
  နတ်သုဓာလေး ကြူကြူမွှေး
  ဆီဆားတို့ကာလွေး။
  လူတိုင်းကြိုက်တယ်လေး။ ။

**ရွှေတိုး(ထုံးဘို)**



## လက်ချောင်းကလေးတွေ

- လက်မကလေး ဝတုတ်တုတ်
  ဒေါက်တိုဟန်ပန်ထုတ်။
- ရန်ပိုရုပ်မှာ ဒေါသကြွယ်
  လက်ညှိုးညွှန်ကာရယ်။
- လက်ခလယ်ဟာ သူ့ထက်ကဲ
  ကလန်ကလားပဲ။
- လက်စွပ်မြဲတဲ့ လက်သူကြွယ်
  ရွှေပြည်စိုးလေးကွယ်။
- လက်သန်းလေးရယ် လပိန်တန်လေး
  အဲဒါညီပုလေး။
- စုစုဝေးဝေး ညီညီညာ
  ကျိုးပြုကိုယ်ခန္ဓာ။
- နေရာအလိုက် အသုံးကျ
  လက်ချောင်းလေးတွေလှ။
  ကြည့်ပါရှုမဝ။ ။

**ပြေအေးသက်**



# ယခုနှစ် အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်တန်ဖိုးရှိ ရော်ဘာတန်ချိန် ၈၂၀၀ ကျော် တင်ပို့ရောင်းချခဲ့



**နေပြည်တော် နိုဝင်ဘာ ၁၁**

ယခုနှစ် အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်တန်ဖိုးရှိ ရော်ဘာတန်ချိန် ၈၂၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ရော်ဘာများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက လစဉ် တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုသို့တင်ပို့ရောင်းချရာတွင် ပြီးခဲ့သည့်အောက်တိုဘာလက ပင်လယ်ရေကြောင်းကုန်သွယ်ရေး လမ်းကြောင်းက အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၈၁ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၅၂၉၀ နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၅၅ သန်းတန်ဖိုးရှိ ရော်ဘာ ၂၉၇၈ တန် စုစုပေါင်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၃၆ သန်းတန်ဖိုးရှိ ရော်ဘာ ၈၂၆၈ တန် တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့ရောင်းချပေးရာတွင် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၄၁၃၀၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာတန်ချိန် ၇၀၀၊ မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၆၀ နှင့်ကိုရီးယားနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၀ စုစုပေါင်းရော်ဘာတန်ချိန် ၅၂၉၀ တင်ပို့ရောင်းချပေးခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကလည်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၅၅ သန်းတန်ဖိုးရှိ ရော်ဘာ ၂၉၇၈ တန်ကိုလည်း တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြန်မာ့ရော်ဘာဈေးကွက်တွင် နိုဝင်ဘာ ၉ ရက်က RSS-1 ရော်ဘာတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၅၀၀၊ RSS - 2 ရော်ဘာတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၅၀၊ RSS-3 ရော်ဘာတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၀၀၊ RSS-4 ရော်ဘာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၅၀၊ RSS- 5 ရော်ဘာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၀၀ ပေါက်ဈေးရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

# မော်လမြိုင်ကျွန်းမြို့နယ် ငါးတန်တစ်ရာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရေတွင်းကုန်းကျေးရွာအုပ်စု ငါးတန်တစ်ရာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လပွတ္တာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုး၊ မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ငါးတန်တစ်ရာကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ကွန်ကရစ်လမ်းကို ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ငါးတန်တစ်ရာကျေးရွာ၌ ကျေးရွာတွင်း လမ်းအရှည်ပေ ၁၆၂၀၊ အကျယ် လေးပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ငါးသန်း စုစုပေါင်းငွေကျပ်သန်း ၂၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ငါးတန်တစ်ရာကျေးရွာရှိ အိမ်ထောင်စု ၁၈၃ စု၊ လူ ၇၃၁ ဦး၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အခြားလူမှုရေးကိစ္စရပ်များအတွက် လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**တေဇလင်း**







ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

ရတနာပုံခန်းမ





ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - ၇၈ လမ်းနှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။
ဖုန်း-၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊ ၀၉ ၆၇၈၉၉၉၉၀၁၊ ၀၉ ၆၇၈၉၉၉၉၀၂

ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ပြည့်စွမ်းထား ...






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၀၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

မဟာအောင်မြေမြို့နယ်၊ အမက-၃၅ တွင် ဒု-မူပြတာဝန်ထမ်းဆောင်နေသော ဒေါ်စိုးစိုးလွင် (၉/ခမစ(နိုင်)၀၀၁၀၅၈)၏ဖခင် ဦးမောင်လုံး(ITBN-001173)နှင့် ဦးတင့်လွင် သည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဒေါ်စိုးစိုးလွင် ၏မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ် (က)အရ ၁-၅-၁၉၇၅ ဖြစ်ပါကြောင်း။

**ဦးမောင်လုံး(ခ)ဦးတင့်လွင်(ITBN-001173)၊(၁-၅-၁၉၇၅)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း


မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာ (တောင်)ရပ်ကွက်နေ ဒေါ်ခင်လှရီ ၏သမီးဖြစ်သူ **မသီဂီဝင်း (၉/မဟမ(နိုင်)၀၀၂၂၀၈)** သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မသီဂီဝင်းနှင့် ပတ်သက်သည့် ငွေရေးကြေးရေး၊ လူမှုရေးကိစ္စရပ်များကို လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်ခင်လှရီ (၉/မရမ(နိုင်)၀၇၈၄၁၂)**

**ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှုလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



**ရန်သူမီးဘေး တားဆီးရေး မနှေး ဆောင်ရွက်ကြ**

**စာပေမြင့်မှ လူမျိုးတင့်မည်**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ရေအရင်းအမြစ် ရှားပါးလျော့နည်းလာခြင်းသည် သဘာဝပတ်ဝန်းကျင် ဆုံးရှုံးပျက်စီးမှုများနှင့် ရာသီဥတုပြောင်းလဲမှုကို အခြေခံခြင်းဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်၊ တောတောင်ရေမြေများ စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောသစ်ပင်များ ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးထိခိုက်မှုမရှိအောင် ရေရှည်ကာကွယ်ထိန်းသိမ်းရေးတို့ကို ထည့်သွင်းစဉ်းစားလုပ်ဆောင်ကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၄ ရက်တွင် ပြုလုပ်သော အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (၁/၂၀၂၃) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**(၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေး စာမေးပွဲကျင်းပမည်** စာမျက်နှာ - ၂၂

**၂၀၂၃ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်** စာမျက်နှာ - ၂၂

**ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးတွင် စားသောက်ကုန်နှင့် လူသုံးကုန် ၇၂၂ ခုကို ဓာတ်ခွဲစမ်းသပ်ပြီး ထုတ်လုပ်ခွင့်ပြုထား** စာမျက်နှာ - ၂

### ထူးခြားသည့် ညအပူချိန်များ
(၁၁-၁၁-၂၀၂၃)

**ဟားခါး**
၄ ဒီဂရီစင်တီဂရိတ်
**တီးတိန်**
၈ ဒီဂရီစင်တီဂရိတ်
**မိုင်းယန်း**
၈ ဒီဂရီစင်တီဂရိတ်
**ပြင်ဦးလွင်**
၁၀ ဒီဂရီစင်တီဂရိတ်

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများကို ထောက်ခံပွဲကျင်းပ




မန္တလေးမြို့၌ ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကို ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်အချို့တွင် အောက်တိုဘာ ၂၇ ရက်မှစ၍ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စာမျက်နှာ ၁၈ ကော်လံ ၁☆

